# မြန်မာ့အလင်း

MYANMA ALINN SUNDAY ISSUE

■ အတွဲ [၁၄]
အမှတ် [၃၂၉]

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့် [30-8-2015]


**ထစ်ချုန်း မိုးရွာမည်**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့ နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

ဒါနဥ္စ ဓတံမင်္ဂလ မုတ္တမံ

စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။

# ဘေးအန္တရာယ်ဖြစ်ချိန်မှ ချက်ချင်းစီမံဆောင်ရွက်ခြင်းထက် ကြိုတင်ပြင်ဆင်ခြင်းသည်သာ အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်



ရန်ကုန် ဩဂုတ် ၂၉

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး သဘာဝဥယျာဉ်သို့ရောက်ရှိပြီး ကန်တော်ကြီးရေပြင်၌ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ လက်တွေ့သရုပ်ပြသမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီမှ တာဝန်ရှိသူများအား သဘာဝဘေးအန္တရာယ်များကြုံတွေ့ခဲ့ပါက ဘေးသင့်ဒေသရှိ ပြည်သူများကို ဘေးကင်းလုံခြုံသည့်နေရာသို့ရွှေ့ပြောင်းခြင်း၊ ရှာဖွေကယ်ဆယ်ခြင်းနှင့် အရေးပေါ်ပစ္စည်းများထောက်ပံ့ပေးခြင်းများကို အလျင်အမြန်တုံ့ပြန်ဆောင်ရွက်ရ စာမျက်နှာ ၃ ကော်လံ ၁ ❇

**တနင်္ဂနွေ ဖတ်စရာများ**


အပြာရောင်ကမ္ဘာမြေရဲ့ရာဇဝင်
ပြည်သူတို့ရင်ထဲဝယ် ထာဝရရှင်သန်နေတဲ့ ဂေဟာ သို့မဟုတ် ဗိုလ်ချုပ်အောင်ဆန်း ပြတိုက် စာ - ၁၅

ခရီးသွားဆောင်းပါး
အေးမြလန်းဆန်းမှု အပြည့်အဝပေးမည့် ပေလီကမ်းခြေ စာ - ၁၆

မြန်မာ့ရိုးရာအားကစား
ရိုးရာလက်ဝှေ့နယ်ပယ် အတွင်း စတင်ခြေချလာသည့် ဟံသာဝတီသား ကလပ် စာ - ၁၈


# ရမည်းသင်းမြို့နယ်ရှိ သစ်ဆုံ-ကတင်ဆက်သွယ်မြောင်း ပြန်လည်တူးဖော်

ရမည်းသင်း ဩဂုတ် ၂၉

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ မြို့နယ်ဆည်မြောင်းဦးစီးဌာနက သစ်ဆုံ-ကတင် ဆက်သွယ်မြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို မြေတူးစက်နှင့် မြေထိုးစက်ကြီးများ အသုံးပြု၍ဆောင်ရွက်လျက်ရှိသည်။

ယင်းသစ်ဆုံ-ကတင်ဆက်သွယ်မြောင်းမှာ နှစ်ကာလကြာမြင့်၍ မြောင်းအတွင်း သဲနုန်းပို့ချမှုများကာ တိမ်ကောလျက်ရှိပြီး တူးမြောင်းပုံစံမကျခြင်း၊ တူးမြောင်းရေရှည်တည်တံ့ခိုင်မြဲမှုမရှိနိုင်သည့်အတွက် ယခုအခါ သစ်ဆုံ-ကတင်ဆက်သွယ်မြောင်းကို မြောင်း အရှည်ပေ ၁၂၀၀၀၊ အောက်ခြေအကျယ် ၁၅ ပေ၊ အမြင့်ရှစ်ပေ၊ မြောင်းထိပ်ဝအကျယ် ၃၁ ပေ၊ မြောင်းပေါင်နှစ်ဖက်ထိပ်ဝအကျယ် ၁၂ ပေ အတိုင်းအတာဖြင့် မြောင်းပုံစံကျပြန်လည်တူးဖော်ခြင်း၊ စာမျက်နှာ ၁၄ ကော်လံ ၁ ❖






## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ဥပဒေနှင့်ဖွံ့ဖြိုးတိုးတက်ရေး

မြန်မာနိုင်ငံတွင် အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေးဟူ၍ အဓိကမဏ္ဍိုင်ကြီး သုံးရပ်ရှိရာ လွှတ်တော်များသည် ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်ပါသည်။ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်ဟူ၍ လွှတ်တော်သုံးရပ်ရှိရာ ဥပဒေပြုရေးကိစ္စများတွင် အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်လျက်ရှိပါသည်။ လိုအပ်သော ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အတည်ပြုခြင်းတို့ကို ဆောင်ရွက်ပါသည်။

ဒီမိုကရေစီစနစ်တွင် လွှတ်တော်များသည် လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းပေးသည့်အပြင် လူထုနှင့်အစိုးရကြား ပေါင်းကူးတံတားသဖွယ် ဖြစ်ပါသည်။ ပြည်သူတို့လိုက်နာရန် လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းပေးသည်။ ထို့အပြင် ပြည်သူလူထု၏ သိလိုသော၊ ဖြစ်လိုသော၊ လိုအပ်သော အရေးအရာ ကိစ္စမှန်သမျှကို အစိုးရက လွှတ်တော်များမှတစ်ဆင့် တင်ပြနိုင်သည်။ တောင်းဆိုမှုပြုလုပ်နိုင်သည်။ မေးမြန်းသိခွင့်ရှိသည်။ ထို့ကြောင့်လည်း ပြည်သူလူထု၏ဆန္ဒ လွှတ်တော်ကဆောင်ရွက်ဟု ဆိုခြင်းပင်ဖြစ်ပါသည်။

လက်ရှိအစိုးရသက်တမ်းကာလအတွင်း လွှတ်တော်များ၌ လိုအပ်သော ဥပဒေများကို အတည်ပြုပေးနိုင်ခဲ့သည့်အပြင် ပြည်သူလူထုအတွက် လက်တွေ့အကျိုးဖြစ်ထွန်းမည့် ကိစ္စများကို ဆွေးနွေးနိုင်ခဲ့၍ များစွာအကျိုးသက်ရောက်မှုများ ရှိခဲ့ပါသည်။ ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို (၈၉) ကြိမ်အထိ ကျင်းပခဲ့ပါသည်။ ဤသို့ကျင်းပစဉ် ကြယ်ပွင့်ပြနှင့် ကြယ်ပွင့်မပြ မေးခွန်းပေါင်း ၁၇၉၃ ခုအနက် ၁၆၆၆ ခု ဖြေကြားနိုင်ခဲ့သည့်အပြင် အဆို ၂၅ ခုနှင့် အရေးကြီးအဆိုတစ်ခု တင်သွင်းနိုင်ခဲ့ပါသည်။ အလားတူ ဥပဒေကြမ်း ၉၆ ခုအနက် ဥပဒေပေါင်း ၈၀ ကိုဆွေးနွေးခဲ့ပြီး ကျန် ၁၆ ခုမှာ လွှတ်တော်အတွင်း ဆွေးနွေးလျက်ရှိကြောင်း သိရပါသည်။

ဤသို့ လိုအပ်သော ဥပဒေများ အတည်ပြုပြဋ္ဌာန်းနိုင်ခြင်းကပင်လျှင် ဖွံ့ဖြိုးတိုးတက်မှုများနှင့် ဆက်စပ်လျက်ရှိပါသည်။ အချို့အချို့သော လုပ်ငန်းများမှာ ဥပဒေအရ အကာအကွယ် မပေးနိုင်သည့်အတွက် လုပ်ငန်းများဆောင်ရွက်ရန် တွန့်ဆုတ်နေကြပါသည်။ ယခုကဲ့သို့ ဥပဒေများ အတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့ခြင်းကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စွာ ဆောင်ရွက်လာနိုင်တော့မည် ဖြစ်ပါသည်။

တစ်ချိန်တည်းမှာပင် ပြဋ္ဌာန်းထားသော ဥပဒေများကို သိရှိပြီး လိုက်နာအကောင်အထည်ဖော်ရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ ဆောင်ရွက်လာနိုင်သည်နှင့်အမျှ လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ဥပဒေဟူသည် တားမြစ်ချက်တစ်ရပ် ဖြစ်ပါသည်။ မမှန်ကန်သော လုပ်ရပ်ဟူသမျှကို ဥပဒေအရတားမြစ်ပါသည်။ မှန်ကန်သောအလုပ်အကိုင် ဆောင်ရွက်မှု ဟူသမျှကို ဥပဒေက တံခါးဖွင့်ပေးပါသည်။ ထို့ကြောင့် ဥပဒေသည် တည့်မတ်မှန်ကန်ရေး မဏ္ဍိုင်ပင်ဖြစ်ပါသည်။ သို့ဖြစ်၍ စီးပွားရေး၊ လူမှုရေးတို့နှင့် သက်ဆိုင်သော ဥပဒေသစ်များ အတည်ပြု ပြဋ္ဌာန်းလာနိုင်သည်နှင့်အမျှ လုပ်သာကိုင်သာရှိသော စီးပွားရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

“ မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းများယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ ”

# သက်န်းညီနောင် - ကော့ကရိတ်လမ်းပိုင်း မကြာမီဖွင့်လှစ်မည်

**နေပြည်တော် သြဂုတ် ၂၉**

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံလမ်းမကြီး၏ လမ်းပိုင်းတစ်ခုဖြစ်ပြီး အာရှအာဆီယံလမ်းမကြီးပေါ်၌ ပါဝင်သည့် သင်္ကန်းညီနောင်-ကော့ကရိတ် လမ်းသစ်ကို မကြာမီရက်ပိုင်းအတွင်း ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။



အဆိုပါလမ်းပိုင်းမှာ ၁၆ မိုင်ခြောက်ဖာလုံ အရှည်ရှိပြီး ၂၀၁၂ ခုနှစ်မှ စတင်ကာ ထိုင်းနိုင်ငံ၏ အကူအညီဖြင့် ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

“ဒီလမ်းဖောက်လုပ်ပြီးစီးခဲ့တဲ့အတွက် သင်္ကန်းညီနောင်နဲ့ ကော့ကရိတ်ကို ၄၅ မိနစ်နဲ့ သွားလို့ရပါပြီ။ အခုသွားနေတဲ့လမ်းဟောင်းက သုံးနာရီလောက်သွားရတယ်။ လက်ရှိလမ်းက အတက်တစ်ရက် အဆင်းတစ်ရက် အသုံးပြုရတဲ့ အပြင် လမ်းကျဉ်းတဲ့အတွက် သွားရလာရတာ ခက်ခဲပါတယ်”ဟု လမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ကျော်က ပြောသည်။

ယခုဖွင့်လှစ်မည့် သင်္ကန်းညီနောင်-ကော့ကရိတ်လမ်းမကြီးသည် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံဆက်သွယ်မည့် လမ်းမကြီး၏ အစိတ်ပိုင်းဖြစ်ပြီး အာရှလမ်းမကြီးနှင့် မဟာမဲခေါင်ဒေသ အရှေ့၊ အနောက် စီးပွားရေး စင်္ကြံလမ်းမကြီး၏ အစိတ်ပိုင်းလည်းဖြစ်သည်။ ယခု လမ်းပိုင်းသစ် ဖွင့်လှစ်နိုင်ခြင်းကြောင့် မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံတို့အကြား ကုန်သွယ်မှုများစွာ ဖွံ့ဖြိုးတိုးတက်လာစေမည့်အပြင် မဟာမဲခေါင်ဒေသအတွင်းရှိ နိုင်ငံများသာမက အာရှနိုင်ငံများနှင့်ပါ ဆက်သွယ်မှု ပိုမိုကောင်းမွန်လာစေမည့် အရေးပါသော လမ်းဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံ အစိုးရအနေဖြင့် မြဝတီနှင့်မဲဆောက်ကို ဆက်သွယ်သည့် ချစ်ကြည်ရေးတံတားကို အခိုင်အမာပြင်ဆင်ပေးခြင်း၊ မြဝတီ-သင်္ကန်းညီနောင်လမ်းပိုင်းကို အဆင့်မြှင့်တင်ပေးခြင်းနှင့် သင်္ကန်းညီနောင်-ကော့ကရိတ်လမ်းပိုင်းအသစ် ဖောက်လုပ်ပေးခြင်းတို့ကို ထိုင်းဘတ်ငွေ ၁၁၆ သန်း အကုန် အကျခံ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

“သင်္ကန်းညီနောင်-ကော့ကရိတ်လမ်းအပိုင်း ဖွင့်လှစ်ပြီးလို့ ထိုင်းနိုင်ငံက ကျွန်တော်တို့ကို လွှဲပြောင်းပေးတာနဲ့ ကျွန်တော်တို့နိုင်ငံက ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ လက်ရှိချစ်ကြည်ရေးတံတားကတော့ ပြုပြင်ထားတယ်ဆိုပေမယ့် ကုန်စည်သယ်ဆောင်မယ့် ကုန်ကားကြီးတွေရဲ့ဝန်ကို ခံနိုင်တဲ့အပိုင်းမှာ အားနည်းတဲ့အတွက် လက်ရှိတံတားရဲ့အကွာအဝေး သုံးမိုင်လောက်မှာ နောက်ထပ်တံတားတစ်စင်း တည်ဆောက်ဖို့ ဒီလမ်းဖွင့်ပွဲနေ့မှာပဲ ပန္နက်ရိုက်မှာပါ။ အခုလမ်းပိုင်းက အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ လမ်းဖြစ်တဲ့အတွက် ထိုင်းနိုင်ငံဘက်က သူတို့နဲ့ နီးတဲ့အပိုင်းတွေကို ဆောင်ရွက်ပေးသလို အိန္ဒိယဘက်ကလည်း သူတို့နဲ့နီးတဲ့အပိုင်းတွေကို ဆောင်ရွက်နေပါတယ်”ဟု ဦးခင်မောင်ကျော်က ပြောသည်။ **မျိုးမြင့်၊ ကျော်သူထက်**

# အရှေ့တောင်အာရှသဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ ဓာတ်ငွေ့များ ပုံမှန်တင်ပို့ရောင်းချလျက်ရှိ

**နေပြည်တော် သြဂုတ် ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ်အကြား ကျောက်မဲမြို့နှင့် ခြောက်မိုင်အကွာ ချောင်းခြောက်ရွာအနီးမှ ဖြတ်သန်းသွားပြီး မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိသော သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ သြဂုတ် ၂၇ ရက် ည ၁၁ နာရီက ဓာတ်ငွေ့ယိုစိမ့်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

သက်ဆိုင်ရာဒေသနှင့် ပိုက်လိုင်းစီမံကိန်း တာဝန်ရှိသူများက အခင်းဖြစ်ပွားသည့် ကျောက်မဲ-လားရှိုးကားလမ်း မိုင်တိုင်အမှတ် (၁၁၅/၅)နှင့် (၁၁၅/၆)ကြား နေရာသို့ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်များအရ ဓာတ်ငွေ့ပိုက်လိုင်းမှ ဓာတ်ငွေ့ယိုစိမ့်ခြင်းမဟုတ်ကြောင်း၊ အခင်းဖြစ်ပွားရာနေရာနှင့် ပိုက်လိုင်းလမ်းကြောင်းသည် ၁၅ ပေခန့်ကွာဝေးကြောင်း၊ ဓာတုဗေဒပစ္စည်းဟုယူဆရသော ၂ ဒသမ ၅ ပေခန့် ပတ်လည်ရှိ အထုပ်တစ်ထုပ်မှ အငွေ့များထွက်နေခြင်းကို စစ်ဆေးတွေ့ရှိရကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများက လိုအပ်သည့် စစ်ဆေးမှုများ သွားရောက်ပြုလုပ်လျက်ရှိကြောင်းနှင့် အရှေ့တောင်အာရှ သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ ဓာတ်ငွေ့များ ပုံမှန်ပို့လွှတ်လျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း    ၂၉-၈-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၅၃၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၆၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၀၀/၇၁၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၀၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၇၅ |
| ဥရောပ | တစ်ယူရို | ၁၄၃၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၁.၃၇ |
| ထိုင်း | တစ်ဘတ် | ၃၅.၇၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၃၁၈ |
| တရုတ် | တစ်ယွမ် | ၁၉၉.၀၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၂.၃၂ |

ခင်ရတနာ-စုစည်းသည်။

❋ ရှေ့ဖုံးမှ

မည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် အတတ်ပညာကျွမ်းကျင်မှုများ လိုအပ်သည့်အတွက် ဖွဲ့စည်းခြင်း၊ လေ့ကျင့်ခြင်း၊ သရုပ်ပြဇာတ်တိုက်ခြင်း၊ ပြန်လည်ဆန်းစစ်မှုနှင့် အကဲခတ်မှုများ ဆောင်ရွက်ခြင်းနှင့် သုံးသပ်ပြုပြင်ဆောင်ရွက်ခြင်းတို့ကို အစီအစဉ်တကျ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့်အဖွဲ့သည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးမှူးရုံး၌ ဖွင့်လှစ်ထားသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ရန်ကုန်(ရုံးခွဲ)နှင့် ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းမှုလုပ်ငန်းကော်မတီ (Recovery Coordilation Centre) ရန်ကုန်(ရုံးခွဲ)ဖွင့်လှစ်ထားရှိမှုနှင့် ပြန်လည်ထူထောင်ရေးအတွက် ထောက်ပံ့ရေးပစ္စည်းများ သိုလှောင်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ရန်ကုန်(ရုံးခွဲ)ညွှန့်ခန်းမ၌ တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် စေတနာရှင်အလှူရှင်များ၏ လှူဒါန်းထားရှိမှု၊ ဘေးသင့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် ဒုတိယသမ္မတက ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့လှူဒါန်းထားသည့် ပစ္စည်းနှင့် အလှူငွေများကို စနစ်တကျ မှတ်တမ်းထား ဆောင်ရွက်ရေး၊ ဘေးသင့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ လက်ရောက်ဖြန့်ဝေပေးနိုင်ရေး၊ ကြီးကြပ်ရေးအဖွဲ့များတွင် ရပ်ရွာမှ လေးစားကြည်ညိုသူများ အဖွဲ့ဝင်အဖြစ်ပါဝင်စေရေးနှင့် ပွင့်လင်းမြင်သာမှုရှိရေး၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးမှူးရုံး၌ ဖွင့်လှစ်ထားသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ရန်ကုန်(ရုံးခွဲ)နှင့် ပြန်လည်ထူထောင်ရေး ဗဟိုကော်မတီ ရန်ကုန်(ရုံးခွဲ)သို့ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် စေတနာရှင် အလှူရှင်ပြည်သူများက ဩဂုတ် ၂ ရက်မှ ၂၈ ရက်အထိ စုစုပေါင်း မြန်မာငွေကျပ် ၄၃၂၇၂၇၀၀၊ ထိုင်းဘတ်ငွေ ၁၁၃၉၅၅၊ မလေးရှားရင်းဂစ် ၂၀၀၀ နှင့် အမေရိကန်ဒေါ်လာ ၅၅၈၃၀ တို့ကိုလည်းကောင်း၊ စားသောက်ကုန်နှင့် လူသုံးကုန်အပါအဝင် ပစ္စည်းအမယ်စုံ တန်ချိန် ၃၈၉ တန်ကိုလည်းကောင်း လာရောက်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် ရဟတ်ယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိသည်။

ယင်းနောက် လှိုင်းဘွဲ့မြို့ မြို့မပရိယတ္တိစာသင်တိုက် ဆရာတော်အမှူးပြုသော ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် လှိုင်းဘွဲ့မြို့ ကမ်းထိန်းကျောက်စီမြေနံရံ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ရေဘုတ်ရေလှောင်တမံ အကူရေပိုလွှဲ တည်ဆောက်ခြင်း လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ထီလုံကျေးရွာတွင် ကျင်းပပြုလုပ်သည့် မိုးစပါးအထွက်နှုန်း တိုးတက်ရေးအတွက် ဓာတ်မြေသြဇာနှင့် လယ်ယာသုံး စက်ကိရိယာများ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ပြီး မောခီးကျေးရွာအတွက် စပါးခြွေလှေ့စက် တစ်စီး၊ ရှမ်းရွာသစ်မြို့၊ မဲသမူကျေးရွာအုပ်စုအတွက် လက်တွန်းထွန်စက် တစ်စီး၊ ထီလုံကျေးရွာ၊ သမာန်နှင့်နောင်သင့်ကျေးရွာတို့ရှိ မိုးစပါးစိုက်ခင်းများအတွက် ဓာတ်မြေသြဇာနှင့် ရွက်ဖျန်းမြေသြဇာများကို တောင်သူများထံ ထောက်ပံ့ပေးအပ်ပြီး တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။ ဆက်လက်၍ လှိုင်းဘွဲ့မြို့ ထီလုံကျေးရွာရှိ ဦးရာမူး၏ စပါးစိုက်ခင်းတွင် စုပေါင်း မြေသြဇာ ကြဲပက်နေမှုကို ကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် နယ်မြေခံတပ်ညွှန့်ရိပ်သာ၌ ဒုတိယသမ္မတအား ကရင်ပြည်နယ် ခေတ္တဝန်ကြီးချုပ်က သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် ကြိုတင်ဆောင်ရွက်ထားမှု၊ မြစ်ရေကြီးမှုကြောင့် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်မှု၊ လမ်းတံတားများ ပျက်စီးဆုံးရှုံးမှုနှင့် ပြန်လည်ပြင်ဆင်ထားမှု၊ ဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးမှု၊ ကျန်းမာရေးစောင့်ရှောက်ပေးမှု၊ မိုးစပါးအပါအဝင် စိုက်ပျိုးရေးအထောက်အကူပြု ပစ္စည်းများ ထောက်ပံ့ပေးအပ်မှု၊ တိရစ္ဆာန်ဆေးဝါးနှင့် အစားအစာများ ထောက်ပံ့ပေးအပ်မှု၊ ပြည်တွင်း/ပြည်ပမှ အလှူလက်ခံရရှိမှုအခြေအနေများနှင့် ပြည်နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက ကရင်ပြည်နယ်သည် နှစ်စဉ် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာတွင် ယခင်နှစ်က ရေကြီးရေလျှံမှု လျော့နည်းစေရေး ကြိုတင်စီမံဆောင်ရွက်ခဲ့မှုကြောင့် ယခုနှစ် ရေကြီးရေလျှံမှု ဖြစ်ပွားချိန်တွင် သဘာဝဘေးအန္တရာယ်ကျရောက်မှု လျော့ပါး သက်သာခဲ့ကြောင်း၊ သဘာဝဘေး အန္တရာယ်များသည် နေရာဒေသမရွေး အချိန်ကာလ၊ လုပ်ငန်းကဏ္ဍနှင့် ဆင်းရဲချမ်းသာ ခွဲခြားသတ်မှတ်ထားခြင်း မရှိဘဲ အရာအားလုံးအပေါ် တစ်ပြေးညီ ကျရောက်တတ်သည့် အတွက် သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများသည် အားလုံးနှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်သည်ကို လက်ခံထားရမည်ဖြစ်ကြောင်း၊ သဘာဝဘေး အန္တရာယ်များနှင့် ပတ်သက်၍ လေ့လာသုံးသပ် ကြိုတင်ပြင်ဆင်ထားရှိပြီး မိမိတို့နေထိုင်ရာ ဒေသများ၌ သဘာဝဘေး ခုခံနိုင်စွမ်းအားကို မြှင့်တင်ထားရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတဦးဆောင်ကာ နိုင်ငံတော်ဖွံ့ဖြိုးမှုအတွက် ဘက်စုံကဏ္ဍစုံ ပြောင်းလဲ၍ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့်အချိန်တွင် နိုင်ငံကို ရိုက်ခတ်လာသော သဘာဝဘေးအန္တရာယ်များသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်ကို နှောင့်နှေးပျက်စီးစေပြီး ပြန်လည်ထူထောင်မှုများ ပြုလုပ်ရာတွင်လည်း အချိန်အား၊ ငွေအားနှင့် အရင်းအမြစ်အင်အားများကို အမြောက်အမြား အသုံးပြုရကြောင်း၊ ဘေးအန္တရာယ်ဖြစ်ချိန်မှ ချက်ချင်း စီမံဆောင်ရွက်ခြင်းထက် သဘာဝဘေးဒဏ်မှ လျော့ပါးသက်သာစေရန် ကြိုတင်ပြင်ဆင်ခြင်းသည်သာ အကောင်းဆုံးနည်းလမ်းတစ်ခု ဖြစ်ပါကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးညဏ်ထွန်း ထီလုံကျေးရွာ၌ ဒေသခံပြည်သူများအား အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဦးညဏ်ထွန်း တောင်သူများအား ဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်စဉ်။ (သတင်းစဉ်)



ရန်ကုန်မြို့ ကန်တော်ကြီး၌ စက်လှေဖြင့် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်း သရုပ်ပြသစဉ်။ (သတင်းစဉ်)

---

✪ ကျောဖုံးမှ

စခန်းတွေ မရှိတဲ့အတွက် အတိအကျတော့ မသိရသေးပါဘူး။ ဟားခါးက အဖွဲ့နဲ့ ဆက်သွယ်ပြီး စုံစမ်းနေပါတယ်။ မနေ့က တွန်းဇံမြေပြိုမှုက မိုးကြီးပြီး တောင်ကျရေကြောင့် မြေပြိုမှုဖြစ်တယ်လို့ သိရပါတယ်။ အခုလို ဖြစ်ခဲ့သော်လည်း မြေပြိုမှုတွေ ဆက်ပြီးဖြစ်နိုင်ခြေနည်းတယ်လို့ ခန့်မှန်းရပါတယ်။ လတ်တလော မြေပြိုမှုကို ခံလိုက်ရပေမယ့် နောက်ပိုင်းမှာ ဖြစ်နိုင်ခြေနည်းသွားပြီ ဖြစ်ပါတယ်။”

မိုးလေဝသဌာန၏ ခန့်မှန်းချက်အရ ချင်းပြည်နယ်တွင် စက်တင်ဘာ ၁ ရက်မှ ၁၀ ရက်အထိ မိုးရွာသွန်းနိုင်မှု အခြေအနေမှာ ပုံမှန်ရွာသွန်းမြဲထက်ပိုနိုင်ကြောင်း ခန့်မှန်းထားသည်။

“ပုံမှန်ရွာသွန်းတဲ့ မိုးရေချိန်က ငါးလက်မခန့်ရှိပါတယ်။ ပြီးခဲ့တဲ့ရက်တွေမှာ ကိုမန်မုန်တိုင်း ရိုက်ခတ်မှုကြောင့် ဟားခါးမြို့နယ်မှာ မြေပြိုမှုတွေ ဖြစ်ပွားစေခဲ့တဲ့ မိုးရွာသွန်းမှုနဲ့ နှိုင်းယှဉ်ကြည့်ရင် မိုးရေချိန်လက်မနည်းပါတယ်။

ဒါပေမယ့် တောင်ပေါ်ဒေသတွေမှာ နေထိုင်ကြသူတွေအနေနဲ့ ပုံမှန်ရွာသွန်းတဲ့ မိုးရေချိန်ဖြစ်ပေမယ့် မိမိနေထိုင်ရာဒေသရဲ့ အထက်မှာ တောင်ပေါ်ရေကန်တွေ၊ ရေလှောင်ကန်တွေရှိရင် သတိထားရပါမယ်။ မိုးရွာသွန်းလို့ရှိရင် ရေကန်အနီးပတ်ဝန်းကျင်က မြေသားတွေ ပျော့သွားတဲ့အတွက် မြေပြိုမှုတွေ ဖြစ်ပွားနိုင်ပါတယ်။

ဒါကြောင့် တောင်ပေါ်ရေကန်တွေနဲ့ နီးစပ်တဲ့ နေရာမှာရှိသူတွေအနေနဲ့ မိုးရွာရင် သတိထားရမှာ ဖြစ်ပါတယ်။ တကယ်လို့ ရေကန်တွေ မရှိရင်တော့ ပုံမှန်အတိုင်းနေလို့ရပါတယ်။ မြေပြိုမှုနဲ့ ပတ်သက်ပြီး စိုးရိမ်စရာမရှိပါဘူး” ဟု ဒေါက်တာ ဟာရင်နိုင်တီယမ်းက ဆက်လက်ပြောကြားခဲ့သည်။

**သူရဇော်**

# အိုင်အက်စ်ထိပ်တန်း ကွန်ပျူတာဖောက်ထွင်းဝိဇ္ဇာ လေကြောင်းတိုက်ခိုက်မှုတွင်သေဆုံး၊ ပင်တဂွန်အတည်ပြုပြောကြား

**ဝါရှင်တန် ဩဂုတ် ၂၉**

အိုင်အက်စ်အကြမ်းဖက်အဖွဲ့တွင် ကွန်ပျူတာအချက်အလက် ဖောက်ထွင်း ခိုးယူခြင်းနှင့် ပြည်ပတပ်သားသစ်စုဆောင်းခြင်း တာဝန်ယူထားရသော ထိပ်တန်း ကွန်ပျူတာကျွမ်းကျင်ပညာရှင်တစ်ဦးသည် ယခုသီတင်းပတ် အမေရိကန်လေကြောင်း တိုက်ခိုက်မှုတွင် သေဆုံးခဲ့ကြောင်း ပင်တဂွန်က ဩဂုတ် ၂၉ ရက်တွင် အတည်ပြုပြောကြားသည်။

ဂျူးနိုက်ဒ် ဟူစိန်ဟုခေါ်သည့် အသက် ၂၁ နှစ်ရှိ ဗြိတိသျှကွန်ပျူတာ အချက်အလက် ဖောက်ထွင်းဝိဇ္ဇာသည် အိုင်အက်စ်အကြမ်းဖက်သမားများ ခြေကုပ်ယူထားသော ဆီးရီးယားနိုင်ငံရှိ ရက်ကွာကို အမေရိကန်တို့ လေကြောင်း တိုက်ခိုက်မှု ဆင်နွှဲနေစဉ်အတွင်း ဩဂုတ် ၂၈ ရက်က သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်လေတပ် ဗိုလ်မှူးကြီး ပက်တ်ရိုက်ဒါက သတင်းထောက်များကို ပြောကြားခဲ့သည်။



ငင်းသည် ကမ္ဘာ့အနောက်ဘက် ဒေသရှိ အိုင်အက်စ်တပ်သားသစ်စုဆောင်းရာတွင် တက်ကြွစွာ ပါဝင်ခဲ့ကြောင်း အမေရိကန်လေတပ် ဗိုလ်မှူးကြီး ရိုက်ဒါက ပြောခဲ့သည်။

ထို့ပြင် ဟူစိန်သည် အမေရိကန် တပ်မတော်နှင့် အစိုးရဝန်ထမ်းများ၏ ကိုယ်ရေးသတင်းအချက် ၁၃၀၀ လောက်ကို တရားမဝင် ရယူထုတ်လွှင့်မှုတွင် အဓိကတာဝန်ရှိသူ တစ်ဦးဖြစ်ကာ အမေရိကန်တပ်မတော်သားများနှင့် အစိုးရ ဝန်ထမ်းများအပေါ် တရားမဝင် သတင်းအချက်အလက် ရယူထုတ်လွှင့်မှုဖြင့် တိုက်ရိုက်အကြမ်းဖက်မှုကို ကျူးလွန်ခဲ့သူလည်းဖြစ်ကြောင်း ဗိုလ်မှူးကြီး ရိုက်ဒါက ပြောခဲ့သည်။

အမေရိကန်ထုတ် နေ့စဉ်သတင်းစာ သည်ဟေးလ်က အမေရိကန် တပ်မတော်အရာရှိများက အမေရိကန်စုံစမ်းရေးဗဟိုဌာနချုပ်၏ ယူကျူနှင့် တွစ်တာအကောင့်များကို ဖောက်ထွင်းဝင်ရောက်ခဲ့သော နောက်ကွယ်က လက်သည်မှာ ငင်းပင်ဖြစ်နိုင်ကြောင်း သုံးသပ်ပြထားသည်။

ယခုလို တစ်ဦးတည်းလှုပ်ရှားမှုသည် အလွန်အန္တရာယ်များကြောင်း၊ သူ့တွင် နည်းပညာကျွမ်းကျင်မှု ဩချရလောက်အောင်ရှိကြောင်း၊ အမေရိကန်များကို သတ်ရန်ပြင်းထန်သော စိတ်ဓာတ်ရှိကြောင်း ဗိုလ်မှူးကြီးက ပြောသည်။

အဆိုပါ လေကြောင်း တိုက်ခိုက်မှုသည် ငင်းကိုပင် ဦးတည်ကြောင်း၊ လေကြောင်းတိုက်ခိုက်မှုတွင် တစ်ဦးတည်းသော သေဆုံးသူမှာ ငင်းပင်ဖြစ်ကြောင်း ဗိုလ်မှူးကြီး ရိုက်ဒါက ထပ်လောင်းပြောဆိုခဲ့သည်။ **(ဆင်ဟွာ)**

# တူရကီဝန်ကြီးချုပ် အစောပိုင်း ရွေးကောက်ပွဲများအတွက် ကြားဖြတ်အစိုးရဖွဲ့စည်း

**အန်ကာရာ ဩဂုတ် ၂၉**

တူရကီဝန်ကြီးချုပ် အာမက် ဒါဗူတိုဂလူသည် ဩဂုတ် ၂၉ ရက်မှ နိုဝင်ဘာ ၁ ရက်နေ့အထိ ကျင်းပရန် လျာထားသော ရှောင်တခင် ရွေးကောက်ပွဲ (snap election) မတိုင်မီ အစိုးရလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အာဏာခွဲဝေအုပ်ချုပ်မည့် ကြားဖြတ် အစိုးရတစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။

အစိုးရအဖွဲ့ ရွေးကောက်ပွဲတွင် အဓိကအားဖြင့် ဗျူရိုကရက်များ၊ အများအားဖြင့် ဝန်ကြီးရုံးများအောက်တွင် တာဝန်ထမ်းဆောင်နေသော လက်ထောက်အတွင်းဝန်များနှင့် အတိုက်အခံပါတီမှ ဝန်ကြီးသုံးဦးတို့ဖြင့် ဖွဲ့စည်းထားသည်။

အစ္စတန်ဘူလ်ရဲဌာနအကြီးအကဲ ဆာလမီ အယ်လ်တီနော့ခ်ကို ကြားဖြတ်ပြည်ထဲရေးဝန်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။ ဆဲ့ဗ်အက်တ် ရီလ်မက်ဇ်နှင့် တူကဂူတာ့က်ခ်တို့ကို ဒုတိယဝန်ကြီးချုပ်များအဖြစ် ခန့်အပ်ခဲ့ကြောင်း သိရသည်။ လက်ရှိ တာဝန်ထမ်းဆောင်နေသော ဒုတိယဝန်ကြီးချုပ်များဖြစ်သည့် နူမန်ကာတယ်မက်နှင့် ရယ်ကင်းအက်ဒိုဂန်တို့ကို ၎င်းတို့ ရာထူးတာဝန်အတိုင်း ဆက်လက် တာဝန်ထမ်းဆောင်စေပြီး အေကေပီပါတီမှ အယ်လီရီဇာ အလာဘိုရမ်ကို စွမ်းအင်ဝန်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။

အာဒိုဂန်က ဝန်ကြီးချုပ်စာရင်းအကြမ်းကို အတည်ပြုပြီးနောက် ဒါဗူတိုဂလူက ဝန်ကြီးများကို ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။



ဝန်ကြီးချုပ်သည် အတိုက်အခံပါတီများကို အကြိုရွေးကောက်ပွဲအစိုးရအဖွဲ့တွင် ပါဝင်ရန် တိုက်တွန်းပြောဆိုခဲ့သော်လည်း စီအိတ်ချ်ပီပါတီနှင့် အမ်အိတ်ချ်ပီပါတီတို့က ပါဝင်ရန် ငြင်းဆိုခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ကွာလာလမ်ပူ၌ ဝန်ကြီးချုပ်နုတ်ထွက်ပေးရန် ဆန္ဒပြ

**ကွာလာလမ်ပူ ဩဂုတ် ၂၉**

မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်အား ၎င်း၏အမည်ဖြင့် ဒေါ်လာသန်းပေါင်းများစွာ စာရင်းဖွင့်ခဲ့ခြင်းကြောင့် နိုင်ငံရေးအကျပ်အတည်းဖြင့် ရင်ဆိုင်ရလျက်ရှိရာ ရာထူးမှနုတ်ထွက်ပေးရန် တောင်းဆိုဆန္ဒပြသူ ထောင်ပေါင်းများစွာတို့သည် နှစ်ရက်ကြာဆန္ဒပြမှုအတွက် စနေနေ့က မြို့တော်ကွာလာလမ်ပူသို့ စုရုံးရောက်ရှိလာကြသည်။

နာဂျစ်ရာဇာတ်သည် ဒေါ်လာသန်း ၆၀၀ ကျော် လွှဲပြောင်းမှုအတွက် မဖြေရှင်းနိုင်ဘဲရှိရာ လာဘ်စားမှုစုံစမ်းရန်သတင်းများ ထွက်ပေါ်ပြီးကတည်းက အကျပ်အတည်းနှင့် ရင်ဆိုင်နေရသည်ဟု ဆိုသည်။ ဆန္ဒပြသူများက ဝန်ကြီးချုပ်နာဂျစ်အား ပြည်သူ့အာဏာဖြင့် အင်အားသုံး ဖြုတ်ချရန် တောင်းဆိုခဲ့ကြသည်။ သို့သော်လည်း ၎င်းကိုဖြုတ်ချရန် မလွယ်ကြောင်း နိုင်ငံရေးကျွမ်းကျင်သူများက လေ့လာသုံးသပ်ထားသည်။

ဆန္ဒပြသူများ ချီတက်ရာလမ်းကြောင်းတစ်လျှောက်တွင် လုံခြုံရေးများ တင်းကျပ်ထားသည်။ စနေနေ့ မွန်းလွဲပိုင်းက ဆန္ဒပြသူ ၁၀၀၀၀ ခန့် စုရုံးရောက်ရှိလာသည်ဟုဆိုသည်။ သို့သော်လည်း ရဲတပ်ဖွဲ့က ယင်းပမာဏ၏ ထက်ဝက်ခန့်ရှိသည်ဟု ဆိုသည်။

ဆန္ဒပြသူများက အမျိုးသားသီချင်းကိုသီဆိုကာ ဆိုင်းဘုတ်များကို ကိုင်ဆောင်ဆန္ဒပြခဲ့ကြသည်ဟု ရိုက်တာ သတင်းတွင်ဖော်ပြသည်။

**(ရိုက်တာ)**

# စွန့်ပစ်အအေးခန်း ကားတစ်စီးအတွင်း ရွှေ့ပြောင်းနေထိုင်သူ ၇၁ဦး၏ ရုပ်အလောင်းများတွေ့ရှိ

**ထရီပိုလီ ဩဂုတ် ၂၉**

မိန်းကလေးငယ်တစ်ဦးအပါအဝင် ဒုက္ခသည် ၇၁ ဦးအား စွန့်ပစ်ထားသည့် အအေးခန်းကားအတွင်း သေဆုံးလျက်တွေ့ရကြောင်း၊ ထိုအတောအတွင်း လစ်ဗျားတို့က ဥရောပသို့သွားရာ ရေလမ်းကြောင်းတွင် နစ်မြုပ်ခဲ့သော စက်လှေမှ မျောပါလာကာကမ်းတင်သေဆုံးနေသော ရွှေ့ပြောင်းနေထိုင်သူ ၁၀၅ ဦး၏ ရုပ်အလောင်းများကို တွေ့ရသည်ဟု သိရသည်။ ယင်းစက်လှေ နစ်မြုပ်တိမ်းမှောက်မှုတွင် လူပေါင်း ၁၀၀ ကျော် ပျောက်ဆုံးလျက်ရှိရာ သေဆုံးဖွယ်ရှိသည်ဟု ဆိုသည်။

ဒုတိယကမ္ဘာစစ်ပြီးကတည်းက စစ်ဘေးစစ်ဒဏ်နှင့် ဆင်းရဲမှုများကြောင့် ရွှေ့ပြောင်းနေထိုင်မှုများ တိုးပွားလျက်ရှိရာ ဥရောပသည် အဆိုးရွားဆုံး အခြေအနေနှင့် ရင်ဆိုင်နေရသည်။

ယခုနှစ်အတွင်း မြေထဲပင်လယ်ကိုဖြတ်၍ ဥရောပတောင်ပိုင်းသို့ ရွှေ့ပြောင်းနေထိုင်သူ အရေအတွက်မှာ လူဦးရေတစ်သန်း၏ သုံးပုံတစ်ပုံခန့်ရှိကြောင်း နိုင်ငံတကာ ရွှေ့ပြောင်းနေထိုင်သူများဆိုင်ရာအဖွဲ့က ခန့်မှန်းထားသည်။ ယင်းတို့တွင် သုံးပုံနှစ်ပုံနီးပါးသည် ဂရိနိုင်ငံသို့ ရောက်ရှိလာသည်။

အီတလီတွင် အများဆုံးဖြစ်ပြီး အနည်းဆုံးလူ ပေါင်း ၂၆၃၆ ဦး ဥရောပသို့ဝင်ရောက်ရန် ကြိုးစားခဲ့သည်ဟုဆိုသည်။ ဥရောပသမဂ္ဂခေါင်းဆောင်များအနေဖြင့် အဆိုပါဒုက္ခသည်များ အကျပ်အတည်း ဆွေးနွေးရန် အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပရန်အသင့်ရှိကြောင်း ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကဲလ်က ပြောသည်။ **(ရိုက်တာ)**

# အိန္ဒိယနှင့်ပါကစ္စတန် အပြန်အလှန်ပစ်ခတ် အရပ်သား ကိုးဦးသေဆုံး

**နယူးဒေလီ ဩဂုတ် ၂၉**

အိန္ဒိယနှင့် ပါကစ္စတန် နယ်ခြားစောင့်တပ်များသည် အငြင်းပွားကက်ရှ်မီးယားဒေသ၌ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ အပြစ်မဲ့ပြည်သူ ကိုးဦး သေဆုံးခဲ့ကြောင်း သိရသည်။

အိန္ဒိယအာဏာပိုင်အဖွဲ့က ပါကစ္စတန်တို့သည် ဩဂုတ် ၂၈ ရက် ကတည်းက လက်နက်ကြီးများဖြင့် ဂျမ္မူးပြည်နယ်ကို တရစပ်ပစ်ခတ်ခဲ့ကြောင်း ပြောသည်။



ဂျမ္မူးပြည်နယ်သည် အိန္ဒိယထိန်းချုပ်ရာ ပြည်နယ်တစ်ခုဖြစ်သည်။ လက်နက်များဖြင့် အပြန်အလှန်ပစ်ခတ်မှုကြောင့် အရပ်သား သုံးဦး သေဆုံးပြီး ၁၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အိန္ဒိယတပ်များက ပါကစ္စတန်တပ်ဖွဲ့များ၏ တိုက်ခိုက်မှုကို လက်တုံ့ပြန်ခြင်းဖြစ်ကြောင်း အိန္ဒိယမီဒီယာက ပြောခဲ့သည်။

အိန္ဒိယဘက်က ပန်ဂျပ်ပြည်နယ်ကို တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူ ခြောက်ဦးသေဆုံးပြီး ၄၆ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ပါကစ္စတန်တပ်မတော်က ကြေညာချက် ထုတ်ပြန်ခဲ့သည်။

အိန္ဒိယနှင့် ပါကစ္စတန် အရာရှိများသည် လုံခြုံရေးဆိုင်ရာအရေးကိစ္စများနှင့် အစောပိုင်းက အိန္ဒိယမြို့တော် နယူးဒေလီ၌ တွေ့ဆုံရန် စီစဉ်ခဲ့သော်လည်း အစီအစဉ်နှင့် ပတ်သက်သည့် သဘောထားကွဲလွဲမှုများကြောင့် ဆွေးနွေးပွဲဖျက်သိမ်းခဲ့ရသည်။ **(အင်န်အိတ်ချ်ကေ)**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းနိုင်ငံရှိ Ancient City အတွင်း လှည့်လည်ကြည့်ရှုလေ့လာ

**နေပြည်တော် ဩဂုတ် ၂၉**

ထိုင်းနိုင်ငံတွင်ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ စစ်သံမှူးနှင့် ထိုင်းဘုရင့်တပ်မတော်မှ Lt.Gen. Boonchu Kirdchok တို့နှင့်အတူ ဩဂုတ် ၂၉ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၂၀ တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Wat Phra Kaew (မြဘုရားကျောင်း) သို့ရောက်ရှိကြပြီး မြဘုရားကျောင်းဆောင်အတွင်း ဆွမ်း၊ ရေချမ်းနှင့် ပန်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် နံနက် ၉ နာရီ မိနစ် ၅၀ တွင် ထိုင်းနိုင်ငံ Samutprakan ခရိုင်ရှိ Ancient City သို့ ရောက်ရှိကြပြီး Ancient City အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

၁၉၆၃ ခုနှစ်မှစ၍ ထိုင်းလူမျိုးစီးပွားရေးလုပ်ငန်းရှင် Mr. Lek Viriya ဆိုသူက Ancient City (ထိုင်းအခေါ် Muang Boran ) ကို စတင်စီမံကိန်းချကာ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မြေဧကအကျယ် ၈၀၀ ရိုင်အကျယ်အဝန်းရှိပြီး စူခွန်ဗစ်လမ်းမ စမွတ်ပရာကန်မြို့ မိုင်တိုင် ၃၃ နေရာတွင်တည်ရှိသည်။ ထိုင်းနိုင်ငံ၏ ပြည်နယ်အသီးသီးရှိ ထင်ရှားသော သမိုင်းဝင်နေရာများနှင့် အဆောက်အအုံများကို မူလနှင့်အနီးစပ်ဆုံး ဆင်တူအောင် တည်ဆောက်ထားပြီး အများပြည်သူဝင်ရောက်ကြည့်ရှုလေ့လာနိုင်ရန် စီစဉ်ထားရှိသည်။



ယင်းနောက် ထိုင်းဘုရင့်ဆေးရုံ Phramongkutklao Military Hospital သို့ မွန်းလွဲ ၂ နာရီတွင် ရောက်ရှိကြပြီး ဆေးရုံရှိ အစည်းအဝေးခန်းမ၌ ဆေးရုံနှင့်ပတ်သက်သည့် ကိစ္စရပ်များကို ဆေးညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ထိခိုက်ဒဏ်ရာရရှိ လူနာများအား အရေးပေါ်ကုသလေ့ကျင့်ဆောင်နှင့် နှလုံးရောဂါအထူးကြပ်မတ်ကုသဆောင်များသို့ လှည့်လည်ကြည့်ရှုလေ့လာ (ဝဲပုံ) ကြပြီး သိရှိလိုသည်များ မေးမြန်းခဲ့ကြသည်။

ထို့နောက် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ် ဘုရင့်လေတပ် Wing-6 မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ညနေ ၆ နာရီ ၁၀ မိနစ်တွင် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိစဉ် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းရေတပ် စစ်သံမှူး Captain Apakorn Youkongkaew နှင့် ဇနီး၊ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့မှ ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဗိုလ်ချုပ်မင်းနောင်၊ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ဆန်းဦး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုညစာတည်ခင်း

**နေပြည်တော် ဩဂုတ် ၂၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့အား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Dusit Thani Hotel ရှိ Napalai Ballroom ၌ ဩဂုတ် ၂၈ ရက် ဒေသစံတော်ချိန် ည ၇ နာရီခွဲတွင် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Worapong Sanganetra က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါညစာစားပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ တပ်မတော်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် ဇနီး၊ စစ်သံမှူးနှင့် ဇနီးတို့တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ထိုင်းဘုရင့်တပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ်များ၊ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများနှင့်ဇနီးများ တက်ရောက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့သည် ညစာစားပွဲသို့ တက်ရောက်လာကြသော နှစ်နိုင်ငံ တပ်မတော်အရာရှိကြီးများနှင့် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ထိုင်းဘုရင့်တပ်မတော်မှ တေးဂီတအဖွဲ့နှင့် ထိုင်းရိုးရာယဉ်ကျေးမှုအကအဖွဲ့များက တေးသီချင်းများ၊ ရိုးရာအကများဖြင့် ကပြဖျော်ဖြေကြသည်။

ညစာသုံးဆောင်အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Worapong Sanganetra နှင့် ဇနီးတို့သည် အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။




**(အပေါ်ပုံ) (မြဝတီ)**

# ဟသ်ာတမြို့နယ်တွင် ရေများပြန်လည်ကျဆင်း၍ ရေဘေးသင့်ပြည်သူများ နေရပ်သို့ ပြန်လည်ရောက်ရှိနေထိုင်လျက်ရှိပြီး စာသင်ကျောင်းများပြန်လည်ဖွင့်လှစ်

**ဟသ်ာတ ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ရေများပြန်လည်ကျဆင်းသွား၍ ရေဘေးသင့်ပြည်သူများ နေရပ်အသီးသီးသို့ ပြန်လည်ရောက် ရှိနေထိုင်လျက်ရှိပြီး စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နေပြီဖြစ်ကြောင်း သိရသည်။

ယင်းမြို့နယ်တွင် ဩဂုတ် ၆ ရက်ခန့်မှစတင်၍ ဧရာဝတီမြစ်နှင့် ငဝန်မြစ်ရေ မြင့်တက်ခဲ့မှုကြောင့် ရပ်ကွက် ၂၀ ခုနှင့် ကျေးရွာအုပ်စု ၁၀၃ စု၌ ကျေးရွာပေါင်း ၈၂၀ ရှိသည့်အနက် ရပ်ကွက်တစ်ခုနှင့် ကျေးရွာအုပ်စု ၂၂ စုမှ ကျေးရွာပေါင်း ၁၀၄ ရွာ ရေနစ်မြုပ်မှုဒဏ်ခံခဲ့ရသည်။ ထိုဖြစ်ပွားမှုကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အရပ်ဘက်လူမှုအဖွဲ့များက ကယ်ဆယ်ရေးစခန်း ၂၉ ခု ဖွင့်လှစ်၍ အိမ်ထောင်စု ၁၄၂၈ စု၊ လူဦးရေ ၅၈၆၂ ဦးတို့ကို ကူညီစောင့်ရှောက်မှုများ ပေးခဲ့သည်။ ထို့အပြင် အခြေခံပညာသင်ကျောင်း ၃၄၄ ကျောင်းရှိသည့်အနက် စာသင်ကျောင်း ၆၂ ကျောင်းကို ယာယီပိတ်ခဲ့ရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဟသ်ာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်းက "ကျွန်တော်တို့ အချိန်မီ ကြိုတင်ကာကွယ်မှုတွေလုပ်နိုင်ခဲ့တယ်။ အိမ်ပြိုသွားတာမျိုးမရှိပါဘူး။ ရေမြုပ်တာလောက်ပဲဖြစ်ခဲ့တာပါ။ လူအသေအပျောက်မရှိခဲ့ဘူး။ တိရစ္ဆာန်တွေကိုလည်း အချိန်မီကယ်ဆယ်မှုတွေ လုပ်နိုင်ခဲ့ပါတယ်။ ကျွဲ၊ နွား ၁၈ ကောင်ခန့်တော့ ကျန်းမာရေးမကောင်းတာအပြင် ပိုးထိတာကြောင့် သေဆုံးခဲ့တာတော့ ရှိပါတယ်။ အခုဆိုရင် ရေပြန်ကျသွားလို့ အားလုံး နေရပ်ပြန်ကုန်ပါပြီ" ဟု ပြောသည်။

ယခုအခါ ရေများ ပြန်လည်ကျဆင်းသွားပြီဖြစ်၍ ကယ်ဆယ်ရေးစခန်းများကို ပိတ်သိမ်းလိုက်ပြီး ရေဘေးသင့်ပြည်သူအားလုံးတို့သည် မိမိတို့၏ နေရပ်များသို့ ပြန်လည်ရောက်ရှိ နေထိုင်နေသည့်အပြင် ယာယီပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို ပြန်လည်ဖွင့်လှစ်ပေးနေပြီဖြစ်ကြောင်း သိရသည်။

"ရေပြန်ကျသွားလို့အိမ်မှာနေလို့ရတယ်ဆိုပေမယ့် လတ်တလောတော့ အလုပ်အတွက် အခက်အခဲတွေရှိနေတယ်။ အလှူရှင်တွေ လာလှူထားလို့ အစားအသောက်အတွက် သိပ်ပူစရာမလိုသေးဘူး။ ဒါပေမယ့် အိမ်သုံးပစ္စည်းတွေဆုံးရှုံးသွားတယ်။ အိမ်ကနေလို့တော့ရတယ်။ ရေမြုပ်ထားတော့ အရင်လိုကြံ့ခိုင်မှု မကောင်းတော့ဘူး။ ပြန်ပြင်ဖို့ လိုအပ်နေသေးတယ်"ဟု ပျဉ်းမချောင်းရပ်ကွက်နေ ကိုထွန်းမြင့်ကပြောသည်။

ထို့အပြင် ယင်းဒေသတွင် ရေနစ်မြုပ်ခဲ့မှုကြောင့် စိုက်ပျိုးမြေ ၅၁၆၈ ဧကကိုလည်း ပြန်လည်ပြုပြင်စိုက်ပျိုး ပြီးစီးနေသည့်အပြင် တာပေါင်တချို့မှ ရေစိမ့်ဝင်ရောက်နိုင်သော နေရာများကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံများနှင့်အတူ ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကြိုတင်ကာကွယ်ရေးလုပ်လုပ်ငန်းများကို ဆောင်ရွက်ထားပြီးဖြစ်ကြောင်းနှင့် ရေနစ်မြုပ်မှုဒဏ်ခံခဲ့ရသူများအနက်မှ ချို့တဲ့သည့် အိမ်ထောင်စုများကို ထောက်ပံ့မှုများ ပြုလုပ်ပေးနိုင်ရန် သက်ဆိုင်ရာနှင့်အတူ ပြည်တွင်း၊ ပြည်ပအလှူရှင်များနှင့်လည်းချိတ်ဆက်ဆောင်ရွက်နေကြောင်း အဆိုပါမြို့နယ်အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

**သတင်း-ဇော်ကြီး(ပဏ္ဍိတ)**

# စာရေးတံလှူ နာယူပွားများ မေတ္တာတရား

တင်ထွန်း(အစိုးရတိုင်းရင်းဆေး)

ဝါခေါင်လသည် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ အထွတ်အမြတ်ထားသော ဝါတွင်းသုံးလအခါသမယ၏ အလယ်ဗဟိုကျသည့်လဖြစ်သည်။ **"ဝါခေါင်တစ်ကြောင်း၊ ထနောင်းကြောင်ခြစ်၊ ဆူးရစ်ပွင့်ကာ၊ မိုးမရွာ၊ ရွာပါသော်လည်း မိုးမသည်း"** ဟူသည့် မိုးလေဝသခန့်မှန်းချက်ဆိုင်ရာ ရှေးတောင်သူလယ်သမားကြီးများ၏ မိုးလက်ာအရ ဝါခေါင်လတွင် မိုးစပါးမှ ပွင့်လေ့ရှိကြသော ထနောင်းပန်း၊ ကြောင်ခြစ်ပန်းနှင့် ဆူးရစ်ပန်းတို့ပွင့်ကြသည်။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင်မူ ရေများပြည့်လျှံကာ လယ်မြေတစ်ခွင်၌လည်း **ရေပြင်အထိဖြစ်နေသည်ကို "သပြေကသီးရေကကြီး၊ ထန်းသီးကကြွေ မိုးကစွေ"**ဟုလည်းကောင်း၊ ယင်းသို့ မိုးများစွာရွာသွန်းသော ဝါခေါင်လကို မဟာအတုလမင်းကြီးက ဝါခေါင်လဘွဲ့လွမ်းချင်းတွင် **"ဒေဝရိန် ပဇ္ဇုန်မှူးငယ်က မြူးလှတယ်လေး"**ဟု လည်းကောင်း အသီးသီးစပ်ဆိုခဲ့ကြပေသည်။

ထို့ပြင် မြစ်၊ ချောင်း၊ အင်း၊ အိုင်များတွင်လည်း ရေများတိုးကာ ကမ်းလုံးပြည့် လျှံတက်လေ့ရှိသည်ကို အကြောင်းပြု၍ **"ဝါဆို၊ ဝါခေါင်၊ ရေဖောင်ဖောင်"** ဟုလည်းကောင်း၊ **"ဝါဆို ဝါခေါင်ရေတွေကြီးလို့၊ သပြေသီးမှည့်ကောက်စို့ကွယ်"** ဟု လည်းကောင်း စာဆိုများက ရေးဖွဲ့ခဲ့ကြပေသည်။ ဝါခေါင်လသည် မိုးရာသီကာလ၏ ဒုတိယမြောက်လဖြစ်ပြီး ၎င်းလကို **"နံကာလ"**ဟု ပုဂံခေတ်၌ရေထိုးထားသော ကျောက်စာများတွင် တွေ့ရှိရသည့်နည်းတူ ယင်း **"နံကာလ"** ဟူသောအမည်ကိုပင် တောင်ငူခေတ်၊ ညောင်ရမ်းခေတ်များသို့ရောက်ရှိသည့်ကာလတိုင် ခေါ်ဝေါ်ရေးသားထားကြသည်ကို တွေ့ရှိရလေသည်။ "နံကာလ"၏ အဓိပ္ပာယ်မှာ နေမင်းကြီးသည် အလယ်လမ်းမှ အပြင်လမ်းသို့ ထွက်ခွာသောလဟုဆိုလိုပါသည်။

ဝါခေါင်လသည် ရှေးခေတ်အခေါ် **"နံကာလ"** ဖြစ်ပြီး ရာသီအလိုအားဖြင့် သိဟ်ရာသီဖြစ်သည်။ **"သရဝဏ်"** ခေါ် **"နေသိဒ္ဓိနက္ခတ်"**နှင့် စန်းယှဉ်ပြည့်ကာ ရာသီပန်းမှာ ခတ္တာပန်းဖြစ်သည်။ မြန်မာနိုင်ငံသည် မိုးကောင်းသောနိုင်ငံဖြစ်၍ ဝါခေါင်လတွင် မြစ်ရေတို့သည် ကမ်းလုံးပြည့်မျှပြည့်လျှံနေခြင်း၊ ပတ်ဝန်းကျင်တစ်ခုလုံးတွင်လည်း သာယာလှပလွန်းသည့်အတွက် မိမိသံယောဇဉ်ရှိသူကို မျှော်မှန်းတောင့်တနေသူများအနေဖြင့် စိတ်ပင်ပန်းနွမ်းနယ်မှုခံစားရခြင်း၊ မင်းနေပြည်တော်တစ်ဝိုက်ရှိ ရှုမြင်ရသည့်နေရာတိုင်းဝယ် ထူးထွေဆန်းကြယ်မှုများသာ တွေ့ရှိရခြင်း၊ ဤဝါခေါင်လတွင်ကျင်းပလေ့ရှိသည့် စာရေးတံမဲအလှူပွဲသဘင်ကြီးမှာလည်း လွမ်းဆွတ်ကြည်နူးဖွယ်ကောင်းလှခြင်း စသည့် သရုပ်သကန်များကို ခံစားဖော်ကျူးသည့်အနေဖြင့် မဟာအတုလမင်းကြီးက **"မျှော်ရောင်သာပန်းတော့တယ်၊ သောင်ကမ်းငယ်ပြည့်လျှံ၊ နဒီငယ်ခြံသည်၊ ပြည်မင်းစံ ရွှေဘုံက၊ အကုန်ထူးတဲ့လကိုလေး။ ရာသီသိဟ်ငယ်၊ နေမိန္ဒရ၊ ဝါခေါင်လမို့၊ တောင်များထွတ်စွန်၊ သရဝဏ်လဲ၊ ရောင်ဝှန်တေဇာ၊ ပန်းခတ္တာနှင့် ခိုင်ညှာပွင့်ကြူ၊ တိုင်းပြည်သူတို့၊ လှူစာရေးတံ၊ သဘင်စုံခံဆဲမို့၊ လွမ်းရန်ဖွဲ့သည် ချိန်ကို၊ ဒေဝရိန်ပဇ္ဇုန်မှူးငယ်က၊ မြူးလှတယ်လေး"**ဟူ စာပန်းချီရေးခြယ်စီကုံးခဲ့လေသည်။

ထို့အပြင် ဝါခေါင်လ၏ရာသီပွဲဖြစ်သော စာရေးတံမဲပွဲ၏အစဉ်အလာကြီးမားပုံ၊ ဗုဒ္ဓဘာသာဝင်မြန်မာတို့အနေဖြင့် အလေးအနက်ထားကျင်းပကြပုံ၊ ယင်းသို့ စာရေးတံမဲပွဲကျင်းပနေချိန်တွင် ဘုရင်မင်းမြတ်နှင့် မိဖုရား၊ မောင်းမများကိုယ်တိုင် ပါဝင်ဆင်နွှဲကြပုံနှင့် မင်းနေပြည်တော် မန္တလေးရတနာပုံမြို့ကြီးသည်လည်း နတ်ဘုံနတ်နန်းကြီးကဲ့သို့ တင့်တယ်သာယာပုံစသည်တို့အပါအဝင် ဝါခေါင်လ၏အလှရှုခင်း ပန်းချီများအဖြစ် တိမ်တိုက်များ၊ မြစ်ပြင်များ၊ ရာသီနက္ခတ်နှင့် ရာသီပန်းများ၊ ရာသီပွဲတော်များ၏အသွင်ကို စာဆိုဦးကြော့က **"လေယုယု မြေခာတ်ကာသည်၊ ငွေခတ္တာ ခိုင်ဖူး၊ မွေမြတ် စွာလိုဏ်ဦးမှာ၊ ပိုင်မှူးသူ့ဆုရွှယ်၊ စာရေးတံခါတော်ဆန်းတွင်မှ၊ ညာမော်မန်း နတ်နန်းပြည်နှယ်၊ ဖွေသဖန်း ရွှေသန်းလယ်မှာ၊ မြန်းစံပယ် ဖျော်တော်ခချိန်မို့၊ သော ဗီသသာစွရိုက်ဖြို၊ တီးသံငြိမ့်ချို"**ဟု ရေးဖွဲ့ထားပြန်ပါသည်။

တန်ခူး၊ ကဆုန်လတို့မှ စတင်ရွာသွန်းလာခဲ့သည့် မိုးပဇ္ဇုန်သည် တရွေ့ရွေ့အငြိုးပြင်းလာပြီး နေ့မလင်း၊ ညမလင်း အာကာဘောင်တစ်ခွင်တွင် ညာဘယ်မလပ်၊ တိမ်ညိုသင်တိုင်း အထပ်ထပ်တို့က လွှမ်းပတ်ယှက်ထွေးနေပေသည်။ မိုးရွာသွန်းမှုများပြီး သတ္တလောကတစ်ခွင်လုံး မိုးဖြိုင်ဖြိုင်ရွာ၍ အေးစိမ့်နေကာ စိမ်းလန်းစိုပြည်လျက်ရှိသည်။ ဝါခေါင်လပြည့်နေ့တွင် ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် **"မေတ္တာသုတ်တရားတော်"** ကို ဟောကြားတော်မူခဲ့သည်။ ယင်းနေ့ကို **"မေတ္တာအခါတော်နေ့"** ဟု ခေါ်ဝေါ်ခဲ့ကြသည်။ မြတ်စွာဘုရားရှင်လက်ထက်တော်က သံဃာတော်အရှင်သူမြတ်တို့သည် ပရိယတ္တိ၊ ပဋိပတ္တိတရားများအားထုတ်၍မရနိုင်လောက်အောင် အနှောင့်အယှက်ပေးသောနေရာကိုရောက်ရှိနေကြသဖြင့် ဘုရားရှင်ထံသို့ သွားရောက်လျှောက်ထားကြရာ မြတ်စွာဘုရားရှင်က. . . . **"ချစ်သားရဟန်းတို့ သင်တို့နှင့်သင့်လျော်ရာနေရာအရပ်ကတော့ အခြားဘယ်နေရာ ဘယ်အရပ်ကိုမျှ မမြင်ဘူး။ နေမြဲတောအုပ်ကိုသာပြန်သွားကြပါ။ ဒါပေမယ့် ဒီအတိုင်းတော့မဖြစ်ဘူး။ ချစ်ခြင်းမေတ္တာပွားများပြီး နေကြပါ"**ဟု အမိန့်တော်ရှိလျက် ရဟန်းငါးရာတို့အား **"မေတ္တသုတ်ပရိတ်တော်"**ကို ချီးမြှင့်တော်မူလိုက်ပါသည်။ **"မေတ္တာ"**ဟူသည် **"ပြစ်မှားခြင်းသဘောမရှိ၊ စောင့်ရှောက်ခြင်းသဘောရှိသည်။ အကျိုးစီးပွားကို ဖော်ဆောင်တတ်ခြင်းရှိသည်။ သနားကြင်နာသောစိတ်ရှိပြီး အမျက်ဒေါသ၏ဆန့်ကျင်ဘက်ဖြစ်သည်"**ဟု အဓိပ္ပာယ်ဖွင့်ဆိုကြပေသည်။

**"အင်္ဂုတ္တရနိကာယ်နိပါတ်တော်"** ၏ မေတ္တသုတ်အလာအတိုင်း မေတ္တာဘာဝနာပွားများသောပုဂ္ဂိုလ်သည် ချမ်းသာစွာအိပ်စက်ရခြင်း၊ ချမ်းသာစွာနိုးထရခြင်း၊ မကောင်းသောအိပ်မက် မမြင်မက်ရခြင်း၊ လူတိုင်းချစ်ခင်ခြင်း၊ နတ်ပြဟ္မာတို့စောင့်ရှောက်ခြင်း၊ တစ်ပါးသောသူတို့ချစ်ခင်ခြင်း၊ မီး၊ အဆိပ်၊ ပယောဂနှင့် လက်နက်ကြီးငယ်တို့ မထိခိုက်ခြင်း၊ စိတ်တည်ကြည်မှုရှိခြင်း၊ မျက်နှာအဆင်း အထူးကြည်လင်ခြင်း၊ မတွေမဝေဘဲ သေရခြင်း၊ သေလွန်သောအခါ မဂ်ဖိုလ်မရလျှင် ဗြဟ္မာပြည်ရောက်ရခြင်း စသည့်အကျိုးများခံစားရပေသည်။ ဤမေတ္တာအကျိုးများနှင့်စပ်လျဉ်း၍ **"အိပ်သော်ချမ်းသာ၊ နိုးခါသုခ၊ မြတ်လှ အိပ်မက်၊ နှစ်သက်သူတို့၊ နတ်တို့ချစ်ခင်၊ နတ်ပင်စောင့်နေ၊ မီးရေမဖျက်၊ ငြိမ်သက်တည်ကြည်၊ ရှင်ကြည်မျက်နှာ၊ သေခါမမှိုင်၊ ဗြဟ္မာတိုင်သား၊ ဆယ်တစ်ပါးကို၊ ကျမ်းဂန် ဆိုသည်၊ ဗိုလ်လူအများ၊ မေတ္တာပွား"** ဟု သိမှတ်လွယ်ရန် ဖွဲ့ဆိုထားပါသည်။

ပို့သသောမေတ္တာတွင် မိမိမေတ္တာပို့မည့်သူ မည်သူမည်ဝါမရည်ရွယ် မပိုင်းခြားဘဲ ပို့သသောမေတ္တာ **(အနောဓိသမေတ္တာ)** နှင့် မိမိမေတ္တာပို့မည့်သူ မည်သူမည်ဝါဖြစ်သည်ဟု ရည်ရွယ်ပိုင်းခြားအမည်နာမတပ်၍ ပို့သသောမေတ္တာ**(ဩဓိသမေတ္တာ)**ဟူ၍ မေတ္တာနှစ်မျိုးရှိပါသည်။ **"အနောဓိသမေတ္တာ"**တွင် **သဗ္ဗေသတ္တာ**(သတ္တဝါအားလုံး)၊ **သဗ္ဗေပါန**(ထွက်သက်ဝင်သက်ရှိသူအားလုံး)၊ **သဗ္ဗေဘူတာ**(ကိုယ်ထင်ရှားရှိသူအားလုံး)၊ **သဗ္ဗေပုဂ္ဂလာ**(ပုဂ္ဂိုလ်အားလုံး)၊ **သဗ္ဗေသတ္တဘာဝပရိယာပန္နာ** (အတ္တဘော၌အကျုံးဝင်သောသတ္တဝါအားလုံး) ပါဝင်သည်။ **"ဩဓိသမေတ္တာ"** တွင် **သဗ္ဗေဣတ္ထိယော**(မိန်းမအားလုံး)၊ **သဗ္ဗေပုရိသ** (ယောက်ျားအားလုံး)၊ **သဗ္ဗေအရိယာ**(အရိယပုဂ္ဂိုလ်အားလုံး)၊ **သဗ္ဗေအနရိယာ** (ပုထုစဉ်အားလုံး)၊ **သဗ္ဗေဒေဝါ** (နတ်ပြဟ္မာအားလုံး)၊ **သဗ္ဗေမနုဿ**(လူသားအားလုံး)၊ **သဗ္ဗေဝိနိပါတိကာ** (အသူရာနှင့် ပြိတ္တာအားလုံး) စသည်တို့ ပါဝင်ပါသည်။

မေတ္တာပွားများကြရာတွင် မေတ္တာ၏ရန်သူနှစ်မျိုးဖြစ်သည့် တဏှာ၊ ရာဂနှင့်ဒေါသတို့ကို နှိမ်နင်းဖို့ရန် အရေးကြီးပါသည်။ မေတ္တာ၏အကျိုးသက်ရောက်မှု ရရှိစေရန် ဒေါသကို ပယ်ဖျောက်နိုင်ရမည်ဖြစ်သည်။ မေတ္တာဘာဝနာပွားများသည့်အခါ **"အတ္တ၊ ပိယ၊ မဇ္ဈတ္တ၊ ဝေရီ၊ သိမ်လေးသီ အညီရှုကြရာ"** ဟူသော ရှေးပညာရှင်တို့၏ အဆိုနှင့်အညီ **အတ္တ**-မိမိကိုယ်ကို၊ **ပိယ**-ချစ်ခင်နှစ်သက်အပ်သောသူ၊ **မဇ္ဈတ္တ**-အလယ်အလတ်ဖြစ်သောသူ၊ **ဝေရီ**-ရန်သူတည်းဟူသော ပုဂ္ဂိုလ်စသည့် နယ်ပယ်လေးရပ်ကိုစ၍ အစဉ်အတိုင်း ပွားများကြရသည်။

ထိုသို့ပွားများကြရာ၌ မည်သည့်ဘာသာစကား (ပါဠိလိုဖြစ်စေ၊ မြန်မာလိုဖြစ်စေ) ဖြင့် ပို့သည်ဖြစ်စေ၊ မိမိစိတ်ကသာလျှင် ပို့သသည့်ပုဂ္ဂိုလ်ထံသို့ ရောက်ရှိရန်သာ အဓိကဖြစ်ပါသည်။ ယင်းမေတ္တာပွားရခြင်းမှာ ကိုယ်ချင်းစာတရားထားရှိစေရန် အတွက်ဖြစ်ပါသည်။ **(ပိယ)** မိမိချစ်ခင်လေးစား၍ ကြည်ညိုသဒ္ဓါပွားရသော ဆရာတော်၊ သံဃာတော်စသည့် သူတော်ကောင်းပုဂ္ဂိုလ်များ(တဏှာပေမဖြင့် စွဲလမ်းနိုင်သည့်ဇနီး၊ ခင်ပွန်း၊ သားသမီးများမဖြစ်သင့်ပါ) တို့ကို မေတ္တာပွားများရန်ဖြစ်ပါသည်။ **(မဇ္ဈတ္တ)** အလယ်အလတ်ဖြစ်သော ပုဂ္ဂိုလ်၊ **(ဝေရီ)**ရန်သူစသည့် ပုဂ္ဂိုလ်တို့အပေါ် တစ်ဆင့်စီပြောင်း၍ မေတ္တာပွားများရပေမည်။ ဤနယ်ပယ်လေးရပ်အပေါ် အနိမ့်အမြင့်၊ အချစ်အမုန်း၊ ဆင်းရဲချမ်းသာမခွဲခြားဘဲ တစ်မျိုးတည်းရင်ဝယ် သဘောထားလျက် ပို့သပွားများပါက မေတ္တာကမ္မဋ္ဌာန်း အထွတ်အထိပ်သို့ ရောက်ရှိနိုင်ပေသည်။

ဝါခေါင်လ၏ရာသီပွဲတော်တစ်ခုဖြစ်သည့် **"စာရေးတံအလှူပွဲ"**သည် **"စာရေးတံပွဲအစ ဘုရားရှင်လက်ထက်တော်က"** ဟုဆိုသည်နှင့်အညီ အိန္ဒိယနိုင်ငံ၌ မြတ်စွာဘုရားရှင်လက်ထက်တော်ကပင် ပေါ်ထွန်းခဲ့သော အလှူပွဲဖြစ်ပါသည်။ အခါတစ်ပါး၌ ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူလျက်ရှိစဉ် ရာဇဂြိုဟ်တစ်ပြည်လုံး သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းရန် မတတ်နိုင်ကြချေ။ အချို့ဒကာများအနေဖြင့် သံဃာတော်များထဲမှ တစ်ပါးနှစ်ပါး၊ တစ်ကျိပ်နှစ်ကျိပ် စသည်ဖြင့် ရွေးချယ်၍လည်းကောင်း၊ အချို့က စာရေးတံမဲချ၍ မိမိတို့တတ်စွမ်းနိုင်သမျှကိုလည်းကောင်း၊ အချို့က ဥပုသ်နေ့တွင် ဥပုသ်သီလဆောက်တည်ပြီး မိမိတို့စားသောက်ရန် ယူဆောင်လာသော ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်များကိုလည်းကောင်း၊ သံဃာအချို့အား ဆက်ကပ်လှူဒါန်းလိုကြပါသည်။ အချို့ကမူ ဥပုသ်နေ့တွင် သံဃာတော်များအနေဖြင့် ဆွမ်းပေါ်များကြသည့်အတွက် ဥပုသ်ကျော်တစ်ရက်နေ့၌ ဆွမ်းရှားပါးလေ့ရှိသဖြင့် ပို၍ အကျိုးများစေရန် ဥပုသ်ကျော်တစ်ရက်နေ့၌ ဆွမ်းလှူဒါန်းလိုကြပါသည်။

ဤသည်ကို မြတ်စွာဘုရားရှင်ထံသို့ ဒကာများက လျှောက်ထားကြရာ ဘုရားရှင်က သံဃာအားလုံးကို လှူဒါန်းထားသော ဆွမ်း**(သံဃဘတ်)**သံဃာတစ်ပါး၊ နှစ်ပါး စသည်တို့ကို ရည်ညွှန်း၍လှူဒါန်းသော ဆွမ်း **(ဥဒ္ဒေသဘတ်)**၊ ပင့်ဖိတ်၍လှူဒါန်းသော ဆွမ်း(နိမန္တနဘတ်)၊ စာရေးတံမဲချ၍ လှူဒါန်းသောဆွမ်း**(သလာကဘတ်)**၊ လဆန်းပက္ခ၊ လဆုတ်ပက္ခ၌ လှူဒါန်းသောဆွမ်း **(ပက္ခိကဘတ်)**၊ ဥပုသ်နေ့၌လှူဒါန်းသောဆွမ်း **(ဥပေါသထိကဘတ်)**၊ ဥပုသ်ကျော်တစ်ရက်နေ့၌ လှူဒါန်းသော ဆွမ်း **(ပါဒိကဒိကဘတ်)** စသည်တို့ကို လှူဒါန်းနိုင်ကြောင်း ခွင့်ပြုတော်မူခဲ့ပေသည်။ ဤသို့ ဘုရားရှင်က ခွင့်ပြုတော်မူခဲ့သည့်အချိန်မှစတင်ပြီး စာရေးတံမဲချ၍ လှူဒါန်းသော ဆွမ်းအလှူ **(သလာကဘတ်)**သည်လည်း ဖြစ်ပေါ်လာခဲ့ပေသည်။

**ဘုရင်အမှူးပြုသော ရှေးမြန်မာတို့သည် သံဃာတော်များတစုတဝေးတည်း စုဝေးတည်ရှိနေချိန်ဖြစ်သည့် ဝါတွင်းကာလဖြစ်သော ဝါခေါင်လတွင် ဆွမ်း၊ ကွမ်းကိစ္စ အခက်အခဲမဖြစ်စေရအောင် ရည်ရွယ်၍ ဤစာရေးတံမဲကို ကျင်းပခဲ့**

ရှင်တော်မြတ်ဘုရားက. . . **"ကိုယ်တိုင်လာလှူပြီး သူတစ်ပါးအား လှူဒါန်းရန် တိုက်တွန်းခြင်းမပြုသူသည် ဖြစ်လေရာဘဝ၌ စည်းစိမ်ဥစ္စာပြည့်စုံပြီး အခြံအရံနည်းပါးတတ်ကြောင်း၊ မိမိကိုယ်တိုင်မလှူ သူတစ်ပါးကိုလှူရန် တိုက်တွန်းသူသည် ဖြစ်လေရာဘဝ၌ စည်းစိမ်ဥစ္စာချို့တဲ့ပြီး အခြံအရံများတတ်ကြောင်း၊** ကိုယ်တိုင်မလှူရက်၊ သူတစ်ပါးအားလည်း လှူဒါန်းရန်တိုက်တွန်းဖော်မရသူသည် ဖြစ်လေရာဘဝ၌ ဥစ္စာလည်းနည်းပါး၊ အခြံအရံလည်း ရှားပါးတတ်ကြောင်း၊ ကိုယ်တိုင်လည်းလှူ၊ **သူတစ်ပါးအားလည်း လှူဒါန်းရန် တိုက်တွန်းသူသည် ဖြစ်လေရာဘဝ၌ စည်းစိမ်နှင့်လည်းပြည့်စုံ၊ အခြံအရံလည်း ပေါများတတ်ကြောင်း"** ဟောကြားတော်မူခဲ့ရာ ထိုစဉ်ကစတင်ပြီး မိမိကိုယ်တိုင်လည်းလှူ၍ သူတစ်ပါးအားလည်းလှူရန် တိုက်တွန်းဆော်ဩကာ နိဗ္ဗာန်ဆော်ဒကာများ ပေါ်ပေါက်လာခဲ့ပေသည်။

ဗုဒ္ဓမြတ်စွာလက်ထက်တော်အခါက ဘုရားရှင်၏ ခွင့်ပြုညွှန်ကြားတော်မူချက်အရ ရဟန်းတစ်ပါးကို ဆွမ်းညွှန်းသူ **(ဘတ္တုဒ္ဒေသက)**အဖြစ် သံဃသမ္မုတိပေးကာ တင်မြှောက်ထားကြရသည်။ ယင်းတင်မြှောက်ခြင်းခံရသော ရဟန်းသည် **ဆန္ဒာဂတိ**၊ **ဒေါသာဂတိ**၊ **မောဟာဂတိ**၊ **ဘယာဂတိ**ဟူသော အဂတိလေးပါးမလိုက်စားရခြင်း၊ **ညွှန်းပြီး၊ မညွှန်းရသေးတို့ကို သိရှိရခြင်း**စသည့် အင်္ဂါငါးပါးနှင့်ပြည့်စုံရသည်။ ဘုရားရှင်လက်ထက်က ဆွမ်းညွှန်းသူအဖြစ် တင်မြှောက်ခံရသောပုဂ္ဂိုလ်ကား မလ္လာမင်း၏သား ရှင်ဒဗ္ဗမည်သော ရဟန္တာမထေရ်ဖြစ်သည်။

ဆွမ်းညွှန်းရဟန်းသည် စာရေးတံဆွမ်းကိစ္စကို ဆောင်ရွက်သည့်အခါ မည်သည့်ဒကာက လှူဒါန်းသည်ကိုသိရှိစေရန် ဒကာ၏အမည်ကိုရေးသားထားသည့် သစ်သားနှစ်ဖြင့်ပြုလုပ်ထားသော အတံကလေးများကိုဖြစ်စေ၊ ဝါးခြမ်းပြား၊ နှီးပြား၊ ထန်းရွက်၊ ပေရွက်တို့ကိုဖြစ်စေ မဲအဖြစ် အသုံးပြုရသည်။ ထိုစာရေးတံမဲကလေးကို ခြင်းတောင်း၌လည်းကောင်း၊ သက်နံးလိပ်၌လည်းကောင်း၊ ဝါးကျည်တောက်၌လည်းကောင်း ထည့်မွှေပြီး ထပ်တလဲလဲ ထက်အောက်ပြောင်းပြန်လှုပ်ကာ အလှည့်အစဉ်ရှိက အလှည့်အစဉ်ရောက်သည့် ရဟန်းမှစတင်၍ စာရေးတံ မဲနှိုက်ယူစေရသည်။ အလှည့်ကျအစဉ်မရှိပါက မထေရ်ကြီးမှစတင်၍ နှိုက်ယူစေရသည်။

စာရေးတံမဲကျသော သံဃာတော်များသည် စာရေးတံမဲကျရောက်သည့်အိမ်သို့ ဒကာ၏ပင့်လျှောက်ချက်အရ အသီးသီးဆွမ်းစားကြွရပေသည်။ အချို့က ဘွဲ့ရှင်ကိုယ်တော်ထံ ဆွမ်းအုပ်များပို့ကာ လှူဒါန်းကြသည်။ ဤသည်ကို **"စာရေးတံဆွမ်းအလှူပွဲ(သလာကဘတ်)"** ဟု ခေါ်ပါသည်။ ဘုရင်အမှူးပြုသော ရှေးမြန်မာတို့သည် သံဃာတော်များ တစုတဝေးတည်း စုဝေးတည်ရှိနေချိန်ဖြစ်သည့် ဝါတွင်းကာလဖြစ်သော ဝါခေါင်လတွင် ဆွမ်း၊ ကွမ်းကိစ္စ အခက်အခဲမဖြစ်စေရအောင် ရည်ရွယ်၍ ဤစာရေးတံမဲကို ကျင်းပခဲ့ပါသည်။

မူလအစဉ်အလာအတိုင်း ဆွမ်းကိုသာလှူဒါန်းကြသော်လည်း နောက်ပိုင်းတွင် သဒ္ဓါတရားထက်သန်လျှင် ထက်သန်သည့်အလျောက် ပရိက္ခရာရှစ်ပါးအပါအဝင် သံဃာတော်တို့၏ အသုံးအဆောင်ပစ္စည်းများကို ပဒေသာပင်သီး၍ စာရေးတံမဲချ လှူဒါန်းကြသည့်အပြင် ဘုရားထီးတော်တင်ပွဲ၊ သိမ်၊ ကျောင်း၊ ဇရပ် ရေစက်ချပွဲ၊ ဆွမ်းတော်ကြီးလောင်းလှူပွဲစသည့် သာသနာရေးဆိုင်ရာ အခမ်းအနားများတွင် သံဃာတော်များအား ပင့်ဖိတ်လျက် လှူဖွယ်ပစ္စည်းအစုစုတို့ကို စာရေးတံမဲဖောက်၍ လှူဒါန်းလေ့ရှိကြသည်မှာ မြန်မာတို့၏မြတ်နိုးဖွယ်ရာဓလေ့တစ်ခုဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအစည်းအဝေးကျင်းပမှုအား တက်ရောက်အားပေး

**နေပြည်တော် ဩဂုတ် ၂၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် လွှတ်တော်အဆောက်အအုံ လွှတ်တော်ရေးရာဆောင်အမှတ်(အိုင်-၂) ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၌ ကျင်းပလျက်ရှိသော အနုညာတ စီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းညှိနှိုင်းအစည်းအဝေး ကျင်းပမှုကို တက်ရောက်အားပေးသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်များ ရပ်နားခဲ့သော်လည်း ကျန်ရှိနေသောဥပဒေများကို ဆက်လက်ပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ ဥပဒေကြမ်းကော်မတီအနေဖြင့် အစည်းအဝေးများ ဆက်လက်ကျင်းပမည်ဟု သိရှိရသည့်အတွက် ယခုကဲ့သို့အားပေးခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အတွင်းရေးမှူး ဦးစောလှထွန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**






# ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**သီပေါ ဩဂုတ် ၂၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်၌ ဇူလိုင်လအတွင်း ရွာသွန်းခဲ့သော မိုးနှင့် တောင်ကျရေများကြောင့် ဒုဋ္ဌဝတီမြစ်နှင့် နမ့်ပေါ့ချောင်းတို့ ရေလျှံကာ အနိမ့်ပိုင်းဒေသများတွင် ရေလျှံနစ်မြုပ်ခြင်းများ ဖြစ်ပွားခဲ့သည်။

ယခုအခါ မိုးရွာသွန်းမှုစဲသွား၍ မိုးရာသီတွင် ဖြစ်ပေါ်တတ်သည့် သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ ကြိုတင်ကာကွယ်ရေး ပညာပေးခြင်းလုပ်ငန်းများကို မြို့ပေါ်(၁၁) ရပ်ကွက်မှ ကလေးမိခင်များ၊ ရပ်ကွက်နေပြည်သူများကို မြို့နယ်ကျန်းမာရေးဌာန ဆေးရုံအုပ်ကြီး ဒေါက်တာ နန်းရှုပဟန်နှင့် ကျန်းမာရေးဝန်ထမ်းများက ပညာပေးမှုများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၉ ရက်က တောင်မြို့ရပ်ကွက်တွင် ကျန်းမာရေးပညာပေးဟောပြောလျက်ရှိသည်။

ထို့အပြင် မြို့နယ်ကျန်းမာရေး ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်/ ကျေးရွာမှ တာဝန်ရှိသူများပူးပေါင်း၍ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်း၊ ရေတွင်းရေကန်များ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်သော အများပြည်သူတို့ သိရှိလိုက်နာရမည့် အသိပေးခြင်းလုပ်ငန်းများကို မြို့ပေါ်ရပ်ကွက်များ၊ စာသင်ကျောင်းများသို့ သွားရောက်ပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ဆင်တွေကမရိုင်းပါဘူး လူတွေကြောင့်သာ ဖြစ်ရတာပါ

**ငှုလိုင်မိုး(မြန်မာ့အလင်း)**

**မြို့သစ် ဩဂုတ် ၂၉**

"တောဆင်ရိုင်းလို့သာ ပြောတာ ဆင်တွေကကောင်းတယ်။ပြီးတော့ သူတို့ရဲ့ အခြေအနေကို ကြည့်လိုက်တော့ ကောင်းတဲ့လက္ခဏာလေးတွေရှိတယ်။ လူတွေကို ဒုက္ခပေးတဲ့ဆင်မျိုးတော့ မဟုတ်ဘူး။ နောက်ပြီးသူတို့ လမ်းကိုသူတို့ အေးအေးဆေးဆေး သွားကြတယ်။ လူတွေက အနီးကပ်သွားပြီး ဓာတ်ပုံရိုက်တာ စနောက်တာမျိုးတွေလုပ်တော့ လန့်ပြီးတက်နင်းတာ၊ နှာမောင်းနဲ့ရိုက်တာဆိုတဲ့ဖြစ်ရပ်တွေ ဖြစ်ပေါ်ခဲ့ရတာပါ။ အဓိကကတော့ အခုနယ်ကျွံလာတဲ့ ဆင်တွေက မရိုင်းကြပါဘူး။ လူတွေကြောင့်သာဖြစ်ရတာပါ"ဟု တောဆင်ရိုင်းများကို မူရင်းဒေသသို့ ပြန်လည်ပို့ရေးတွင် လိုက်ပါဆောင်ရွက်နေသည့် WCS အဖွဲ့မှ ဦးစောထူးသာဘုန်းက သူ၏လေ့လာတွေ့ရှိချက်များကို ပြောပြသည်။

တောဆင်ရိုင်းများ ဖြတ်သန်းသွားလာရာ လမ်းကြောင်းတစ်လျှောက်တွင် ဆင်အုပ်သည် ပြည်သူများနှင့် စိုက်ခင်းများကို အန္တရာယ်တစ်စုံတစ်ခုမျှ မပေးခဲ့ကြောင်း၊ ဒေသခံပြည်သူများကသာ အရဲကိုး၍ ဆင်အုပ်အနားသို့ အနီးကပ်ကြည့်ခြင်း၊ ခဲဖြင့်ပစ်ပေါက်၍စခြင်း၊ ဆူညံမှုလုပ်ခြင်း၊ ဖုန်းများဖြင့် ဓာတ်ပုံရိုက်ခြင်း၊ တချို့ကလေးများက ဆိုင်ကယ်များ ဖြတ်စီးခြင်းတို့ကြောင့် ဆင်များက ကြောက်လန့်၍ နောက်က ပြေးလိုက်ခြင်းမျိုးရှိကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူတို့က ဆောင်ရန်၊ ရှောင်ရန်အချက်များကို ပညာပေးဟောပြောခဲ့သော်လည်း လိုက်နာမှုမရှိဘဲ ဆင်အုပ်ကို နှောင့်ယှက်နေကြောင်းကို မြင်တွေ့ခဲ့ရသည်။

"WCS အဖွဲ့နဲ့ သစ်တောဦးစီးဌာနက ဦးမောင်ဝင်းတို့က ရွာသားတွေကို ဆောင်ရန်၊ ရှောင်ရန်တွေ ပညာပေးအစီအစဉ်တွေ လုပ်တယ်။ ဒါပေမယ့် လူတွေက အထူးအဆန်းဆိုတော့ ဝိုင်းကြည့်ချင်ကြတာ၊ တချို့ဆို ပြောရတော်တော်ခက်တယ်။ တစ်ခါတလေ လူတွေက ဆင်သွားလမ်းကြောင်းကို ပိတ်ပိတ်နေတော့ သွားမယ့်လမ်းကြောင်းကို သွေဖည်သွားတာမျိုးတွေလည်းရှိတယ်။ ဒီနေ့တော့ ဆင်အုပ်က မြို့သစ်မြို့နယ်ထဲကို ရောက်ရှိနေပြီလို့ သိရပါတယ်။ ဒီနေ့ဦးတို့က ညောင်ဦးနယ်ထဲမှာ ကျန်နေခဲ့တဲ့ ဆင်ငယ်လေးကို သွားကြည့်တာ ကျန်းမာရေးကောင်းပါတယ်။ ဒဏ်ရာလည်း မရှိပါဘူး။ အခြေအနေ အားလုံးကောင်းပါတယ်"ဟု ဦးစောထူးသာဘုန်းက ဆက်လက်ပြောပြသည်။

အဆိုပါ တောဆင်ရိုင်း ခြောက်ကောင်သည် ဩဂုတ် ၁၈ ရက် နံနက် ၆ နာရီမှစ၍ နတ်မောက်မြို့နယ် ရွှေနတ်ကယ်တောင်သို့ ရောက်ရှိလာရာ ဒေသခံ ၂၀၀ ကျော် လာရောက်ကြည့်ရှုကြောင်း၊ ရွှေနတ်ကယ်တောင်ရှိ ကမ္ဘာလုံးအေးစေတီအနားတွင် တစ်နေကုန်ရှိပြီး ဆင်အုပ်နှင့် ဝါးနှစ်ပြန်အထိ အကပ်ခံကြောင်း၊ တောဆင်ရိုင်းအုပ်မှာ ရွှေနတ်ကယ်တောင် ဆရာတော်ကြီး ဦးဝိမလဗုဒ္ဓိ သီတင်းသုံးရာ ကျောင်းတော်ဘက်သို့ မျက်နှာမူနေကြောင်း၊ ညဘက်အချိန်တွင် ဆရာတော်၏ ကျောင်းဘက်သို့ တက်လာရာ ဓာတ်မီးများ ဝိုင်းထိုးခြင်းနှင့် ခွေးဟောင်သံများကြောင့် ဆင်အုပ်မှာ အဆိုပါနေရာမှ ပြန်လည်ထွက်ခွာ သွားကြောင်း ရွှေနတ်ကယ်တောင်ပေါ်ရှိ ဆရာတော် တစ်ပါးက မိန့်သည်။

တောဆင်ရိုင်းအုပ်(ရိုးမပျော်ဆင်အုပ်)သည် ဩဂုတ် ၂၂ ရက်မှ ၂၈ ရက်အထိ မိတ္ထီလာမြို့နယ်၊ တောင်သာမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်နှင့် နတ်မောက်မြို့နယ်တို့ရှိ တောတောင်၊ လျှိုမြောင်များအတွင်းမှ ဖြတ်သန်းသွားရာ ဩဂုတ် ၂၉ ရက်တွင် မြို့သစ်မြို့နယ်အတွင်းရှိ စတုံ ကြိုးဝိုင်းအနီး ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

"ဆင်အုပ်က ဩဂုတ် ၂၈ ရက် ညကနတ်မောက်မြို့နယ် ဒီးဒုတ်ကုန်းနဲ့ ဥသျှစ်မြောင်ကျေးရွာအနီးမှာရှိတဲ့ ရိုးထဲကနေ စထွက်လာတာ။ ဒီနေ့မနက် ၈ နာရီလောက်မှာ မြို့သစ်မြို့နယ် ပုလင်းပြားကြီးကျေးရွာကို ရောက်လာပါတယ်။ လက်ရှိအချိန်မှာတော့ ဘာအန္တရာယ်မှ မရှိပါဘူး။ ဆင်အုပ်က ပုလင်းပြားကြီးကျေးရွာအနီးက လေသာတောင်တန်းအတိုင်း သွားနေတယ်။ အခုက မြို့သစ်မြို့နယ်၊ ရမည်းသင်းမြို့နယ်နဲ့ နတ်မောက်မြို့နယ်ရဲ့ အစပ်မှာ ရောက်နေတာပါ။ ဆင်အုပ်သွားမယ့် လမ်းကြောင်းက အိုင်းမရွာမြောက်ဘက် တောကိုလျှောက်မယ်လို့ ထင်တယ်။ အဲဒါဆိုရင်တော့ သူတို့မူရင်းကျက်စားတဲ့ဒေသ စတုံ ကြိုးဝိုင်းအတွင်းကို ပြန်ရောက်မယ်။ ဒီနေ့ရောက် မရောက်တော့ မပြောနိုင်သေးပါဘူး။ တိရစ္ဆာန်ဆိုတော့ ပြောရခက်တယ်လေ။ လာရာလမ်းကြောင်းကို နောက်ပြန်လှည့်ရင် မပြောတတ်ဘူး။ နောက်မလှည့်ဘဲ ဆက်သွားမယ်ဆိုရင်တော့ သူတို့ကျက်စားတဲ့နေရာကို ဒီနေ့ည ရောက်မယ်လို့ခန့်မှန်းထားတာပဲ။ ကျေးရွာတွေအတွက် အန္တရာယ်လည်းမရှိနိုင်ပါဘူး။ သူတို့သွားနေတဲ့ လမ်းကြောင်းအတိုင်းဆို ရွာတွေနဲ့က တော်တော်ဝေးတယ်လေ။ ဒါပေမယ့် မြို့သစ်မြို့နယ်အတွင်း ဆင်အုပ်နဲ့ အနီးဆုံးရှိတဲ့ရွာတွေကိုတော့ အသိပေးကြေညာတာတွေလုပ်နေပါတယ်" ဟု မြို့သစ်မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

အဆိုပါ တောဆင်ရိုင်းအုပ်သည် မြို့သစ်မြို့နယ် စတုံကြိုးဝိုင်းအတွင်းရှိ စံပယ်တောင်မှ ထွက်ခွာလာသည်ဟု ယူဆထားကြောင်း သိရသည်။

အဆိုပါဆင်ရိုင်းများ နယ်ကျွံလာရခြင်းမှာ ၎င်းတို့နေထိုင်ကျက်စားရာဒေသရှိ သစ်တောများပြုန်းတီးလာခြင်း၊ သစ်တောများခုတ်ခြင်းကြောင့် နေရေးစားရေး အခက်အခဲရှိခြင်း၊ ၎င်းတို့ကျက်စားရာနေရာမှာ ပျက်စီးယိုယွင်းမှုများရှိလာ၍ နေရာရှာရန်လှည့်ပတ်သွားလာရာမှ နယ်ကျွံလာရခြင်း၊ လူအချို့မှာ ကြိုးဝိုင်းအတွင်း တောင်ယာခုတ်ခြင်း၊ လူနေအိမ်များဆောက်ခြင်း စသည်တို့ကြောင့် ဖြစ်သည်ဟု ပညာရှင်အချို့က သုံးသပ်နေကြောင်း သိရသည်။

"နတ်မောက် မြို့နယ်ကနေပြီးတော့ ကွန်ဂျီဆင်အဖွဲ့က မြို့သစ်မြို့နယ်ကို မွန်းလွဲ ၁ နာရီခွဲမှာ ရောက်တယ်။ တောဆင်ရိုင်းအုပ်က ပုလင်းပြားကြီးကျေးရွာအနီး လျှိုမြောင်တွေ အထဲမှာ မျက်ခြည်ပြတ်သွားတဲ့ အတွက် ကွန်ဂျီဆင်ငါးကောင်နဲ့ ရှာခဲ့တယ်။ ညနေ ၄ နာရီကျော်လောက်မှာ ပျောက်သွားတဲ့ဆင်အုပ်ကို လေသာတောင်အောက်ခြေမှာရှိတဲ့ လျှိုမြောင်ထဲမှာ ပြန်တွေ့တယ်။ ညနေ ၆ နာရီမှာ ကွန်ဂျီဆင်ငါးကောင်နဲ့ တောဆင်ရိုင်းအုပ်ကို လျှိုထဲကနေပြီး လေသာတောင် တောင်ဘက်ကိုစတင်မောင်းနှင်ခဲ့တယ်။ သူတို့ မူလကျက်စားရာ ပဲခူးရိုးမ စတုံကြိုးဝိုင်းအတွင်းက စံပယ်တောင်ကို ကွန်ဂျီဆင်တွေနဲ့ ထိန်းကျောင်းမောင်းနှင်မှာ ဖြစ်ပါတယ်"ဟု မြို့သစ်မြို့နယ်အုပ်ချုပ်ရေးမှူးက ဆက်လက်ပြောပြသည်။

အဆိုပါ တောဆင်ရိုင်းအုပ်နောက်သို့ တိရစ္ဆာန်ဆရာဝန် ဒေါက်တာ စည်သူဝမ်ထွန်းနှင့် အဖွဲ့ဝင် ၂၀ ဦး၊ မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူငါးဦး၊ ရဲတပ်ဖွဲ့ဝင် ခုနစ်ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဆင်ဖမ်းအဖွဲ့ ၁၀ ဦးတို့လိုက်ပါ၍ လေသာတောင်ခြေမှ ပဲခူးရိုးမ စတုံကြိုးဝိုင်းရှိ စံပယ်တောင်သို့ ကွန်ဂျီဆင်ငါးကောင်ဖြင့် ထိန်းကျောင်း မောင်းနှင်မည်ဖြစ်ကြောင်း ယနေ့ည ၉ နာရီအချိန်တွင် မြို့သစ်မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။





ဟင်္သာတမြို့နယ်တွင် ရေများပြန်လည်ကျဆင်း ရေဘေးသင့်ပြည်သူများ မိမိနေအိမ်သို့ ပြန်လည်ရောက်ရှိနေထိုင်လျက်ရှိသည်ကို တွေ့ရစဉ်။
(သတင်း၊စာမျက်နှာ-၅)၊ ဓာတ်ပုံ-ဇော်ကြီး(ပဏိတ)

## မိုးစပါးများစိုက်ပျိုးနိုင်ရန် ကူညီဆောင်ရွက်

**ထန်းတပင် ဩဂုတ် ၂၉**

ရန်ကုန် မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်တွင် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့နယ်အတွင်းကျေးရွာအုပ်စု ၂၉ အုပ်စု တောင်သူပေါင်း ၂၃၃၆ ဦးတို့၏ ကွင်းပေါင်း ၁၀၈ ကွင်းတို့တွင် လယ်ဧကပေါင်း ၁၅၁၈၄ ဧက ရေနစ်မြုပ်သွားခဲ့ကြောင်း သိရသည်။

အဆိုပါ လယ်ဧကများမှာ မိုးစပါး ပြန်လည်စိုက်ပျိုးနိုင်သော်လည်း စပါးသီးနှံဧက ၇၄၁၄၊ တန်ဖိုးရှိငွေကျပ်သန်း ၆၇၃ ဒသမ ၅၄ သန်း ပျက်စီးဆုံးရှုံးသွားကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

ထန်းတပင် မြို့နယ်အတွင်း မိုးစပါး ပျက်စီးဧရိယာများအပေါ် ပြန်လည်ထူထောင် စိုက်ပျိုးနိုင်ရေး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြအကူအညီတောင်းခံထားပြီး လိုအပ်သော မျိုးစပါးများကို တောင်သူကြီး ဦးဝင်းမြင့်ထံမှ မျိုးစပါးတင်းပေါင်း ၁၇၀၀ ကို နီးစပ်ရာတောင်သူအချင်းချင်းရယူဆောင်ရွက်ခြင်းဖြင့် တင်းပေါင်း ၁၂၅၀ ခန့်စိုက်ပျိုးနေပြီဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## စလင်းမြို့နယ် ဘိုကုန်းကျေးရွာနေ အိမ်ထောင်စုအချို့ ပြောင်းရွှေ့နေထိုင်လိုမှုအပေါ် ပြောင်းရွှေ့နေထိုင်သင့်သည့်နေရာ ပြန်လည်အကြံပြု

**မကွေး ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဇီးဖြူပင်ကျေးရွာအုပ်စု ဘိုကုန်းကျေးရွာမှ အိမ်ထောင်စု ၃၁ စုမှ မြစ်ကမ်းပါးပြိုကျ၍ နေထိုင်ရန်အခက်အခဲရှိသည့်အတွက် စလင်းမြို့နယ် စလင်-ဆိပ်ဖြူကားလမ်းမကြီးဘေးရှိ တညောင်လျှပ်စစ်မြစ်ရေတင်ဧရိယာအတွင်း စပါးစိုက်လယ်မြေအနီး၌ လူနေအိမ်ဆောက်လုပ်နေထိုင်ရေး တင်ပြခဲ့ကြသည်။

ဘိုကုန်းကျေးရွာတွင် အိမ်ထောင်စု ၇၆ စု၊ လူဦးရေ ၃၂၃ ဦးရှိပြီး မြစ်ကမ်းပါးနှင့် နီးကပ်လျက်ရှိရာ အိမ်ထောင်စု ၃၁ စုမှာ နေထိုင်ရန်အခက်အခဲရှိသဖြင့် ၄င်းအနက် အိမ်ထောင်စု ၁၇ စုသည် ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် ဘိုကုန်းကျေးရွာရှိ ကိုင်းကွက်များတွင် ပြောင်းရွှေ့နေထိုင်ခဲ့ကြောင်း၊ ယခုပြောင်းရွှေ့နေထိုင်လိုသည့် စလင်း-ဆိပ်ဖြူ ကားလမ်းမကြီး၏ဘေးရှိမြေနေရာသည် တညောင်လျှပ်စစ်မြစ်ရေ တင်စီမံကိန်းဧရိယာအတွင်းရှိ စပါးစိုက်မြေနေရာဖြစ်ကြောင်း၊ လူနေအိမ်ဆောက်လုပ်နေထိုင်ပါက စပါးစိုက်ပျိုးသည့် ဧကများ ထိခိုက်လျော့နည်းနိုင်ခြင်း၊ အခြားကျေးရွာများမှလည်း စိုက်ပျိုးမြေများပေါ်သို့ ပြောင်းရွှေ့နေထိုင်လာနိုင်ခြင်း၊ လယ်ယာမြေဥပဒေအရ လယ်မြေများပေါ်တွင် လူနေအိမ်ဆောက်လုပ်နေထိုင်ခွင့်မရှိခြင်းတို့ကြောင့် ၄င်းတို့မူလနေထိုင်ရာ ဘိုကုန်းကျေးရွာအနီးရှိ ကိုင်းကွက်များတွင်သာ ပြောင်းရွှေ့နေထိုင်သင့်ကြောင်း မြို့နယ်ကော်မတီ (၃)ရပ်မှ အကြံပြုထားကြောင်း သိရသည်။

**ကိုမျိုး(ပြန်/ဆက်)**

## စေတုတ္တရာမြို့နယ်တွင် ဆန်နှင့်ရိက္ခာပစ္စည်းများ ဖြန့်ဝေပေးလျက်ရှိ

**မကွေး ဩဂုတ် ၂၉**

စေတုတ္တရာမြို့နယ်တွင် ဇူလိုင်လကုန်ပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးဒဏ်ခံခဲ့ရသည့်ဒေသရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့လှူဒါန်းပစ္စည်းများ စနစ်တကျဝေငှနိုင်ရန် စေတုတ္တရာမြို့နယ် အလှူခံပစ္စည်းများ လက်ခံဖြန့်ဝေရေးစခန်းအနေဖြင့် ရရှိသည့်ထောက်ပံ့ အလှူပစ္စည်းများကို ဒေသအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက် အကူပြုကော်မတီ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများပူးပေါင်း၍ ရေဘေးသင့်ပြည်သူများအားလုံး ထောက်ပံ့ပစ္စည်းများ အမှန်တကယ်လက်ဝယ်ရရှိရေး စနစ်တကျစီမံ ဆောင်ရွက်ပေးလျက်ရှိသည်။

စေတုတ္တရာမြို့နယ်တွင် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးဝေရာ၌ ရေနစ်မြုပ်သည့်မြို့ပေါ်ရပ်ကွက်(၂)ရပ်ကွက်နှင့် ကျေးရွာ ၂၈ ရွာအပြင် ရေနစ်မြုပ်ခြင်းမရှိသည့် ကျေးရွာ ၅၉ ရွာရှိ ဒေသခံပြည်သူများ လတ်တလော စားဝတ်နေရေးအဆင်ပြေစေရေးအတွက် ဆန်နှင့်ရိက္ခာပစ္စည်းများ ထောက်ပံ့ပေးလျက်ရှိရာ ဩဂုတ်လ စတုတ္ထပတ်တွင် ရေနစ်မြုပ်ခြင်းမရှိသည့် ပင်းချောင်းကျေးရွာမှ ဒေသခံပြည်သူများအတွက် စုစုပေါင်းဆန် ၂၆ အိတ်၊ ဆီ ၅၀ ကျပ်သား ဘူး ၂၄ ဘူး၊ ကုလားပဲပိသ္စာ ၃၀၊ အဝတ်အထုပ်မျိုးစုံ ၁၆ ထုပ်၊ ဓာတ်ဆားအထုပ် ၁၀၀ ပါ နှစ်ဖာ၊ ဆေးမျိုးစုံ၊ ခေါက်ဆွဲခြောက်နှင့် အခြားအသုံးအဆောင်ပစ္စည်း ၁၄ မျိုးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရေဘေးသင့်ဒေသမှ ပြည်သူများအတွက် နိုင်ငံ/အဖွဲ့အစည်းများက ထောက်ပံ့ရေးပစ္စည်းများလှူဒါန်း ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ များစေလွှတ်

**နေပြည်တော် ဩဂုတ် ၂၉**

မြန်မာနိုင်ငံရေဘေးသင့်ပြည်သူများအတွက် တရုတ်နိုင်ငံက ကူညီထောက်ပံ့မည့် ယွမ် ၁၀ သန်းတန်ဖိုးရှိ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများကို သယ်ဆောင်လာမည့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ I lyushi-76 အမျိုးအစား လေယာဉ် နှစ်စင်းသည် ဩဂုတ် ၃၀ ရက်တွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်မည်ဖြစ်သည်။

ထို့ပြင် စင်ကာပူကြက်ခြေနီအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကယ်ဆယ်ရေးအဖွဲ့နှစ်ဖွဲ့ကို စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်သို့ ယနေ့နှင့် စက်တင်ဘာ ၃ ရက်တို့တွင် နှစ်သုတ်ခွဲ၍ စေလွှတ်မည်ဖြစ်ပြီး ယင်းဒေသရှိ ကျေးရွာခုနစ်ရွာမှ မိသားစုဝင် ၁၂၀၀ ကျော်တို့ကို ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျေးရွာများသို့ ပဲ၊ ဆန်၊ စားသုံးဆီ၊ စောင် စသည်တို့ ဖြန့်ဖြူးပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ထိုင်းနိုင်ငံဘုရင့်ဆေးတပ်မတော် ဆေးဘက်ဆိုင်ရာအဖွဲ့ဝင်များ ဇလွန်မြို့နယ်ရေဘေးသင့်ပြည်သူများကို လာရောက်ကုသပေး

**ဇလွန် ဩဂုတ် ၂၉**

မြန်မာနိုင်ငံအတွင်း ရေလွှမ်းမိုးရာ ဒေသများသို့ ကျန်းမာရေးလုပ်ငန်းများကူညီစောင့်ရှောက်ရန် ထိုင်းဘုရင့်တပ်မတော်မှ Major General PARINYA Khoonnasee ခေါင်းဆောင်သော ဆေးဘက်ဆိုင်ရာအဖွဲ့ဝင်များသည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် ဒေါင့်ကြီးကျေးရွာသို့ ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက ရောက်ရှိလာပြီး အရိုးအကြောရောဂါ၊ ကလေးသူငယ်များနှင့် အထွေထွေရောဂါလူနာများကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ဒေါင့်ကြီးကျေးရွာတွင် လမ်းမတော်လမ်းနှင့် ၁ လမ်းမှ ၆ လမ်းအထိ၊ ဒေါင့်ကြီးခွဲ အထကကျောင်းများသို့ ခြင်ဆေးဖျန်းခြင်း၊ ရေသန့်စစ်ဆေးခြင်း၊ ဆေးထည့်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ထို့နောက် ဒေါင့်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် အသက်ငါးနှစ်အောက်ကလေးလူနာအမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၂၀၊ အရိုးအကြောရောဂါလူနာ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၄၅ ဦးနှင့်အထွေထွေရောဂါလူနာ အမျိုးသား ၁၄၃ ဦး၊ အမျိုးသမီး ၂၇၅ ဦးတို့ကို ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။



**ငွေသန်း(ပြန်/ဆက်)**

## တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးရွာသွန်းမည့် အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၉**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ ဩဂုတ် ၃၀ ရက်တွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအပေါ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက အထောက်အပံ့များ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၉**

ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများအတွင်း ရေကြီးရေလျှံမှု သဘာဝဘေးဒဏ်ကြောင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ရုံး၊ အဆောက်အအုံနှင့်အင်းများ စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၂၅ ဒသမ ၃၃၅ သန်း ပျက်စီးဆုံးရှုံးခဲ့ပြီး ပုဂ္ဂလိကပိုင် ပျက်စီးဆုံးရှုံးမှုအနေဖြင့် တိရစ္ဆာန်၊ အစာနှင့် ခြံ ၅၄၂၂ ဒသမ ၉၈၈ သန်း၊ ငါး/ပုစွန် ကန်နှင့် လုပ်ငန်းသုံးပစ္စည်း ၂၅၉၇၉ ဒသမ ၇၉၆ သန်း၊ ကျေးလက်အိမ်ရာ ၄၂၉၃ ဒသမ ၇၀၃ သန်း၊ လမ်း/တံတား၊ ရေပေးဝေရေး၊ လျှပ်စစ်မီး၂၄၃၄ ဒသမ ၉၇၃ သန်းဖြစ်သဖြင့် ပျက်စီးဆုံးရှုံးမှု စုစုပေါင်း ၆၀၇၉၅ ဒသမ ၇၉၅ သန်း ရှိသည်။

အဆိုပါ ပျက်စီးဆုံးရှုံးမှုများအပေါ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ထောက်ပံ့ပေးနိုင်မှုမှာ ငွေသား နှင့် ပစ္စည်းတန်ဖိုး ၄၂၀ ဒသမ ၈၇၃ သန်းဖြစ်ပြီး ပြည်တွင်း ပြည်ပအဖွဲ့အစည်းများက ထောက်ပံ့ပေးမှုမှာ ၂၈၈ ဒသမ ၃၄၃ သန်းနှင့် အမေရိကန်ဒေါ်လာ ၃၁၀၄၀ ဖြစ်သည်။

ထို့ပြင် တိရစ္ဆာန်ကောင်ရေ ၁၃၈၈၉၇ ကို ကာကွယ်ဆေးထိုးပေးနိုင်ခဲ့ပြီး ကောင်ရေ ၄၈၃၈၀ ကို အထွေထွေကုသပေးနိုင်ခဲ့ကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

# ကံ့ကော်တစ်ထောင်ဆရာတော်နှင့် တပည့်များက ရေဘေးသင့်ဒေသများသို့ သွားရောက်လှူဒါန်း

**ဘိုကလေး ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ပေချောင်းကြီးကျေးရွာ ကံ့ကော်တစ်ထောင်ဆရာတော်နှင့် မလေ့၊ မဂူ၊ အေးရွာ ကျေးရွာအုပ်စုများမှ ရွာသူရွာသားများပူးပေါင်း၍ ကျိုက်လတ်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများသို့ ဆန်၊ အသုံးအဆောင်ပစ္စည်းများနှင့် ငွေကျပ်သိန်း၂၀ ကို ဩဂုတ် ၂၈ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကာလတန်ဖိုးငွေကျပ် စုစုပေါင်း သိန်း ၅၀ အကုန်အကျခံ လှူဒါန်းသည့် အဆိုပါလှူဒါန်းမှုအစီအစဉ်ကို ကံ့ကော်တစ်ထောင်ဆရာတော်ကြီးက ကြီးမှူး၍ မလေ့၊ အေးရွာ၊ မဂူကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာသူ ကျေးရွာသားများ စုပေါင်းကာ ဆန်အိတ် ၅၂ အိတ်၊ စောင်အထည် ၈၀၊ ခြင်ထောင်အလုံး ၂၀၊ ဆပ်ပြာမှုန့်အထုပ် ၁၀၀၊ သက်န်းအစုံ ၅၀၊ ဆေးပစ္စည်းများ၊ ဗလာစာအုပ်ဒါဇင် ၁၀၀၊ မုန့်ပုံး ၁၀ ပုံးနှင့် ငွေသားကျပ် ၂၀ တို့ကို ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရေဘေးသင့်ကျေးရွာများအရောက် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်းနှင့် ပြန်စိုက်ဧက

၂၀၁၅ ခုနှစ် ဩဂုတ် ၂၉ ရက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၁၂၇ | ၂၈၄၇၄ | ၁၅၆၆၃ | ၁၂၇၉၁ | ၆၁၂၂ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၈ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၇၄၀ | ၅၇၄၀ | ၅၇၄၀ | ၃၂၂၀ | ၃၇၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၉၀၀၅၈ | ၁၈၆၉၆၂ | ၁၅၂၆၈၂ | ၁၂၁၃၈၅ | ၅၃၀၃၈ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၉၈၉ | ၁၅၂၈၄၇ | ၅၄၆၈၆ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၁၀၃၈၀ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၂၀၇၄၀၃ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၉၇၉၄၁ | ၇၆၉၄၁ | ၄၉၆၉၉ | ၆၅၃၃ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၃၇၃ | ၁၃၃၇၃ | ၃၈၆၄ | ၂၆၅၄ | ၃၁၈ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၅၆၃၂ | ၂၃၇၂၄၉ | ၂၄၇၆၂၂ | ၁၉၉၈၃၃ | ၁၀၂၇၄ |
| | စုစုပေါင်း | ၁၄၄၆၆၈၉ | ၁၃၅၁၆၅၃ | ၁၁၀၅၈၀၉ | ၈၂၅၇၃၅ | ၃၄၉၂၀၉ |

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၉

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီတိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၀ တွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၁. ၈၅' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၉၀' |
| ၃။ | ကင်းတပ်ရေထိန်းတမံ | ၃၈၂၉၅ | ၀. ၈၀' |
| ၄။ | ရာဇဗြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၂. ၂၀' |
| ၅။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၀. ၆၅' |
| ၆။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၁. ၆၀' |
| ၇။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၀. ၉၀' |
| ၈။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၈၀' |
| ၉။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၄၀' |
| ၁၀။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၃၀' |
| ၁၁။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၄၀' |
| ၁၂။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၀၀' |
| ၁၃။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၂၀' |
| ၁၄။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၁၀' |
| ၁၅။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၄၀' |
| ၁၆။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၁. ၄၇' |
| ၁၇။ | စဥ့်ကူးချောင်းဂေါင်း ရေလှောင်တမံ | ၂၂၂၉ | ၀. ၃၀' |
| ၁၈။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၈၀' |
| ၁၉။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၀. ၉၀' |
| ၂၀။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၀. ၅၀' |
| ၂၁။ | မာလဲနတ်တောင်ရေလှောင်တမံ | ၅၀၉၇၀ | ၀. ၉၀' |
| ၂၂။ | ရွှေနတ်တောင်ရေလှောင်တမံ | ၅၂၅၀ | ၀. ၄၀' |
| ၂၃။ | ချောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၄၀' |
| ၂၄။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁. ၅၀' |
| ၂၅။ | ဘန့်ဘွေးကုန်း | ၁၇၃၅ | ၀. ၆၈' |
| ၂၆။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၂. ၇၀' |
| ၂၇။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၃. ၆၀' |
| ၂၈။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၀. ၄၉' |
| ၂၉။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၆၀' |
| ၃၀။ | မုံးရင်ရေလှောင်တမံ | ၂၅၉၀၀ | ၀. ၈၀' |
| ၃၁။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၈၀' |

**(သတင်းစဉ်)**

# မြန်မာ့လက်ရွေးစင်အသင်း ယူအေအီးကို တစ်ဂိုးဖြင့်ကပ်၍ရှုံးနိမ့်

**သတင်းနှင့်ဓာတ်ပုံ ညီမြတ်သော်တာ**

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ အာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲများ ယှဉ်ပြိုင်နေသည့် ယူအေအီးလက်ရွေးစင်အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းတို့သည် ဩဂုတ် ၂၈ ရက် ညပိုင်းက ယူအေအီးနိုင်ငံ၊ အဘူဒါဘီမြို့၌ ခြေစမ်းကစားခဲ့သည်။

**ယူအေအီး-တစ်ဂိုး**

**မြန်မာ-ဂိုးမရှိ**

လူငယ် ကစားသမားအများအပြားနှင့် အသစ်ဖွဲ့စည်းထားသည့် မြန်မာ့လက်ရွေးစင်အသင်း၏ ပွဲဦးထွက်ပွဲစဉ်ကို မြန်မာဘောလုံးပရိသတ်များ စိတ်ဝင်တစားရှိခဲ့ပြီး မြန်မာအသင်းမှာလည်း ယူအေအီးအသင်းကို တစ်ဂိုးဖြင့်သာကပ်၍ ရှုံးနိမ့်ခဲ့သည်။ ယူအေအီးအသင်းမှာ ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့်အသင်းဖြစ်၍ အမာခံကစားသမားများ အစုံအလင် အသုံးပြုခဲ့သော်လည်း ပထမပိုင်းပြီးခါနီးတွင် သွင်းယူခဲ့သည့် တစ်ဂိုးဖြင့်သာ အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းမှာ ပွဲထွက်လူစာရင်း၌ ယခင်လက်ရွေးစင်ကစားသမားများဖြစ်သည့် ရန်အောင်ကျော်၊ ကြည်လင်း၊ ကျော်ကိုကို၊ ဒေးဗစ်ဒန်း၊ အောင်ဇော်၊ ဇော်မင်းထွန်းတို့ခြောက်ဦးကို အမာခံထားကာ ယူ-၂၃ ကစားသမားများဖြစ်သည့် ကျော်ဇင်ဖြိုး(ဂိုး)၊ စည်သူအောင်၊ သီဟဇော်၊ နေလင်းထွန်း၊ ယူ-၂၃ ကွင်းလယ်ကစားသမား ကျော်မင်းဦးတို့ကို အသုံးပြုခဲ့သည်။ နည်းပြ အေဗရာမိုဗစ်မှာ အသင်း ကိုပြန်လည် ဖွဲ့စည်းထားခြင်းဖြစ်သောကြောင့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲ မပြုလုပ်ခဲ့ခြင်းဖြစ်ဖွယ်ရှိပြီး အောင်သူ၊ သန်းပိုင်၊ ရဲကိုဦး၊ နန္ဒကျော်၊ ကျော်ဇင်လွင်စသည့် ကစားသမားများကို နောက်မှလဲကစားခဲ့သည်။

မြန်မာအသင်းမှာ အဝေးကွင်း၌ သွားရောက် ခြေစမ်းခြင်းဖြစ်သော်လည်း တစ်ဖက်သတ်ဖိကစားခံရခြင်းမရှိဘဲ ယူအေအီးဂိုးပေါက်ကို ပြန်လည်ခြိမ်းခြောက်နိုင်ခဲ့သည်။ ဂိုးရနိုင်သည့် အခွင့်အရေးများရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ မြန်မာအသင်း ဂိုးမရခြင်းဖြစ်ပြီး ယူအေအီးအတွက် အနိုင်ဂိုးကို ပထမပိုင်းပြီးခါနီး၌ အက်ဗာရီက သွင်းယူခဲ့သည်။ မြန်မာအသင်းကို ယူအေအီးနိုင်ငံရောက် မြန်မာပရိသတ်များလာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။



မြန်မာနှင့် ယူအေအီးတို့ ယှဉ်ပြိုင်နေစဉ်။

# သဘာဝဘေးဒဏ်သင့် ရခိုင်ပြည်နယ်မှဒေသများ၏ ပညာရေးကို ရေတို၊ ရေရှည်ဆောင်ရွက်ပေးနိုင်မှ မူလအခြေအနေသို့ရောက်နိုင်မည်

သတင်းဆောင်းပါး-လေးဝတီထွန်းစောခိုင်
ဓာတ်ပုံ-ဥညစော

**သဘာဝဘေးဆိုသည်နှင့် လူတိုင်းစိုးရွံ့ကြောက်လန့်ကြသည်။ တိုင်းရင်းသားသွေးချင်းတို့၌ာနေ ရခိုင်မြေ၊ တစ်နည်းအားဖြင့်ဆိုသော် မြန်မာနိုင်ငံ၏ အနောက်တံခါး၊ နိုင်ငံ၏အဓိကကျသော နေရာ၊ သဘာဝအရင်းအမြစ်များပေါများရာ ရခိုင်ပြည်နယ်။ ဤမြေ၊ ဤရေ၊ ဤဒေသသည် ဤနှစ်တွင် ရာသီဥတုဖောက်ပြန်မှု သဘာဝဘေးဒဏ်ကို ကြိမ်ဖန်များစွာ ဆိုးရွားစွာခံခဲ့ရသည်ကို လူတိုင်းသိကြပေသည်။**

မေလတွင် မိုးပြတ်လပ်မှုဒဏ်ကြောင့် ရေရှားပါးမှုဒဏ်ကို ခံခဲ့ရသည်ကလည်း ဒေသတိုင်းလိုလို၊ ဇွန်လလယ် မိုးရွာပြန်တော့လည်း သဲကြီးမဲကြီး။ ဇွန်လမိုးကြောင့် ရခိုင်ပြည်နယ်တောင်ပိုင်းမှ မြို့နယ်များဖြစ်သည့် အမ်း၊ တောင်ကုတ်၊ သံတွဲ၊ ဂွမြို့နယ်များ ရေလွှမ်းမိုးခြင်း၊ တောင်များပြိုကျခြင်း၊ ချောင်းကမ်းပါးများ ပြိုကျခြင်းစသည့်ဒဏ်ကိုခံခဲ့ကြရသည်။ အချို့မြို့နယ်များသည်လည်း ထိုနည်းတူစွာပင်။ သို့သော် သဘာဝဘေး၏ ဆိုးရွားမှုဒဏ်သည် ဤမျှလောက်နှင့် ဒုက္ခပေး၍ မကျေနပ်သေး။ နောက်တစ်ဖန်ထပ်ကာ ဒုက္ခပေးပြန်တော့သည်။ ဇူလိုင်လနှောင်းပိုင်း မိုးက အားနှင့်မာန်နှင့် ရက်ရှည်ရွာသွန်းသည်။ ဘင်္ဂလားပင်လယ်ထဲက ကိုမန်ဆိုင်ကလုန်းမုန်တိုင်းက ခြိမ်းခြောက်လာသည်။ ရခိုင်ကမ်းရိုးတန်းနှင့် တဖြည်းဖြည်းနီးလာသည်။ ဇူလိုင် ၃၀ ရက် ကိုမန်မုန်တိုင်းက စစ်တွေ၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့များအနီးမှ ဖြတ်သန်းသွားသည်။ ထိုအချိန် လေပြင်းတိုက်ခြင်း၊ မိုးကြီးခြင်းတို့ နေရာအနှံ့ဖြစ်ပွားသည်။ မင်းပြား၊ ကျောက်တော်၊ မြောက်ဦး၊ ပေါက်တော၊ မြေပုံနှင့် ပေါက်တောမြို့နယ်များတွင် မိုးအလွန်ကြီးသည်။ မြေနိမ့်ဒေသမှ လူများဘေးလွတ်ရာသို့ အိုးအိမ်စွန့်ကာပြေးကြရသည်။ မုန်တိုင်းနောက်မိုးသည်မတန့်သေး ဆက်၍ရွာသည်။ မင်းပြား၊ မြောက်ဦး၊ ကျောက်တော်မြို့နယ်များ ဆိုးရွားစွာရေလွှမ်းခံရသည်။ လူများအသက်လုကာ ပြေးရပြီ။ ကလေးငယ်များ စာသင်ခန်းများမှ ဆုတ်ခွာရပြီ။ ဘေးလွတ်ရာသို့ ခိုလှုံရပြီ။ အားလုံးက အသက်ဘေးလွတ်ကြောင်းပင်ဖြစ်သည်။

### သဘာဝကဒုက္ခပေး ပညာရေး

ရခိုင်ပြည်နယ်၏ပညာရေးသည် ယခုနှစ်အနည်းငယ် တိုးတက်မှုရောင်ခြည်သန်းလာသည်။ သို့သော်အရှိန်အဟုန်ကို တုံ့ဆိုင်းစေတာက သဘာဝဘေး။ ဇွန်လအတွင်းက ရခိုင်ပြည်နယ်တောင်ပိုင်းမြို့များ ရေလွှမ်းခံရ၍ ကျောင်းအချို့ပိတ်ထားခဲ့ရသည်။ နောက်တစ်ဖန် ရခိုင်ပြည်နယ်မြောက်ပိုင်းမြို့များ ရေလွှမ်းဒဏ်နှင့် မုန်တိုင်းဒဏ်ခံရ၍ ကျောင်းများပျက်စီးခဲ့ရသည်။ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများသည် ပညာသင်နှစ်အတွက် တာထွက်နေသောလများဖြစ်သည်။ ဤကြားထဲ သဘာဝဘေးက ရခိုင်ပြည်နယ် ပညာရေးကို ယခုနှစ်တွင် နှစ်ကြိမ်တိုင် ဒုက္ခပေးခဲ့သည်။ ကျောင်းသား ကျောင်းသူများအတွက် အဓိကအချိန်များ ဆုံးရှုံးသွားရသည်။

မုန်တိုင်းဒဏ်ကြောင့် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်းနှင့် ပေါက်တောမြို့နယ်များမှကျောင်းများ ပျက်စီးသွားသည်။ မင်းပြား၊ မြောက်ဦး၊ ကျောက်တော်မြို့နယ်များမှ ကျောင်းများ ရေလွှမ်းဒဏ်ခံရ၍ ပျက်စီးသွားသည်။

"ကျွန်တော်တို့ရွာမှာ ရေလွှမ်းသွားတာကြောင့် အိမ်တွေရော၊ စာသင်ကျောင်းပါ ပျက်စီးသွားပါတယ်။ ကလေးတွေကိုတော့ အမြန်ဆုံးစာသင်နိုင်အောင် လူကြီးတွေရော ရွာသားတွေပါ ဝိုင်းဝန်းပြီးစီစဉ်နေပါပြီ"ဟု မင်းပြားမြို့နယ် ကျွဲတက်ရွာမှ ရွာသားတစ်ဦးက ဖုန်းကတစ်ဆင့် ၎င်းတို့ရွာ၏ ရေဘေးအလွန်အခြေအနေကို ပြောပြသည်။

ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သဘာဝဘေးဒဏ်ကြောင့် ရခိုင်ပြည်နယ်တစ်ခုလုံးတွင် ကျောင်းပေါင်း ၄၈၂ ကျောင်း ပျက်စီးသွားကာ ထိုအထဲတွင် လုံးဝပျက်စီးသွားပြီးပြန်လည်ဆောက်လုပ်ရမည့် ကျောင်း ၈၂ ကျောင်းရှိကြောင်း၊ ကျောင်းသား ကျောင်းသူပေါင်း ၂၃၀၀၀၀ ခန့် ရေဘေးဒဏ်ခံခဲ့ရကြောင်း၊ ပုံနှိပ်စာအုပ်အစုံပေါင်း ၁၄၉၈၃၀ ခန့် ပျက်စီးသွားကြောင်း၊ အသစ်ပြန်လည်တည်ဆောက်ရန်နှင့် ပြုပြင်မွမ်းမံရန်ငွေကျပ် ၂၃၃၅၁ ဒသမ ၉၄ သိန်းခန့် လိုအပ်လျက်ရှိကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

"ကျွန်တော်တို့ မုန်တိုင်းတိုက်နေစဉ်၊ ရေကြီးနေကတည်းက ကျောင်းတွေကို အမြဲဖုန်းဆက်ပါတယ်။ အခက်အခဲတွေ၊ ပျက်စီးမှုတွေကို အဆင့်ဆင့်တင်ပြစေပါတယ်။ အမြန်ဆုံးတင်ပြပေးကြပါလို့လည်းပြောပါတယ်။ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်မှာရှိတဲ့ ကျောင်းတွေက မုန်တိုင်းဒဏ်ခံရသလို မြောက်ဦး၊ မင်းပြား၊ ကျောက်တော်မြို့နယ်က ကျောင်းတွေက ရေဘေးဒဏ်ခံရပါတယ်။ မုန်တိုင်းပြီးလို့ ရေကျသွားတာနဲ့ ကလေးတွေကို စာသင်ပေးနိုင်ဖို့ အမြန်ဆုံးစီစဉ်ဆောင်ရွက်ခဲ့ရပါတယ်"ဟု ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးလှစိန်ထွန်းက ပြောပြသည်။

သဘာဝဘေးဒဏ်ကြောင့် ကျောင်းပေါင်း ၇၂၀ ကို ယာယီပိတ်ထားခဲ့ရကြောင်း၊ လုံးဝပျက်စီးသွားသော ကျောင်းများမှ ကျောင်းသားများကို ဘုန်းကြီးကျောင်း၊ ဓမ္မာရုံ၊ ကျောင်းသင်္ခမ်းများ၌ စာသင်ပေးနေကြောင်း၊ ကျောင်း ၄၀ ကျော်အတွက် ယာယီစာသင်ကျောင်းများကို စက်တင်ဘာလအတွင်း အပြီးတည်ဆောက်ပေးနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း စသည်ဖြင့် ၎င်းက ဆက်လက်ရှင်းပြသည်။

### သဘာဝဘေးသင့်သူဝိုင်းဝန်းကူ

သဘာဝဘေးဒဏ်သင့်ခံရသော ဒေသများသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့ကြသည်။ ရခိုင်ပြည်နယ်ရှိ မြို့နယ်အသီးသီးမှ လူမှုအဖွဲ့အစည်းစုံညီစွာ တက်တက်ကြွကြွဆောင်ရွက်ပေးကြသည်။ ရက်ရက်ရောရော လှူဒါန်းခဲ့ကြသည်။ မြန်မာပြည်တစ်နံတစ်လျားမှ အဖွဲ့အစည်းများလည်း ပါဝင်လာကြသည်။ လှူဒါန်းလာကြသည်။ ပြည်နယ်တွင်းနှင့် ပြည်နယ်ပြင်ပလှူဒါန်းကြသော ပစ္စည်းများတွင်လည်း ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များနှင့်စာရေးကိရိယာ မျိုးစုံတို့ပါဝင်ကြောင်း မြင်တွေ့ရသည်။ အချို့ဆို တစ်ဆင့်ကြားရသည်။



မင်းပြားမြို့နယ်၊ င/တက် မူ(လွန်)ကျောင်းပျက်စီး၍ ယာယီပြင်ဆင်ကာ စာသင်နေပုံ။

နိုင်ငံတော်မှ ပံ့ပိုးပေးခဲ့သော အတန်းစုံအတွက် ပုံနှိပ်စာအုပ်ပေါင်း ၄၉၂၂၅ စုံကို ဩဂုတ် ၁၈ ရက်က စစ်တွေမြို့သို့ စစ်ရေယာဉ် ၆၀၂ စင်းဖြင့် ပို့ဆောင်ခဲ့ပြီး လိုအပ်သော ကျောင်းများသို့ဖြန့်ဝေပေးပို့ပြီးဖြစ်ကြောင်း၊ နောက်ထပ်လိုအပ်သော စာအုပ်များနှင့် စာရေးခုံများလည်း မကြာမီရောက်လာမည်ဖြစ်ကြောင်း ပြည်နယ်အတွင်း စာအုပ်ဆိုင်များမှလည်း ဝယ်ယူပြီး အမြန်ဆုံးဖြန့်ဝေနိုင်ခဲ့ကြောင်း သိရသည်။

### ရေတိုရေရှည်စီမံချက်ဖြင့် ဆောင်ရွက်ရန်လိုအပ်

ယခုကြုံတွေ့ခဲ့ရသော သဘာဝဘေးဆိုးတွင် မုန်တိုင်းဒဏ်သည်ကြီးကြီးမားမားမပြင်းထန်သော်လည်း ရေလွှမ်းမိုးဒဏ်သည် နှစ်ပေါင်းတစ်ရာကျော်အတွင်း အဆိုးရွားဆုံးဖြစ်ကြောင်း ရှေးမီ၊ နောက်မီလူကြီးများ၏ ပြောပြချက်များအရ သိရသည်။

ရေဘေးသင့်ဒေသမှ ကလေးငယ်များ အကြောက်တရားလွှမ်းမိုးမှုဒဏ်ခံနေရသည်။ သဘာဝဘေးဆို မကြားဝံ့အောင်ဖြစ်နေကြသည်။ စာရင်းများပြုစုရာတွင် နေရာအနှံ့ရောက်နိုင်အောင် ပြုစုရန်လိုအပ်သည်။ မင်းပြားမြို့နယ်တွင် ဝေးလံခေါင်သီသောနေရာများမှ ကျောင်းများပျက်စီးမှုစာရင်း တင်ပြရာတွင် ပါမလာတော့ဘဲ ယနေ့ထိ စာရင်းမဝင်ဖြစ်နေကြောင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေသူတစ်ဦး၏ မျက်မြင်ကြုံတွေ့ဖြစ်စဉ်များကို ပြောပြချက်အရ သိရသည်။

ရခိုင်ဒေသသည် သဘာဝဘေးဒဏ်ကို အတွေ့အကြုံရှိ၍သာ ပျက်စီးဆုံးရှုံးမှုကို အနည်းဆုံးဖြစ်အောင် ရင်ဆိုင်နိုင်ခဲ့ကြခြင်းဖြစ်သည်။ သဘာဝဘေးဒဏ်ကြုံတွေ့ပါက လူများအန္တရာယ်ကင်းရှင်းစွာခိုလှုံ၍ရအောင် အဆောက်အအုံများစွာလိုအပ်သည်။ အထူးသဖြင့် ရခိုင်ဒေသတွင် များစွာလိုအပ်ပေသည်။ သို့ဖြစ်၍ ရခိုင်ဒေသ၌ အသစ်ဆောက်လုပ်မည့် ကျောင်းဆောင်များကို ဘက်စုံသုံးအဆောက်အအုံများဖြစ်အောင်၊ တစ်နည်းအားဖြင့် သဘာဝဘေးခိုလှုံရာကျောင်းဆောင်များဖြစ်အောင် ဆောက်လုပ်ပေးရန်လိုအပ်ကြောင်း ဒေသအသီးသီးမှ ပြည်သူများ၏ ပြောပြချက်အရ သိရသည်။

ယခု သဘာဝဘေးဆိုးဒဏ်ခံရသော ရခိုင်ဒေသပညာရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လျှပ်တစ်ပြက် ဆောင်ရွက်ရုံနှင့် အောင်မြင်မည်မဟုတ်ဘဲ ရေတိုရေရှည်စီမံချက်ဖြင့် ဆောင်ရွက်မှသာ မူလအခြေအနေသို့ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း လေ့လာသိရှိမှုများကို ရေးသားလိုက်ရပေသည်။



ပုဏ္ဏားကျွန်းမြို့နယ် ပြင်လျားရှည်ရွာ အထက(ခွဲ) မုန်တိုင်းကြောင့် ပျက်စီးသွားပုံ။

## မိုးစပါးစိုက်ပျိုးမှု မြေဩဇာကြဲပက်

ဆော ဩဂုတ် ၂၉

မကွေးတိုင်းဒေသကြီး ဆောမြို့နယ်ရှိ တောင်သူဦးကြီးများသည် မိုးစပါးစိုက်ပျိုးရာတွင် ရေသွယ်ယူ၍သော်လည်းကောင်း၊ ရေကိုသိုလှောင်၍လည်းကောင်း၊ စက်ဖြင့်ရေတင်၍လည်းကောင်း၊ သဘာဝမိုးရေဖြင့်လည်းကောင်း မိုးစပါးများကို စိုက်ပျိုးကြရာ ယခုနှစ်စိုက်ပျိုးရာသီတွင် ပုလဲသွယ်၊ ဆင်းသုခ၊ ရတနာမိုးနှင့် မော်ဘီမျိုးများကို အားထားစိုက်ပျိုးကြသည်ကို တွေ့ရသည်။

အဆိုပါ လယ်မြေများ၌ ဩဂုတ်လအတွင်း ပိုးသတ်ဆေးများ ပက်ဖျန်းခြင်း၊ လယ်ကြားထိုးခြင်း၊ ဓာတ်မြေဩဇာကြဲပက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ပိုးမွှားကင်းစင်ပြီး အပင်များကြီးထွားကာ စပါးအထွက်နှုန်း ပိုလာမည်ဟု ဇေယျာရပ်ကွက်ရှိ တောင်သူ ဒေါ်ဩဘာကြည်က ပြောသည်။ (၁၀၁)

## ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၂၉

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် မိုးပိုလာနိုင်သည်။ (မိုး/ဇလ)

# နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်သို့ လာရောက်လေ့လာသူများပြား

**နတ်မောက် ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အောင်ဆန်းရပ်ကွက်ရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်သို့ ရပ်နီးရပ်ဝေးမှ ပြည်သူများ လာရောက်ကြည့်ရှုသူများပြားကြောင်း သိရသည်။

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်ကို ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနကြီးကြပ်မှုဖြင့် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်သည်။ ပိတ်ရက်မှာ တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များဖြစ်သည်။ ဧည့်သည်များ လေ့လာမှတ်သားနိုင်ရန် ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိမှတ်တမ်းဓာတ်ပုံများနှင့် မိဘများ၏ ဆွေစဉ်မျိုးဆက် ဆင်းသက်ခဲ့သူ မှတ်တမ်းများထားရှိသည်။ လာရောက်ကြည့်ရှုသူများ ဗိုလ်ချုပ်အောင်ဆန်း ငယ်စဉ် နေအိမ်ခြံဝင်း အစဉ်စိမ်းလန်းစိုပြည်ရေးကို ရှေးရှုပြီး ပါဝင်လှူဒါန်းနိုင်ရန် အလှူခံပုံးထားရှိကာ သက်ဆိုင်ရာ ဌာနဆိုင်ရာများဖြင့် ဖွင့်ဖောက်၍ ငွေကြေးများကို မြန်မာ့စီးပွားရေးဘဏ်တွင် အပ်နှံကြောင်း သိရသည်။

**လှဝင်း(ပြန်/ဆက်)**



# ယောဓလေ့ရိုးရာ ယဉ်ကျေးမှုများ ထိန်းသိမ်းသင့်

**ကျောက်ထု ဩဂုတ် ၂၉**

“ယော”အရပ်ဒေသသည် မကွေးတိုင်းဒေသကြီးတွင်ပါဝင်၍ ပုံတောင်၊ ပုံညာတောင်ဒေသနှင့် ချင်းတောင်တန်းကြားရှိ လွင်ပြင်ဒေသကိုခေါ်သည်။ အဆိုပါဒေသ၌ ဗမာကိုးမျိုးတွင် တစ်မျိုးဖြစ်သည့် ယောဗမာလူမျိုးများ အများစုနေထိုင်ကြသည်။ ယောအရပ်ဒေသတွင် ဗမာစကားကို ပြောဆိုကြသော်လည်း လေယူလေသိမ်းနှင့် အသံထွက်ရှိပုံ ကွဲပြားမှုရှိသည့်အတွက် သီးခြားစကားကဲ့သို့ဖြစ်နေကာ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များလည်း တစ်မျိုးတစ်ဘာသာဖြစ်တည်နေသည်များရှိသည်။

ယောဓလေ့ယဉ်ကျေးမှုဓလေ့များအနက် သနပ်ခါးပါးတို့ပွဲကျင်းပသည့်ဓလေ့၊ အိုးစည်ပြိုင်ပွဲကျင်းပသည့် ဓလေ့၊ ဖယောင်းထောင်ချပွဲကျင်းပသည့် ဓလေ့တို့မှာ လူသိများသည်။ အဆိုပါယဉ်ကျေးမှုဓလေ့များနှင့် ဒေသ၏ရိုးရာဓလေ့များ မပျောက်ပျက်စေရေးအတွက် ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသ ပြင်လယ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဩဂုတ် ၂၅ ရက်က သံဃာတော်များ၊ လူမှုရေးအသင်းအဖွဲ့များ တွေ့ဆုံဆွေးနွေးကြရာ ယောဒေသတွင် ပါဝင်သည့် ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ ကျောက်ထု၊ ကျော စသည့် မြို့နယ်များတွင် ယောဓလေ့ရိုးရာယဉ်ကျေးမှုများ မပျောက်ပျက်အောင် ကျင်းပဆောင်ရွက်နိုင်ရေး ထည့်သွင်းဆွေးနွေးကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မြို့နယ်ပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ အောင်မြေသာစံမြို့နယ်အသင်း ပထမဆုဆွတ်ခူး

**မန္တလေး ဩဂုတ် ၂၉**

၂၀၁၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး မြို့နယ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီးပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲက မန္တလာသီရိအဆင့်မြင့်အားကစားကွင်း၌ကျင်းပရာ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်းစုံမှ ပြေးခုန်ပစ်အားကစားမောင်မယ် ၃၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ယနေ့ ဗိုလ်လုပွဲ ပြိုင်ပွဲ ပွဲစဉ်လူသစ်တန်း မီတာ ၅၀၀၀ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ၊ မီတာ ၁၀၀×၄၊ မီတာ ၂၀၀×၄ အမျိုးသား၊ အမျိုးသမီးလက်ဆင့်ကမ်းအပြေးပြိုင်ပွဲတို့၌ အားကစားသမားများက ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်၊ ပညာရေးကောလိပ်(မန္တလေး) ကျောင်းအုပ်ကြီး ဒေါ်ခင်မြသက်၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ဒုတိယကျောင်းအုပ်များ၊ တိုင်းဒေသကြီးပြေးခုန်ပစ်ဆပ်ကော်မတီအတွင်းရေးမှူး ဦးခင်မောင်လွင်နှင့် တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်များချီးမြှင့်ကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်က အမျိုးသမီးအသင်းလိုက်ပထမ တံခွန်စိုက်ဆုရ မလှိုင်မြို့နယ်အသင်း၊ အမျိုးသားအသင်းလိုက် ပထမတံခွန်စိုက်ဆုနှင့် စွယ်စုံတံခွန်စိုက် ပထမဆုရ မန္တလေးအောင်မြေသာစံမြို့နယ်အသင်းတို့ကို တံခွန်စိုက်ဆုဖလားများ၊ ငွေသားဆုများချီးမြှင့်ခဲ့ကြောင်းနှင့် အဆိုပါပြိုင်ပွဲကို ဩဂုတ် ၂၆ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# သမိုင်းဝင် တန့်ကြည်တောင် ဘုရားပွဲတော်အတွက် အထူးရထားပြေးဆွဲ

**ဆိပ်ဖြူ ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် တန့်ကြည်တောင် စွယ်တော်မြတ်စေတီဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်ဝါခေါင်လတွင် ကျင်းပလျက်ရှိသည်။ မြန်မာ့မီးရထား တိုင်းအမှတ်(၁၀) ပခုက္ကူက ဘုရားပွဲတော်စည်ကားသိုက်မြိုက်ရေး၊ ဘုရားဖူးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ပခုက္ကူဘူတာမှ တန့်ကြည်တောင် ဘူတာသို့လည်းကောင်း၊ ဆိပ်ဖြူဘူတာမှ တန့်ကြည်တောင်ဘူတာကို လည်းကောင်း (ဝါခေါင်လဆန်း ၁၃ ရက်မှ ဝါခေါင်လပြည့်နေ့) ဩဂုတ် ၂၈ ရက်မှ ၃၀ ရက်အထိ၊ ဆိပ်ဖြူ-တန့်ကြည်တောင်ကို နံနက် ၇ နာရီတွင် လည်းကောင်း၊ ပခုက္ကူ-တန့်ကြည်တောင်ကို ညနေ ၄ နာရီ ၁၅ မိနစ်တွင်လည်းကောင်း ပြေးဆွဲခဲ့ပြီး တန့်ကြည်တောင်ဘူတာမှ ဆိပ်ဖြူဘူတာသို့ ညနေ ၄ နာရီခွဲတွင်လည်းကောင်း၊ တန့်ကြည်တောင်-ပခုက္ကူသို့ နောက်တစ်နေ့ နံနက် ၆ နာရီ ၅ မိနစ်တွင်လည်းကောင်း ပြန်လည်ထွက်ခွာကာ အချိန်မှန်ပြေးဆွဲခဲ့ သည်။ ပခုက္ကူ-ဆိပ်ဖြူ အချိန်မှန်ရထားကို လက်ရှိပြေးဆွဲချိန်အတိုင်း ပြေးဆွဲပေးနေပြီး ဘုရားပွဲတော် အထူးရထားစီးခတစ်ဦးလျှင် ဆိပ်ဖြူ ဘူတာမှ တန့်ကြည်တောင် ငွေကျပ် ၃၅၀ ၊ ပခုက္ကူမှ တန့်ကြည်တောင် ငွေကျပ် ၃၀၀ ဖြင့် ပြေးဆွဲပေးထားကြောင်း ဆိပ်ဖြူမြို့နယ် မြန်မာ့မီးရထားရုံပိုင်ကြီး ဦးဇော်လင်းဦးထံမှ သိရသည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**




# ရွေးကောက်ပွဲတွင် ကလေးသူငယ်အရေး အလေးပေးရန်လိုအပ်

**သတင်း-ရဲခေါင်၊ မြတ်သန္တာ**
**ဓာတ်ပုံ-ဖိုးထောင်**

**ရန်ကုန် ဩဂုတ် ၂၉**

နိုင်ငံရေးပါတီများမှ ပါတီကိုယ်စားလှယ်များအနေဖြင့် ကလေးသူငယ်ဆိုင်ရာ ပြဿနာများကို ပိုမိုသဘောပေါက်ကာ ၂၀၁၅ ရွေးကောက်ပွဲကာလတွင် ထည့်သွင်းစဉ်းစားနိုင်ရန်အတွက် ဆွေးနွေးပွဲတစ်ရပ်ကို ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ကျင်းပခဲ့သည်။

**“ရွေးကောက်ပွဲတွင် အောင်နိုင်မည့်သူသည် ကလေးသူငယ်များဖြစ်စေဖို့ တောင်းဆိုကြပါစို့ (Let’s call for one clear winner : CHILDREN)”** ခေါင်းစဉ်ဖြင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) နှင့် NGO Child Rights Working Group (NCRWG) တို့က ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့်အတူ အဆိုပါဖိုရမ်ကို ပူးပေါင်းအကောင်ထည်ဖော်ခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့ပြုလုပ်ခဲ့သည့် ဖိုရမ်တွင် ကလေးများနှင့်ပတ်သက်ပြီး အကြံပြုအဖြေရှာရန် လိုအပ်လျက်ရှိနေသည့် ကလေးသူငယ်အခွင့်အရေးနှင့်ဥပဒေအပေါ် သိမြင်လိုက်နာမှု၊ ကျန်းမာရေးနှင့်အာဟာရ၊ ပညာရေး၊ မူးယစ်ဆေး၊ ကလေးလုပ်သား ခေါင်းစဉ်ငါးခုကို အဓိကထား ဆွေးနွေးခဲ့ကြသည်။

အသက် ၁၂ နှစ်မှ ၁၈ နှစ်အရွယ်ရှိ ကလေးကိုယ်စားလှယ်များက အထက်ပါခေါင်းစဉ်ငါးခုနှင့် စပ်လျဉ်းပြီး ၎င်းတို့ ကြုံတွေ့နေရသည့် အခက်အခဲများ၊ အိပ်မက်များနှင့် စိုးရိမ်ပူပန်မှုများကို တက်ရောက်လာကြသည့် ကိုယ်စားလှယ်များနှင့် စကားဝိုင်းဆွေးနွေးပွဲပြုလုပ်ပြီး ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ကလေးသူငယ်များအနေဖြင့် ၎င်းတို့ တင်ပြချင်သည့် အကြောင်းအရာများကို နိုင်ငံရေးပါတီကိုယ်စားလှယ်များကို တိုက်ရိုက်တင်ပြနိုင်ခဲ့သည်။ နိုင်ငံရေးပါတီများအနေဖြင့် မူဝါဒပိုင်းဆိုင်ရာကိစ္စများ အကောင်ထည်ဖော်ရာတွင် ကလေးသူငယ်များ၏ အခွင့်အရေးများအတွက် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များကို ရရှိနိုင်မည်ဖြစ်သည်။




Save the Children အဖွဲ့မှ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ စီမံအုပ်ချုပ်မှုဌာန၏ ဌာနမှူး ဒေါ်နီနီလှက “ကလေးငယ်တွေဟာ တိုက်ရိုက်မဲပေးခွင့်မရှိတဲ့သူတွေပါ။ တိုက်ရိုက်မဲပေးခွင့်မရှိတဲ့ ကလေးတွေအတွက်တော့ ဒီနေ့ပြုလုပ်တဲ့ဖိုရမ်က သူတို့ရဲ့ အသံတွေကို ထုတ်ဖော်ပြောကြားနိုင်တဲ့အခွင့်ရေးတစ်ခုပါပဲ” ဟု ပြောသည်။

မြန်မာနိုင်ငံရှိ လူဦးရေ သုံးပုံတစ်ပုံသည် ကလေးများ ဖြစ်သည်။ အသက် ၅ နှစ်မှ ၁၈ နှစ်အတွင်းရှိ ကလေး ၄ ဒသမ ၄ သန်းသည် ကျောင်းတက်ခွင့်မရကြပေ။ ၁၀ သန်းသော ကလေးငယ်များသည် ဆင်းရဲမှုကို ရင်ဆိုင်နေကြသည်။ အာဆီယံဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံသည် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ အသုံးစရိတ် အနည်းဆုံးဖြစ်ကြောင်း UNICEF နှင့် NCRWG တို့၏ ပူးတွဲထုတ်ပြန်ချက်တွင် ပါရှိသည်။

ယနေ့ဖိုရမ်တွင် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက “ကျောင်းမတက်ရတဲ့ ကလေးငယ်များ ပညာသင်ကြားနိုင်ရေး၊ ပညာသင်ချိန်တွင် တစိုက်မတ်မတ်သင်ယူနိုင်ရေး၊ အရွယ်မရောက်ခင် လုပ်ငန်းခွင်မရောက်ရှိရေး၊ ကလေးငယ်များ ကျန်းမာသန်စွမ်းရေးနဲ့ ဆင်းရဲမှုသံသရာမှ လွတ်မြောက်ရေးတို့ကို ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်များက ထည့်သွင်းစဉ်းစားကြဖို့လိုပါတယ်။ အထူးသဖြင့် ရွေးကောက်ပွဲဝင်ပြီး နိုင်ငံကို ဦးဆောင်ကြမယ့် ပါတီများဟာ ရှေ့လုပ်ငန်းစဉ် မူဝါဒများ ရေးဆွဲရာမှာ ကလေးတွေရဲ့ အရေးကို ထည့်သွင်းစဉ်းစားဖို့ လိုပါတယ်” ဟု ရွေးကောက်ပွဲဝင်ကြမည့် ကိုယ်စားလှယ်များအား ကလေးများအရေး ထည့်သွင်းစဉ်းစားရန် တိုက်တွန်းခဲ့သည်။

ယနေ့ ဆွေးနွေးပွဲတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ UNICEF နှင့် NCRWG တို့မှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် နိုင်ငံရေးပါတီ ၈၀ ကျော်မှ ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးခဲ့ကြသည်။

# လမ်းပေါ် ရေဆိုးများဝပ်နေမှုကြောင့် ရေဥက္ကံရွာ သွားလာမှုအခက်ကြုံနေ



**ရန်ကုန် ဩဂုတ် ၂၉**

လှူဦးရေ ငါးသောင်းကျော် နေထိုင်လျက်ရှိသော လှိုင်သာယာ စက်မှုဇုန်(၂)၊(၃)၊(၄)အနီးရှိ ရေဥက္ကံ ကျေးရွာတွင် ဈေးလမ်းမ၊ ကျေးရွာ အတွင်းလမ်းနှင့် လမ်းသွယ်တို့တွင် နေ့စဉ်သုံးစွဲစွန့်ပစ်သော ရေများနှင့် နောက်ဖေးမြောင်းမှ ရေများလမ်းများ ပေါ်တွင် ရေဝပ်ရေလျှံ ဖြစ်နေသည် မှာကြာပြီဖြစ်၍ ပြည်သူများကျန်းမာ ရေးနှင့်ညီညွတ်စွာ နေထိုင်သွားလာ နိုင်ရန်နှင့် ရေဆိုးများကို မြစ်အတွင်း စီးဆင်းနိုင်ရန်လိုအပ်သော အကြံ ဉာဏ်၊ ပူးပေါင်းဆောင်ရွက်ရန်ရပ်မိ ရပ်ဖများက လိုလားမျှော်လင့်လျက်ရှိ ကြောင်း သိရသည်။

"ဒီရွာမှာ အလုပ်သမား သုံးသောင်းကျော်နဲ့ နယ်ခံနှစ်သောင်း ရှိတယ်။ လမ်းပေါ်ရေမြုပ်နေတာ တစ်နှစ်ကျော်ပြီ။ အဆောင်တွေက မိလ္လာတွေကို တစ်နှစ်တစ်ခါ ရှင်းလင်း တာမရှိသလို အဲဒီမိလ္လာတွေက နောက်ဖေးမြောင်းထဲကို ပိုက်နဲ့သွယ် လွှတ်ထားကြတာ။ မြောင်းရေလျှံတော့ ညစ်ညမ်းတဲ့ရေတွေက လမ်းတွေပေါ် ရောက်လာပြီး မြစ်ထဲကို ရေကမဆင်း ဘူးဖြစ်နေတယ်။ ဈေးဝန်းကျင်လမ်း တွေက ချိုင့်ခွက်ပုံဖြစ်နေတော့ ရေဝပ် တာလည်းပါတယ်။ ဒီရွာမှာ အမှိုက် ပစ်စရာ ကန်တစ်ကန်မှမရှိဘူး။ စာသင်ကျောင်းဘေး၊ လမ်းဘေး၊ စက်ရုံဘေးတွေမှာ ပစ်နေကြတယ်။ တားရင်လည်းကျုပ်တို့ ဘယ်မှာသွား ပစ်ရမလဲလို့ပြန်မေးရင် အဘတို့ ဘာဖြေရမှန်းမသိဘူး။ အဆောင် တစ်ဆောင်မှာ အနည်းဆုံးလူ ၄၀ ကျော်နေကြတာ။ လူဦးရေငါးသောင်း ကျော် နေ့စဉ်စွန့်ပစ်တဲ့အမှိုက်ထဲမှာ ဘယ်နေရာကို ပစ်ရမှန်းမသိ တဲ့ စည်းကမ်းမဲ့အမှိုက်တွေကြောင့် မြောင်းတွေ ပိတ်ကုန်တယ်၊ ရေဆိုး တွေလျှံတယ်။ အခု အားလုံးစိတ်ဒုက္ခ ရောက်နေကြပြီ" ဟု ရပ်မိရပ်ဖတစ်ဦး ဖြစ်သူ အသက် ၇၈ နှစ်ရှိ ဦးသိန်း အောင်က ပြောသည်။

လူဦးရေများလာသော ရေဥက္ကံ ကျေးရွာတွင် ကျေးရွာနေပြည်သူတို့၏ ကျန်းမာရေးအတွက် အုပ်ချုပ်သူနှင့် ပြည်သူပူးပေါင်းဆောင်ရွက်ရန် လို အပ်ပြီး ဌာနဆိုင်ရာ၏မျက်ခြည် မပြတ် စီမံဆောင်ရွက်ဖြည့်ဆည်း မှုလုပ်ဆောင်မည်ဆိုလျှင် ကျန်းမာ သန့်ရှင်းရောဂါကင်းသော လူမှုပတ် ဝန်းကျင်ကို တည်ဆောက်နိုင်မည်ဖြစ် ကြောင်း ကျေးရွာရှိ လူမှုရေးအသင်း အဖွဲ့ဝင်တစ်ဦးက ပြောသည်။

ရေဥက္ကံကျေးရွာရှိ ပြည်သူများ လက်ရှိရင်ဆိုင်နေရသော အခက်အခဲ မှာ အမှိုက်စွန့်ပစ်ရန် နေရာခက်ခဲခြင်း၊ အမှိုက်ရှုံ့နှံ့ပိတ်နေသော မြောင်းများ ကြောင့် နေ့စဉ်သွားလာနေသော ဈေးလမ်းနှင့် အခြားကွန်ကရစ်လမ်း များပေါ်တွင် ရေဆိုးများဝပ်နေသည့် အတွက် အမည်းရောင်သန်းနေသော ရေဆိုးများ မြစ်အတွင်းကျဆင်းသွား နိုင်ရန် ဌာနဆိုင်ရာ၏လမ်းညွှန်ချက် လိုအပ်ခြင်းနှင့်အတူ နွေ၊ မိုး၊ ဆောင်း ရေခန်းခြောက်မှုမရှိသော ရေဥက္ကံ ဈေးအနီး၊နဝဒေးလမ်းရှိ ရက်ကန်းနှင့် ဆေးဆိုးပန်းရိုက်စက်ရုံမှ ဓာတုစွန့်ပစ် ရည်နှင့် စက်ရုံများမှ ရေများစုပေါင်း ကာ ရေများဝပ်နေခြင်းကြောင့် စက်ရုံ အလုပ်သမားများ၊ ကျေးရွာပြည်သူ များဖြတ်သန်းရာ၌ ခြေထောက်တွင် အနာများပေါက်သည်ကို ခံစားရ လျက်ရှိပြီး သတင်းစာအချို့တွင်ဖော်ပြ ခဲ့သော်လည်း ယနေ့ထိ ကွန်ကရစ် လမ်းပေါ်မှ ရေများစီးဆင်းမှုမရှိသေး ကြောင်း သိရသည်။

ရေဝပ်နေသော လမ်းများမှ နေ့စဉ်လူစည်ကားသောလမ်းများမှာ ဈေးလမ်း၊ ကျောက်စိမ်းလမ်း၊ သီးသန့် လမ်း၊ ကျောင်းလမ်း၊ နဝဒေးလမ်းတို့ တွင် ရေဆိုးများဝပ်လျက်ရှိပြီး မိုးများ ပါက အိမ်များအတွင်းသို့ ရေဆိုးများ ဝင်သောကြောင့် ရေဝင်ရောက်မှုကို တားဆီးရန် ရှံ့အိတ်များ အသင့် ဆောင်ထားကြကြောင်း သိရ သည်။

**သန်းထိုက်(လှိုင်သာယာ)**

# ပေါက်တောမြို့နယ်မှ သဘာဝဘေးဒဏ်ခံရသော လယ်ယာမြေများအား ပြန်လည်စိုက်ပျိုး

**ပေါက်တော ဩဂုတ် ၂၉**

ဇူလိုင်နှင့် ဩဂုတ်လအတွင်း ကိုမန်ဆိုင်ကလုန်းမုန်တိုင်းနှင့် မိုးကြီး ခြင်းကြောင့် သဘာဝဘေးဒဏ်ခံခဲ့ရ သော လယ်ယာမြေများ ပြန်လည် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ပေါက်တောမြို့နယ်တွင် သဘာဝ ဘေးကြောင့် ရေလွှမ်းခံရသော လယ်ယာမြေဧကပေါင်း ၁၈၈၄၂ ဧက ရှိပြီး ၇၄၂၄ ဧကမှာ လုံးဝပျက်စီးသွား ကြောင်း၊ မျိုးစပါး ၄၄၅၂ တင်းကို အစိုးရမှဖြန့်ဝေပေးခဲ့ရပြီး လယ် သမားများက မိမိတို့မျိုးဖြင့် ၂၉၇၂ ဧကကို ပြန်လည်စိုက်ပျိုးပြီးဖြစ် ကြောင်း ပေါက်တောမြို့နယ် လယ်ယာစိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ပေါက်တောမြို့နယ် ပိန္နဲချောင်း ကျွန်း၊ မြင့်ဂါအုပ်စုတွင် ၇၁ ဧက ရေလွှမ်းခံရပြီး ၄၇ ဧက ထိခိုက်ကာ ၂၄ ဧက လုံးဝပျက်စီးသွားကြောင်း၊ လိုအပ်သောမျိုးစပါးကို ဖြန့်ဝေပေး ခဲ့ပြီး စိုက်ပျိုးထားပြီးဖြစ်ကြောင်း၊ အချို့ဆိုလယ်သမားများက မိမိဒေသ မျိုးစပါးများဖြင့် စိုက်ပျိုးထားပြီးဖြစ် ကြောင်း၊ ရေလွှမ်းစဉ်က လယ်သမား များမှာ ဧကအများအပြားပျက်မည်ဟု ထင်ခဲ့ကြကြောင်း၊ သို့သော် ရေကျ သွားသောအခါ လယ်သမားများ ထင်သကဲ့သို့ ပျက်စီးမှုမရှိခဲ့ကြောင်း ၄င်းဒေသတွင် တာဝန်ထမ်းဆောင် နေသော ဒုတိယစိုက်ပျိုးရေးဦးစီးမှူး ဦးအောင်ဘသန်း၏ ပြောပြချက်အရ သိရသည်။

"ရေက အလွန်ကြီးခဲ့တာတွေ့ရပါ တယ်။ ဒေသခံတွေကိုလည်း အပြစ် ပြောဆိုလို့မရပါဘူး။ ရေလွှမ်းနေတော့ သူတို့က စိုးရိမ်တကြီးနဲ့ လယ်ဧက များများပျက်မယ်လို့ ထင်ကြတာပါ။ ရေကျပြီး တိုင်းလိုက်တော့ ထိခိုက် ၄၇ ဧကနဲ့ ပျက်စီး ၂၄ ဧကပဲရှိတာ တွေ့ရပါတယ်" ဟု ၄င်းက ပြောပြ သည်။

**သတင်း-ကိုကြီးစော**
**ဓာတ်ပုံ-ဖရုံကာသား**



ပေါက်တောမြို့နယ် မြင့်ဂါအုပ်စုမှ ရေလွှမ်းမိုးခံရသော လယ်ယာမြေများ ပြန်လည်စိုက်ပျိုးထားမှုအား တွေ့ရစဉ်။



# ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးညှိနှိုင်း

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် တွေ့ဆုံညှိနှိုင်းပွဲအခမ်းအနားကို ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီက ပဲခူးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ တိုင်းဒေသကြီး တရား လွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းမောင်၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်၊ တိုင်း/ ခရိုင်/ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ တိုင်း/ ခရိုင်/ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲကော်မရှင်များ၊ ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၇၅၀ ဦး တက် ရောက်ခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းက အမှာစကား ပြောကြားခဲ့ပြီး တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်က ရွေးကောက်ပွဲလုံခြုံရေး အတွက် ဆောင်ရွက်ထားမှုများကို အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **သန့်စင်(ပဲခူး)**

# ငါးမွေးမြူရေးကန်များရေကြီးနစ်မြုပ်ခဲ့သဖြင့် ဆုံးရှုံးမှုများ

**ညောင်တုန်း ဩဂုတ် ၂၉**

ညောင်တုန်းမြို့နယ် စံကင်း ကျွန်းတွင် မြစ်ရေ ကွင်းရေ ကြီးမြင့်ခဲ့ မှုကြောင့် စံကင်းကျွန်းရှိ လူနေအိမ် များ၊ စာသင်ကျောင်းများ၊ ဘုန်းတော် ကြီးကျောင်းများနှင့် လယ်ယာမြေများ ရေနစ်မြုပ်ခံခဲ့ရသဖြင့် ဆုံးရှုံးမှုများရှိ သည့်အပြင် စံကင်းကျွန်း အတွင်းတွင် စီးပွားဖြစ် လုပ်ကိုင်လျက်ရှိသော ငါး၊ ပုစွန် မွေးမြူရေးကန်များပါ ရေနစ် မြုပ်ခံခဲ့ရသဖြင့် ဆုံးရှုံးမှုတန်ဖိုး အလွန်များပြားကြောင်း သိရသည်။

ညောင်တုန်းမြို့နယ် စံကင်းကျွန်း တွင် အာရှသား၊ ဇာတိမာန်၊ ထူးသစ် စသော ကုမ္ပဏီများက ငါး၊ ပုစွန် မွေးမြူကုန်ထုတ်လုပ်ငန်းကို ငွေ အရင်းအနှီးများစွာဖြင့် စီးပွားဖြစ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ စံကင်းကျွန်းမှာ ရေကြီးလို့ စိုက်ပျိုးပြီးလယ်မြေတွေ နစ်မြုပ်ပျက်စီးခဲ့ရတဲ့အပြင် စီးပွားဖြစ် ကြီးကြီးမားမား လုပ်ကိုင်ဆောင်ရွက် နေတဲ့ ငါး၊ ပုစွန် မွေးမြူရေးကန်တွေ ရေနစ်မြုပ်ခံရတော့ ပိုပြီး ဆုံးရှုံးမှုများ ရပါတယ်။ အာရှသား မွေးမြူ ကုန်ထုတ်ကုမ္ပဏီက ငါး၊ ပုစွန် မွေးမြူထားတဲ့ မွေးမြူရေးကန်ဧက ၂၆၀၀၊ ထူးသစ်ကုမ္ပဏီက ဧက ၁၈၀၀၊ ဇာတိမာန်ကုမ္ပဏီက ဧက ၉၅၀၊ လုပ်ငန်းရှင် ဦးသန်းဝင်းက ဧက ၈၅၀ နဲ့ ဧက ၂၆၀၀ စတဲ့ မွေးမြူ ရေးကန်များနဲ့ ဒေသခံလုပ်ငန်းရှင်များ ရဲ့ မွေးမြူရေးကန်များအပါအဝင် စံကင်းကျွန်းတွင် ငါး၊ ပုစွန်မွေးမြူရေး ကန် ဧက ၁၅၀၀၀ ကျော်ခန့် ရေကြီး နစ်မြုပ်ခံရလို့ ဆုံးရှုံးမှုများရပါတယ်။ ပြန်လည်ထူထောင်ဖို့ အလွန်ခက်ခဲကြ မှာပါ" ရေကြီးနစ်မြုပ်နယ်မြေ စံကင်း ကျွန်း ဘုရားကုန်းကျေးရွာအုပ်စု ဝါးတောကျေးရွာနေ အင်းလုပ်ငန်းများ လုပ်ကိုင်နေသူ ဦးမြင့်ဝေက ပြော သည်။

ယင်းသတင်းနှင့် ပတ်သက်၍ ညောင်တုန်းမြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းရာ ငါး၊ ပုစွန်မွေးမြူရေးကန်များ ရေကြီး နစ်မြုပ်ပျက်စီးမှု များပြားလွန်းသည်မှာ မှန်ကန်ကြောင်းနှင့် ပျက်စီးဆုံးရှုံးမှု စာရင်းများပြုစုနေဆဲ ဖြစ်ကြောင်း ပြောပြသည်။

စံကင်းကျွန်းရှိ မွေးမြူရေးကန် များ ရေနစ်မြုပ်သဖြင့် ကန်အတွင်းမှ လွတ်ထွက်သွားသော ငါး၊ ပုစွန်များမှာ ကွင်းပြင်ကျယ်သို့ ရောက်ရှိသွား သဖြင့် ဒေသခံလက်လုပ်လက်စား ငါး၊ ပုစွန်ရှာဖွေဖမ်းဆီးနေသူများက လွယ်လွယ်ကူကူ အရများနေကြသဖြင့် ဝင်ငွေကောင်းအဆင်ပြေကြကြောင်း သိရှိရသည်။ **နေလင်း(ညောင်တုန်း)**



မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးခန်းမ၌ ဩဂုတ်လ ၂၈ ရက်က မြစိမ်းရောင်စီမံကိန်းကျေးရွာ ၁၅ ရွာမှ ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာအထောက်အကူပြု ကော်မတီဝင်များ ကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မြစိမ်းရောင်စီမံကိန်းဥက္ကဋ္ဌနှင့် ကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်းအား မိတ်ဆက်ရှင်းလင်း စဉ်။ (မြို့နယ် ပြန်/ဆက်)

# နိုင်ငံခြားသားဧည့်သည်ကျကျန်ခဲ့သော ပိုက်ဆံအိတ်ကို ပြန်လည်အပ်နှံ

**ညောင်ဦး ဩဂုတ် ၂၉**

ပုဂံဒေသတွင် ဩဂုတ် ၂၅ ရက်က ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့ အမှတ်(၃) တပ်ဖွဲ့စုမျှူးရုံး(ပုဂံ)သို့ ပုဂံမြို့ ယွန်းမြို့သူဟိုတယ်၌ တည်းခိုနေထိုင်လျက်ရှိသော စင်ကာပူနိုင်ငံသား Mr. Tan Daron နှင့် Mrs.Chloe Lim Xueyi ရောက်ရှိလာခဲ့ပြီး ၎င်းတို့သည် ဩဂုတ် ၂၃ ရက်က ရန်ကုန်မှ ပုဂံသို့ မန္တလာမင်းယာဉ်လိုင်းဖြင့် စီးနင်းလိုက်ပါလာခဲ့ရာ ယင်းကားပေါ်၌ အညိုရောင် သားရေပိုက်ဆံအိတ် ကျကျန်ခဲ့ကြောင်း၊ အိတ်အတွင်းတွင် မြန်မာငွေကျပ် ၃၉၃၀၀၊ ယာဉ်မောင်းလိုင်စင်တစ်ခု၊ CITI ကတ်တစ်ကတ်၊ အမေရိကန်ဒေါ်လာများ ပါရှိကြောင်း ပြန်လည်တွေ့ရှိနိုင်ရေး ဆောင်ရွက်ပေးပါရန် အကူအညီတောင်းခံခဲ့ရာ အမှတ်(၃)တပ်ဖွဲ့စု(ပုဂံ)အဖွဲ့သည် ရန်ကုန်မြို့ အောင်မင်္ဂလာအဝေးပြေးကားဝင်းရှိ မန္တလာမင်းကားဂိတ်သို့ ဆက်သွယ်စုံစမ်းခဲ့ရာ ဩဂုတ် ၂၃ ရက်တွင် ရန်ကုန်-ပုဂံပြေးဆွဲခဲ့သော ယာဉ်အမှတ် 6J/--- ယာဉ်မောင်း ကိုသားကြီး မောင်းနှင်ပြီး ယင်းနေ့ ပုဂံသို့ ရောက်ရှိချိန်တွင် အဆိုပါ ပိုက်ဆံအိတ်ကို ညောင်ဦးမြို့ ပုဂံရွှေပြည်ကားကြီးဝင်း မန္တလာမင်းကားဂိတ်၌ အပ်နှံထားကြောင်း သိရှိရသဖြင့် ယင်းကားဂိတ်သို့ သွားရောက်စုံစမ်းခဲ့ရာ ဩဂုတ် ၂၃ ရက်က ပြေးဆွဲသော ယာဉ်လိုင်းပေါ်မှ တွေ့ရှိခဲ့သည့် ပိုက်ဆံအိတ်တစ်လုံး အပ်နှံထားကြောင်း ပြောပြ၍ ရဲအုပ်မျိုးညွန့်နှင့်အဖွဲ့က ပိုက်ဆံအိတ်နှင့် အတွင်းပါပစ္စည်းများကို တိုက်ဆိုင်စစ်ဆေးရာ မှန်ကန်သဖြင့် ဂိတ်မှလွှဲပြောင်းလက်ခံယူခဲ့သည်။

ရဲအုပ်မျိုးညွန့်နှင့်အဖွဲ့သည် ပိုင်ရှင်ဖြစ်သူ စင်ကာပူနိုင်ငံသား နှစ်ဦးထံသို့ သွားရောက်ခဲ့ပြီး ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# မော်တော်ယာဉ်တစ်စီးတိမ်းမှောက်၍ လူနှစ်ဦးသေဆုံး

**ဟားခါး ဩဂုတ် ၂၉**

၂၀၁၅ ခုနှစ် ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက ရိဒ်ခေါဒါရ်မှ ကလေးမြို့သို့ ယာဉ်မောင်း ဦးကျင့်ခန့်မန် မောင်းနှင်သော ဟိုင်မွာလ်ဂျစ်ကားသည် တီးတိန်မြို့နယ် လင်တန်းကျေးရွာအနီး၌ နောက်ပြန်လျှောကျခဲ့ပြီး လမ်း၏ ယာဘက်ချောက်အတွင်း ထိုးကျတိမ်းမှောက်ခဲ့ကာ အမျိုးသမီးနှစ်ဦး ယင်းနေရာ၌ သေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးသူ အမျိုးသမီးနှစ်ဦးမှာ အမှတ်(၂)ရပ်ကွက် ရိဒ်ခေါဒါရ်မြို့နေသူ ဒေါ်လာရွယ်ပီးနှင့် ကလေးမြို့နေသူ ဒေါ်တရန်လွှန်တီးပီးတို့ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာနယ်မြေရဲစခန်းက အမှုဖွင့်ကာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချင်းပြည်နယ်( ပြန်/ဆက်)**

# တောင်ယာမြေပဲစိုက်ခင်းများ ကြွက်များကိုက်ဖြတ်နေ၍ တောင်သူများအခက်တွေ့

**ရေတာရှည် ဩဂုတ် ၂၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သစ်တောကြိုးဝိုင်းဒေသများ၌ မိုးမြေပဲများကို အဓိကစိုက်ပျိုးကြကာ ယခုနှစ် စိုက်ပျိုးသော တောင်သူများ၏ မြေပဲစိုက်ခင်းများကို ကြွက်များကိုက်ဖြတ်ဖျက်ဆီးနေသည့်အတွက် အခက်တွေ့ကြရကြောင်း ဒေသခံတစ်ဦးက ပြောသည်။

“တောင်ယာပဲဆိုတာက အလွန်ကောင်းပါတယ်ဆိုရင်တောင် မျိုးသာသာရကြတာ၊ တောနဲ့နီးတဲ့နေရာတွေမှာ ကြွက်တွေတအားကိုက်တာ၊ မျိုးဖိုးတောင်ဒီနှစ်တော့ ရပ့်မလားမသိဘူး” ဟု ကျောက်မဆင်သစ်တောကြိုးဝိုင်းအတွင်း တောင်ယာမြေပဲစိုက်ပျိုးသည့် တောင်သူတစ်ဦးက



ပြောပြသည်။ ရေတာရှည်မြို့ အနောက် စကွေး၊ မရိုးခုံ၊ သနပ်ခုံ၊ ဆွာမြို့ အနောက်ဒေသများရှိ စိုင်းရ၊ ကျောက်မဆင်သစ်တောကြိုးဝိုင်းဒေသများ၌ မြေပဲကို အဓိကစိုက်ပျိုးကြပြီး ဈေးကွက်သို့ အများဆုံးတင်ပို့ကာ ဝင်ငွေကောင်းမွန်သည့် ဆီထွက်သီးနှံလည်းဖြစ်သည်။

**ကိုလွင်(ဆွာ)**

# အရက်အတူသောက်ပြီး ရန်ဖြစ်ရာမှ အစ်ကိုဖြစ်သူကို ဓားဖြင့်ခုတ်၍ သေဆုံး

**စေတုတ္တရာ ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ချီကျေးရွာ၌ ဩဂုတ် ၂၆ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်က အရက်အတူသောက်ရင်း ညီအစ်ကိုချင်း စကားများ ရန်ဖြစ်ရာ ညီဖြစ်သူက ဓားဖြင့်ခုတ်၍ အစ်ကိုဖြစ်သူ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စေတုတ္တရာမြို့နယ် ချီကျေးရွာနေ ဦးအောင်(၆၀ နှစ်)သည် နေအိမ်၌ သားများဖြစ်သော ခင်မောင်ဝင်း(၃၃ နှစ်)၊ မောင်မုန်း(ခ)ခင်မောင်လင်း (၃၁ နှစ်)နှင့် တစ်ရွာတည်းနေ ကိုမြင့်လွင်(၄၃ နှစ်)တို့လေးဦးသည် နေအိမ်တွင် အရက်အတူသောက်ရာမှ ခင်မောင်ဝင်းနှင့် ညီဖြစ်သူ ခင်မောင်လင်းတို့ စကားများရန်ဖြစ်ပြီး ခင်မောင်ဝင်းက ခင်မောင်လင်းကို အရက်ပုလင်းဖြင့် ရိုက်ရာ ဒဏ်ရာရရှိသွားသဖြင့် ညီအစ်ကိုနှစ်ဦး လုံးထွေးသတ်ပုတ်ရာ ခင်မောင်လင်းက အနီးရှိ ဓားမကိုဆွဲယူ၍ ခင်မောင်ဝင်းကို ခုတ်ရာ ဒဏ်ရာရရှိပြီး သေဆုံးသွားကြောင်း ချီကျေးရွာ ရာအိမ်မှူး ဦးအောင်မောင်းက ဖုန်းဆက်အကြောင်းကြား၍ စေတုတ္တရာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သန်းနှင့်အဖွဲ့က သွားရောက်ဖမ်းဆီးခဲ့သည်။ ဓားဖြင့်ခုတ်သူ ခင်မောင်လင်းကို စေတုတ္တရာမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မောင်ညီညာ(မြေလတ်)**

# ကျောက်ဖြူမြို့၌ ကလေးငယ်ခြောက်ဦး ခွေးရူးကိုက်ခံရ

**ကျောက်ဖြူ ဩဂုတ် ၂၉**

ကျောက်ဖြူမြို့ ရခိုင်ပိုက်ဆိပ်ရပ်ကွက် ဆားပြင်ကွင်းရပ်၌ ဩဂုတ် ၂၉ ရက် နံနက် ၈ နာရီမှ ၁၀ နာရီအတွင်း၌ ၁၅ နှစ်အောက် ကလေးငယ်ခြောက်ဦးကို ခွေးရူးတစ်ကောင်ကိုက်မှုဖြစ်ပွားခဲ့သည်။

ယင်းကလေးငယ်များသည် ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိပြီး ကျန်းမာရေးစိုးရိမ်စရာမရှိကြောင်း၊ ကလေးငယ်များမှာ မောင်ချစ်လွင်ဦး (၁၄ နှစ်)၊ မခိုင်ဖြိုးအေး(ခြောက်နှစ်)၊ မောင်ဆန်းထွန်းအောင် (၉ နှစ်)နှင့် ကညင်တောကျေးရွာ အမကမှ မောင်သက်ပိုင်ဌေး(၇ နှစ်)၊ မောင်ဟိန်းထက်ဦး(၁၃ နှစ်)၊ မသန်းသန်းဌေး(၁၄ နှစ်)တို့ဖြစ်ကြသည်။

အဆိုပါ ခွေးရူးကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က လိုက်လံရှာဖွေသတ်ဖြတ်ပြီး ယင်းခွေးရူးနှင့် နီးစပ်ခိုက်ရန်ဖြစ်ပွားခဲ့သော ခွေးများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက အချိန်မီ ဆေးကုသမှုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်ဌေး(ပြန်/ဆက်)**

# ဒလမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းနေချိန် မီးလောင်

**ဒလ ဩဂုတ် ၂၉**

ဒလမြို့နယ် နာရီစင်အပိုင်းအနီး၌ ဩဂုတ် ၂၉ ရက် ညနေပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းနေချိန် နေအိမ်ကုန်စုံဆိုင်တစ်ဆိုင် မီးလောင်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ညနေ ၃ နာရီ ၁၀ မိနစ်တွင် မီးစတင်လောင်ကျွမ်းခဲ့ပြီး တပင်ရွှေထီးရပ်ကွက် တွံတေး-ဒလ ကားလမ်းဘေး အိမ်အမှတ်(၄၅) ဦးဝင်းမြင့်(၆၅ နှစ်) ဂျိုးသိန်းကုန်စုံဆိုင် နောက်ဖေးရှိ မုန့်မျိုးစုံ၊ ခြင်ဆေးခွေနှင့် ကုန်ခြောက်များ သိုလှောင်ထားသည့် ဂိုဒေါင်၌ မီးလုံးသုံးလုံး သွယ်တန်းထားသော ဟောင်းနွမ်းဆွေးမြည့်နေသည့် ဝိုင်ယာကြိုးပူးပြီး ရှော့ခ်ဖြစ်ခဲ့ရာမှ အပူလွန်ကဲကာ သိုလှောင်ပစ္စည်းများမှတစ်ဆင့် မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

သတင်းအရ ဒလမြို့နယ် လျှပ်စစ်မန်နေဂျာရုံးက ချက်ချင်း လျှပ်စစ်မီးမိန်းကို ပိတ်ပေးခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးကျော်မင်းခိုင်နှင့် သန္ဓေမီးသတ် ၁၈ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးတို့သည် မီးသတ်ယာဉ်နှစ်စီးဖြင့် သွားရောက်ကာ ရပ်ကွက်ပြည်သူများနှင့်အတူ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။

**သတင်း-သန်းဌေး(ဒလ)**
**ဓာတ်ပုံ-စန်းဝင္ဇာ**



# ရေထဲတွန်းချပြီး ကျောက်ခဲဖြင့်ထုကာ ခရီးဆောင်အိတ်ယူဆောင်သွားသူကို ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၉**

ကရင်ပြည်နယ် ဘားအံမြို့ ထုံးအိုင်ရွာအရှေ့ မြောက်ဘက် ကော့မှူးရာရွာနှင့် ကော့တမလိန်ရွာကြား မြေနီလမ်းပေါ်ရှိ တံတားအုတ်ခုံပေါ်၌ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဇီးဖြူကုန်းကျေးရွာနေ မသီတာ(၃၆ နှစ်)သည် ဩဂုတ် ၂၈ ရက်က ဘားအံမြို့နယ် ဝါးဆူးကျေးရွာနေ စောထူး(ခ)ဖိုးကေ(၂၁ နှစ်)က ချိန်းဆိုသဖြင့် သွားရောက်တွေ့ဆုံစဉ် စောထူး(ခ)ဖိုးကေက မသီတာကို ရေထဲတွန်းချပြီး ကျောက်ခဲဖြင့် နှစ်ချက်ထုကာ မသီတာ၏ ခရီးဆောင်အိတ်ကို ယူဆောင်ထွက်ပြေးခဲ့သည်။ ခရီးဆောင်အိတ်အတွင်း အဝတ်အစားများနှင့် အလေးချိန် နှစ်ပဲ လေးရွေးရှိ ရွှေဖြင့် ပြုလုပ်ထားသည့် ကျောက်နီလက်စွပ်တစ်ကွင်း၊ အလေးချိန် ငါးပဲရှိ MC ရွှေဟန်းချိန်း တစ်ခု၊ အလေးချိန် ကိုးပဲရှိ ရွှေဆွဲကြိုးတစ်ကုံး၊ အလေးချိန် တစ်ပဲ သုံးရွေးရှိ ရွှေကြုတ်တစ်ခုနှင့် Telenor ဆင်းကတ်သုံးခုတို့ ပါသွားသောကြောင့် လုယူသွားသူ စောထူး(ခ)ဖိုးကေကို အရေးယူပေးပါရန် မသီတာက ထုံးအိုင်နယ်မြေရဲစခန်းသို့ တိုင်တန်းသဖြင့် ထုံးအိုင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ငါးမျိုးများစိုက်ထည့်

**ဝါးခယ်မ ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော ဦးကြီးတော်ကျေးရွာဧကေ ၁၇၀ စံပြစိုက်ကွင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားတွင် တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစောမြသိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးသိန်းဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ငါးမျိုးများစိုက်ထည့်ပေးခဲ့သည်။

ရွှေဝါငါးကြင်းအကောင် ၂၅၀၀၀၊ ငါးခုံးမကြီးအကောင် ၃၀၀၀၀၊ တီလားပီးယားအကောင် ၃၀၀၀၀ တို့ကို စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **မြင့်ဦး(ဝါးခယ်မ)**

**ငါးရစ် ငါးသန် ဘေးမဲ့ချန်**
**ပုံမှန်စားသုံး မျိုးမသုဉ်း**

# ဆိုင်ကယ်နောက်မှထိုင်စီးသူ အမျိုးသမီးတစ်ဦး ပြုတ်ကျသေဆုံး

**မြို့သစ် ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် မြို့သစ်မြို့မရဲစခန်းက ရဲတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၇ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ က မြို့သစ်မြို့နယ် ပုတီးကုန်းကျေးရွာအနီး တောင်တွင်းကြီး-မြို့သစ် ကားလမ်းမိုင်တိုင်အမှတ် (၁၃/၀)နှင့် (၁၃/၁) အကြား၌ အမျိုးသမီးတစ်ဦး ဆိုင်ကယ်ပေါ်မှ ပြုတ်ကျကြောင်း သတင်းအရ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ နံနက် ၁၁ နာရီခွဲက ယင်းလမ်းအတိုင်း တောင်တွင်းကြီးမြို့နယ်ဘက်မှ မြို့သစ်မြို့နယ်ဘက်သို့ မြို့သစ်မြို့နယ် ကျောင်းကုန်းကျေးရွာနေသူ အောင်မျိုးခန့်(၁၉ နှစ်)သည် ၄၂ယ/--- YUBAO 125 ဖြူနက်ကြား ဆိုင်ကယ်နောက်တွင် အစ်မဖြစ်သူ မသဲရွှေရည်နှင်း(ခ)သဲသဲ (၂၀ နှစ်)ကို တင်ဆောင်၍ အရှိန်ပြင်းစွာ မောင်းနှင်လာစဉ် မသဲရွှေရည်နှင်း(ခ)သဲသဲမှာ ဆိုင်ကယ်ပေါ်မှ ပြုတ်ကျပြီး ဒဏ်များရရှိ၍ အခင်းဖြစ်နေရာတွင် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် ဆိုင်ကယ်မဆင်မခြင် မောင်းနှင်သူ အောင်မျိုးခန့်ကို မြို့သစ်မြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူလျက်ရှိကြောင်း သိရသည်။

**မောင်ညီညာ(မြေလတ်)**

# ချောင်းကမ်းပါးတွင် ကျူးကျော်ဆောက်လုပ်ထားသည့် ဈေးဆိုင်ပြိုကျရာမှ နေအိမ်နှစ်လုံး ပျက်စီးမှုဖြစ်ပွား



ရန်ကုန် ဩဂုတ် ၂၉

ချောင်းကမ်းပါးတွင် ကျူးကျော်ဆောက်လုပ်ထားသည့် သစ်သီးဆိုင်ပြိုကျရာမှ ဘေးရှိနေအိမ်တစ်လုံးကိုပါ ဖြိုချလိုက်ရသည့် ဖြစ်စဉ်တစ်ခု ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ဩဂုတ် ၄ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက် အထက်ပုဇွန်တောင်လမ်း အေးတံတားချောင်းဘေး အမှတ်(၇၂) နေအိမ်ဘေးတွင် တည်ဆောက်ထားသည့် ဆယ်ပေပတ်လည်ခန့်ရှိ သစ်သီးဆိုင်ဖွင့်ထားသည့် အဆောက်အအုံသည် ဩဂုတ် ၂၉ ရက် နံနက် ၅ နာရီ မိနစ် ၄၀ တွင် အေးချောင်းအတွင်းသို့ ပြိုကျပျက်စီးခဲ့ရာ ယင်းပြိုကျပျက်စီးမှုများကို လာရောက်ရှင်းလင်းလုပ်ဆောင်သည့် မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများနှင့် အခြားလုပ်အားပေးများအတွက် အန္တရာယ်ဖြစ်စေနိုင်သည့် ဘေးကပ်ရပ်အိမ်ဖြစ်သည့် အမှတ် (၇၂/က)နေအိမ်ကိုပါ ဖြိုချဖျက်ဆီးခဲ့ရကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ မင်္ဂလာတောင်ညွန့်မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာအောင်မိုးက "ဖြစ်တာကတော့ မနက် ငါးနာရီကျော်လောက်တွင် ချောင်းဘေးမှာ အဖီဆွဲထားတဲ့သစ်သီးရောင်းတဲ့ အဆောက်အအုံက စပြိုတာပါ။ သိသိချင်း စည်ပင်သာယာဝန်ထမ်းတွေနဲ့ အခြားတာဝန်ရှိသူတွေ ရောက်လာပြီး ပျက်စီးတာတွေကို ရှင်းလင်းရေးလုပ်တော့ ဘေးကကပ်ရပ်အိမ်ကလည်း အောက်ခြေတွေဆွေးပြီး ချောင်းဘက်ကို လေးဆယ့်ငါး ဒီဂရီလောက်စောင်းနေပါပြီ။ ဒါကြောင့် အန္တရာယ်ရှိလို့ အဲ့ဒီအိမ်ကိုပါ ဆက်ဖြိုချလိုက်ရတယ်။ ဒီဖြစ်စဉ်ကြောင့် လူအသေအပျောက်တော့ မရှိပါဘူး။ အခုဒါတွေကို ရှင်းလင်းပြီးရင် နောက်ဒီလိုမဖြစ်အောင် ချောင်းကမ်းပါးကို သေသေချာချာ မြေထိန်းနံရံ လုပ်သွားမှာပါ"ဟု ပြောသည်။

ထိုကဲ့သို့ အိမ်ပြိုကျမှုဖြစ်စဉ်နှင့်ပတ်သက်၍ တောင်လုံးပြန်ရပ်ကွက် အုပ်ချုပ်ရေးမှူးဖြစ်သူ ဦးမျိုးသန့်က "အခုလိုမဖြစ်ခင် လွန်ခဲ့တဲ့ သုံးရက်လောက်ကတည်းက ဒီသစ်သီးဆိုင်ဖွင့်ထားတဲ့ ဒေါ်ခင်ထွေးရီကို ကျွန်တော် သတိပေးသေးတယ်။ချောင်းရေအတက်အကျကြောင့် အချိန်မရွေးဆိုင်ပြိုနိုင်တယ်လို့။ အခုတော့ ဖြစ်ပြီ။ နောက်အန္တရာယ်ရှိလို့ ဖြိုလိုက်ရတဲ့အိမ်ကလည်း ပိုင်ရှင်က ဒီအတိုင်းထားတာ၊ လူမနေဘူး ။ အခုတော့ စည်ပင်သာယာက ချောင်းကမ်းပါးကို မြေထိန်းနံရံ လုပ်ပေးမယ်လို့သိရပါတယ်"ဟု ရှင်းပြသည်။

သစ်သီးဆိုင်ပြိုကျမှုကြောင့် အန္တရာယ်ရှိသည့်အတွက် ဖြိုချခဲ့ရသည့် အိမ်အမှတ် (၇၂/က) ၏ အိမ်ပိုင်ရှင်ဖြစ်သူ ဦးကျော်မင်းထွန်းကလည်း "ကျွန်တော့်အိမ်ကို ၂၀၁၂ ခုနှစ်ကတည်းက ဝယ်ထားတာပါ၊ အိမ်ကဟောင်းနေလို့ လူမနေဘဲ ဒီအတိုင်းပစ်ထားတာပါ။ အခုပြိုကျတယ်ဆိုတာကိုတော့ မနက်ရှစ်နာရီလောက်က ဘေးအိမ်ကဖုန်းဆက် အကြောင်းကြားလို့သိတာပါ။ အခုအရင် ပြိုကျတယ်ဆိုတဲ့ သစ်သီးဆိုင်ကတော့ ကျွန်တော့်အိမ်ဘေးမှာ အဖီဆွဲပြီး ချောင်းကမ်းပါးပေါ်ဆောက်ထားတာပါ"ဟု ပြောသည်။

အဆိုပါ အခင်းဖြစ်သည့်နေရာသို့ ရန်ကုန်မြို့တောင်ပိုင်းခရိုင်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းအင်အားတစ်ရာကျော်ဖြင့် နေ့ချင်းပြီး ရှင်းလင်း၍ အေးချောင်းကမ်းပါးများကို မြေထိန်းနံရံများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**သတင်း-သီဟသူ၊ ဓာတ်ပုံ-ဘအေး**

### ❖ *ရွှေဖုံးမှ*

ပေါင်များကြွခိုင်မှုရှိစေရန် ဆောင်ရွက်ခြင်းစသည်တို့ကို ဆောင်ရွက်သွားမည်ဟု သိရသည်။

ထိုသို့ သစ်ဆုံ-ကတင် ဆက်သွယ်မြောင်းကို ပြန်လည်ပြုပြင်တူးဖော်ပေးခြင်းဖြင့် ရေလေလွင့်ဖိတ်စဉ်မှုနည်းပါးခြင်း ကတင်ကန်ရေသောက်ဧရိယာများကိုလည်း ရေကူဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ ထို့အပြင် နွေရာသီတွင် သစ်ဆုံမှကတင်၊ ကတင်ကန်မှကတင်-ကျီးနီ ဆက်သွယ်မြောင်းအတိုင်း ရမည်းသင်းမြို့ မြို့ရေပေးဝေခြင်း မြောင်းတစ်လျှောက်ကျေးရွာ၊ အုပ်စု၊ ရပ်ကွက်များတွင် သုံးရေနှင့် ကျွဲ၊ နွား သောက်သုံးရေရရှိရေးအတွက် များစွာ အထောက်အကူပြုမည်ဟု သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

| ပရီမီယာလိဂ်ပွဲစဉ်(၄) | | ဘွန်ဒက်စ်လီဂါပွဲစဉ်(၃) | |
|---|---|---|---|
| **အနိုင်/အရှုံးရလဒ်များ** | | **အနိုင်/အရှုံးရလဒ်များ** | |
| အက်စ်တွန်ဗီလာ | ၂-၂ ဆန်းဒါးလန်း | စတုဂတ် | ၁-၄ ဖရန့်ဖတ် |
| ဘုန်းမောက် | ၁-၁ လက်စတာ | အော့စ်ဘတ် | ဝ-၁ အင်ကိုစတက် |
| ချယ်လ်ဆီး | ၁-၂ ပဲလေ့စ် | ကိုလုံး | ၂-၁ ဟမ်းဘတ် |
| လီဗာပူး | ဝ-၃ ဝက်စ်ဟမ်း | မိန့်ဇ် | ၃-ဝ ဟန်နိုဗာ |
| မန်စီးတီး | ၂-ဝ ဝက်ဖို့ဒ် | ဒမ်စတက် | ဝ-ဝ ဟော်ဖန်ဟိမ်း |
| စတုတ် | ဝ-၁ ဝက်စ်ဘရွန်း | | |

### ● *ကျော့ဖုံးမှ*

အာဆင်နယ်အသင်း တစ်ယောက်အသာဖြင့် ပထမပိုင်းမှာပင် ဘောလုံးပိုင်ဆိုင်မှုအသာစီးရရှိပြီး ဂိုးပေါက်များ ခြိမ်းခြောက်နိုင်သော်လည်း နယူးကာဆယ်ဂိုးသမား တင်ခရူးလက်စွမ်းပြကာကွယ်ခဲ့ရာ ပထမပိုင်းပြီးချိန်တွင် ဂိုးမရှိ သရေ ရလဒ်ဖြင့်ပြီးဆုံးခဲ့သည်။

ဒုတိယပိုင်း ၅၂ မိနစ်တွင် အာဆင်နယ်ကစားသမားများ ထပ်ဆင့်ကန်သွင်းခဲ့သော်လည်း နယူးကာဆယ်ဂိုးသမား တင်ခရူး လက်စွမ်းပြကာကွယ်ပုတ်ထုတ်ခဲ့ရာ ပြန်ထွက်လာသောဘောလုံးကို အာဆင်နယ်အသင်းမှ တောင်ပံကစားသမား ချမ်ဘာလိန်းက ကန်သွင်းခဲ့ပြီး နယူးကာဆယ် နောက်တန်းလူ ကိုလိုစီနီနှင့်ထိကာ ဂိုးရရှိခဲ့သည်။ အာစင်ဝင်းဂါးသည် ပွဲချိန် မိနစ် ၇၀တွင် တိုက်စစ် အပြောင်းအလဲပြုလုပ်ကာ ဝဲလ်ကော့ နေရာတွင် ဂျီရော့ဒ်ကို အစားထိုးလဲလှယ်ခဲ့သည်။ နယူးကာဆယ် အသင်းမှာလည်း လူစားလဲမှုများပြုလုပ်ခဲ့ရာ ချေပဂိုးသွင်းယူနိုင်ခြင်း မရှိခဲ့ပေ။ အာဆင်နယ်အသင်းသည် ထပ်မံဂိုးမသွင်းနိုင်ဘဲ ပွဲပြီးချိန်တွင် တစ်ဂိုး-ဂိုးမရှိဖြင့် ပြီးဆုံးကာ ခြေစွမ်း အသာစီးရသော်လည်း အိုဂျီဂိုးဖြင့်သာ ကျေနပ်ခဲ့ရသည်။

အာဆင်နယ်အသင်းသည် လေးပွဲကစားအပြီး နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ခုနစ်မှတ်ရရှိထားကာ နယူးကာဆယ်အသင်းမှာ လေးပွဲကစားပြီး နိုင်ပွဲမရရှိသေးဘဲ နှစ်ပွဲ သရေ၊ နှစ်ပွဲရှုံးရမှတ် နှစ်မှတ်သာရရှိထားသည်။

**သီဟ**

### ❒ *ကျော့ဖုံးမှ*

မလေးရှားအသင်းမှာ သရေတစ်မှတ်ရရှိလျှင်ပင် ဆီမီးတက်မည်ဖြစ်သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ မြန်မာယူ-၁၉အသင်းမှာ ပထမနှစ်ပွဲတွင် ပုံစံကောင်းမရရှိခဲ့ခြင်းကြောင့် ယခုပြိုင်ပွဲတွင် အပြောင်းအလဲများပြုလုပ်ခဲ့ပြီး ပွဲထွက်ခဲ့သည်။ မြန်မာအသင်း ကစားပုံမှာ ယခင်ပွဲများထက် သိသိသာသာကောင်းမွန်ခဲ့ပြီး ပွဲစကတည်းက မလေးရှားဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ မလေးရှား အသင်းမှာ တစ်ဦးချင်း စွမ်းဆောင်ရည်ဖြင့်သာ တိုက်စစ်ဆင်ခဲ့ပြီး အပိုင်သုံးကြိမ်ခန့်ကို အသုံးမချနိုင်ခဲ့ပေ။ ဒုတိယပိုင်းတွင် မြန်မာအသင်းက အောင်ကောင်းမာန်ကိုထည့်ကာ တိုက်စစ်အားမြှင့် ကစားခဲ့သည်။ မြန်မာအသင်းမှာ မလေးရှားအသင်းဘက်သို့ ဆက်လက်ဖိကစားနိုင်ခဲ့ပြီး ၄၉ မိနစ်တွင် ဂိုးရခဲ့သည်။ ဘယ်ခြမ်းမှဖြတ်ပို့သည့်ဘောလုံးကို ညာတောင်ပံကစားသမား ကျော်ကိုကိုဦးက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ အကောင်းဆုံးပုံစံရရှိခဲ့သည့် မြန်မာယူ-၁၉အသင်းမှာ ဂိုးရပြီးနောက်ပိုင်းတွင် ဆက်လက်ဖိအားပေးကစားနိုင်ခဲ့သည်။ မလေးရှားအသင်း ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း မြန်မာနောက်တန်း အမှားအယွင်းမရှိဘဲ ထိန်းကစားနိုင်ခဲ့သည်။

ယခုပွဲအပြီးတွင် အုပ်စု(ခ)၌ မြန်မာ၊ ဗီယက်နမ်နှင့် မလေးရှားတို့ ခုနစ်မှတ်စီတူနေပြီး မလေးရှားမှာ ပွဲကုန်သွားပြီဖြစ်သည်။ ဂိုးကွာခြားချက်ဖြင့် ဗီယက်နမ်က ပထမ၊ မလေးရှားက ဒုတိယ၊ မြန်မာက တတိယ နေရာတို့တွင် ရပ်တည်နေပြီး မလေးရှားက ပွဲကုန်သွားပြီဖြစ်ကာ မြန်မာနှင့် ဗီယက်နမ်တို့မှာ အုပ်စုနောက်ဆုံးပွဲ ကစားရမည်ဖြစ်သည်။


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး (ယခင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးညွှန်ကြားမှုဦးစီးဌာနပိုင်) ရုံးသုံး စက်ပစ္စည်းအဟောင်း မြန်မာ-အင်္ဂလိပ်လက်နှိပ်စက် ရှစ်လုံး၊ မိတ္တူကူးစက်ကိုးလုံး၊ Binding Machine တစ်လုံး၊ Duplication လေးလုံး၊ Printer သုံးလုံး၊ Fax တစ်လုံး၊ Air-Conditioner သုံးလုံး၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ၁၄ လုံး၊ ရေခဲသေတ္တာတစ်လုံး၊ Denyo Generator(10 KVA) တစ်လုံးနှင့် အသံချဲ့စက်နှစ်လုံးအား မျက်မြင်အခြေအနေအတိုင်း တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ အသေးစိတ်အချက်အလက်၊ ဈေးနှုန်းတင်သွင်းလွှာနှင့် စည်းကမ်းချက်များကို ၁-၉-၂၀၁၅ရက်မှ ၁၁-၉-၂၀၁၅ရက်အထိ ရုံးချိန်အတွင်း ပြည်ထောင်စုဝန်ကြီးရုံး ရုံးအမှတ် ၃၆၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ နေပြည်တော်တွင် ထုတ်ပေးမည်ဖြစ်ပါသည်။

(၂) ပစ္စည်းများအား ရုံးအမှတ် ၃၆၊ နေပြည်တော်တွင် မျက်မြင်ကြည့်ရှုနိုင်ပြီး ၁၆-၉-၂၀၁၅ရက် မွန်းလွဲ ၁ နာရီတွင် အိတ်ဖွင့်တင်ဒါများအား လက်ခံဖွင့်ဖောက်ရောင်းချမည် ဖြစ်ပါသည်။

(၃) အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၀၅၈၊ ၄၁၈၅၄၁ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## မိဘအမည်မှန်

ဗန်းမော်မြို့၊ အထက(ခွဲ) မအူပင်ကျောင်း၊ ပထမတန်းမှ မောင်စွမ်းထက်၊ စတုတ္ထတန်းမှ မောင်ထင်အောင်ကျော်နှင့် အဋ္ဌမတန်း(A)မှ မစန္ဒာအောင်တို့၏ မိဘအမည်မှန်မှာ ဦးဝင်းဦးနှင့် ဒေါ်လှိုအိမ် ဖြစ်ပါသည်။ **ဦးဝင်းဦး-ဒေါ်လှိုအိမ်**

## ဖခင်အမည်မှန်

တောင်တွင်းကြီးမြို့၊ အထက(၁) နဝမတန်း(C)မှ မောင်အောင်သက်ဝေ၏ ဖခင်အမည်မှန်မှာ ဦးစိုးမိုးနိုင် ၈/တတက(နိုင်)၁၁၂၁၀၃ ဖြစ်ပါကြောင်း။

**ဦးစိုးမိုးနိုင်**

## ရွှေပါရမီပရိယတ္တိသာသနာလင်္ကာရစာမေးပွဲ

နဝမအကြိမ်မြောက် ရွှေပါရမီပရိယတ္တိသာသနာလင်္ကာရစာမေးပွဲကို သထုံမြို့၌ ၁၃၇၇ ခုနှစ် ပြာသိုလပြည့်ကျော် ၃ရက်မှ ၅ရက်အထိ (၂၀၁၆ခုနှစ် ဇန်နဝါရီ ၂၇ရက်မှ ၂၉ရက်အထိ) သုံးရက်တိုင်တိုင်ကျင်းပ၍ ပြာသိုလပြည့်ကျော် ၈ ရက် (ဖေဖော်ဝါရီ ၁ ရက်)တွင် စာအောင်ဘွဲ့နှင်းသဘင်ကို သထုံမြို့ကျက်သရေဆောင် သုဝဏ္ဏဘူမိသာသနာ့ဗိမာန်တော်၌ ဆင်ယင်ကျင်းပမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အောက်ပါသတ်မှတ်ချက်များနှင့်အညီ စာမေးပွဲဝင်ခွင့်လျှောက်လွှာများကို တန်ဆောင်မုန်းလပြည့်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း တင်သွင်းနိုင်ပါသည်။

ပထမဆင့် - ရဟန်း၊ သာမဏေ၊ သီလရှင် မည်သည့်ပုဂ္ဂိုလ်မဆို အသက်ကန့်သတ်ချက်မရှိ ဖြေဆိုခွင့်ရှိပါသည်။

ဒုတိယဆင့် - ရွှေပါရမီပရိယတ္တိသာသနာလင်္ကာရစာမေးပွဲ ပထမဆင့်အောင်မြင်ပြီး ပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိပါသည်။

တတိယဆင့် - ရွှေပါရမီ ပရိယတ္တိသာသနာလင်္ကာရစာမေးပွဲ ဒုတိယဆင့်အောင်မြင်ပြီး ပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိပါသည်။

**ဆက်သွယ်ရန်လိပ်စာ** - အတွင်းရေးမှူး
ရွှေပါရမီပရိယတ္တိသာသနာလင်္ကာရ
စာမေးပွဲကျင်းပရေးအဖွဲ့
အမှတ် ၃၄၃၊ ဘုံကျောင်းလမ်း၊ အောက်ကျင်းရပ်ကွက်၊
သထုံမြို့။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များ** - ၀၅၇-၄၀၁၉၄၊ ၀၅၇-၄၀၁၈၁၊ ၀၉-၈၇၂၀၄၈၀၊
၀၉-၈၇၂၀၁၅၄၊ ၀၉-၉၇၀၄၂၁၂၅၅၊
၀၉-၂၅၈၅၉၆၆၇၃၊ ၀၉-၉၇၃၈၂၉၅၅၂

## ဖခင်အမည်မှန်

ဗန်းမော်မြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(B)မှ မဆိုင်းပရီ၏ ဖခင်အမည်မှန်မှာ ဦးခူးတိန် ၁/ဗမန(နိုင်)၀၀၅၉၀၁ ဖြစ်ပါသည်။

**ဦးခူးတိန်**

## ★ နေမင်းစကြာ ★

ရာထူးဝင်သင်တန်းကြီး
★ ကျန်းမာရေး/ရွှေးကောက်ပွဲကော်မရှင် (ဦးစီး) ၂၃၅ နေရာ
★ စာရင်းစစ်/ရာထူးဝင်အဖွဲ့ (ဦးစီး) ၂၆ နေရာ
အားလုံးထက်အပြည့်စုံဆုံးမှတ်စုများဖြစ်စေရမည်၊ နယ်သို့ပို့ပေးသည်။
အနော်ရထာအိမ်ရာအတွင်း၊ လှည်းတန်းမှတ်တိုင်နှင့်ကပ်လျက်၊
Ice Berry ရေ့မျက်နှာချင်းဆိုင်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။
ဖုန်း - ၀၉ ၄၂၀၀၄၂၂၀၀၊ ၀၉ ၂၅၃၀၃၃၉၂၃

နာကျင်ခက်ရာတွေကင်း အကြောဆေးမှာ လင်းရှင်း . . .
ISO 9001: 2008
လင်းရှင်း
အကြောပြေအက်ကျေလိမ်းဆေး
TMR - 012616 (0317)

ဝမ်းမှန်ခြင်းရဲ့ လျှို့ဝှက်ချက် ရွှေပန်းပျို ဆေးတစ်လက် . . .
ISO 9001: 2008
ရွှေပန်းပျို ဝမ်းမှန်ဆေး
TMR - 012716 (0118)

အပြောရောင်ကမ္ပည်းများရဲ့ရာဇဝင်

# ပြည်သူတို့ရင်ထဲဝယ် ထာဝရရှင်သန်နေတဲ့ ဂေဟာ သို့မဟုတ် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်

ဆောင်းပါး-ခင်ရတနာ၊
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



**ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချုပ် ၃ ရပ်ကွက်တွင် ကိုလိုနီခေတ်လက်ရာ ကုန်းမြင့်အဆောက်အအုံကြီးတစ်ခုရှိပါသည်။ အဆိုပါ အဆောက်အအုံကြီးသည် ကိုလိုနီခေတ်ဦး ၁၉၂၁ ခုနှစ်က ဆောက်လုပ်ထားပြီး ၁၈ ပေမြင့်သည့် တောင်ကုန်းပေါ်တွင် တောင်အရပ်သို့ မျက်နှာပြုထားပြီး ယခုအခါ ၉၄ နှစ် သက်တမ်းရှိပြီဖြစ်သည်။**

ဗြိတိသျှလူမျိုး အင်ဂျင်နီယာတစ်ဦးက တာဝါလိန်းလမ်း (ယခု ဗိုလ်ချုပ်ပြတိုက်လမ်း)ရှိ ဘဲဥပုံသဏ္ဌာန် မြေဧကအကျယ် ၂ ဒသမ ၄၂၃ ပေါ်တွင် အနောက်တိုင်းလက်ရာများနှင့် အရှေ့တိုင်းဟန် အတွင်းအပြင်အဆင်များကို ရောနှောကာ ယင်းအဆောက်အအုံကြီးကို တည်ဆောက်ထားခဲ့ခြင်းဖြစ်သည်။ ၂၀ ရာစု၏ ဥရောပအဆောက်အအုံပုံစံကို မြန်မာမှုများဖြင့် ပေါင်းစပ်ထားသည့်အတွက် ထိုအိမ်သည် ဟောင်းနွမ်းသော်လည်း ယနေ့တိုင်ခံ့ညားသည့် အရှိန်အဝါနှင့် ပြည်သူတို့၏စိတ်ကို ဖမ်းစားလျက်ရှိသည်။

အဆောက်အအုံသည် ရှေးဟောင်းအမွေအနှစ် အဆောက်အအုံဟူသည့် ဂုဏ်ပုဒ်ထက်ပင် ပိုမိုကြီးကျယ်ခမ်းနားပြီး မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံမခံရမီ သူ၏ မိသားစုနှင့်အတူ နေထိုင်ခဲ့ရာ၊ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုလုပ်ငန်းစဉ်များတွင် ဗိုလ်ချုပ်နှင့်အတူ အစည်းအဝေးများ၊ တွေ့ဆုံပွဲများ၊ နိုင်ငံ၏အရေးကြီးသော ဆုံးဖြတ်ချက်များ၊ မူဝါဒများအတွက် ဗိုလ်ချုပ်အေးချမ်းစွာ တွေးခေါ်ရာ စသည့် အတွေ့အကြုံပေါင်းများစွာ၏ အငွေ့အသက်များကို ယနေ့တိုင်ယူဆောင်ခွင့်ရရှိခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ နေအိမ်ပင်ဖြစ်သည်။

မြန်မာနိုင်ငံသို့ ရောက်ရှိအခြေချနေထိုင်ခဲ့သော တရုတ်လူမျိုးတို့ ပိုင်ဆိုင်ခဲ့သည့် ယင်းအိမ်ကြီးကို ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၅ ခုနှစ် မေလမှ ၁၉၄၇ ခုနှစ် ဇူလိုင်လအထိ မိသားစုနှင့်အတူနေထိုင်ရန် ငှားရမ်းခဲ့ခြင်းဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းကွယ်လွန်ပြီး ခြောက်နှစ်အကြာတွင် နေအိမ်ခြံဝင်း အရှေ့တောင်ဘက်ရှိ ရေကူးကန်တွင် သားလတ်ဖြစ်သူ အောင်ဆန်းလင်း ရေနစ်သေဆုံးခဲ့သည်အထိ ဗိုလ်ချုပ်၏ ကျန်ရစ်ခဲ့သောမိသားစုက ထိုအိမ်တွင် နေထိုင်ခဲ့ဖူးသည်။

ဗိုလ်ချုပ်ကွယ်လွန်ပြီး ၁၉၄၈ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းအထိမ်းအမှတ်ရန်ပုံငွေမှ ကျခံလျက် မူလပိုင်ရှင်များထံမှ ငွေကျပ် သုံးသောင်းဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ကို တော်လှန်ရေးကောင်စီအစိုးရလက်ထက် ၁၉၆၂ ခုနှစ် ဇူလိုင် ၁၉ ရက်၊ ၁၅ နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အခမ်းအနားနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အဖြစ် အများပြည်သူများ လေ့လာကြည့်ရှုနိုင်ရေး ရည်ရွယ်ကာ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

နေအိမ်တွင်းရှိပရိဘောဂများကို ငွေကျပ် ၁၀၀၁၅ ကျပ်ဖြင့် ဗိုလ်ချုပ်ဇနီးဖြစ်သူ ဒေါ်ခင်ကြည်ထံမှ ဝယ်ယူထားခြင်းဖြစ်ကာ ဗြိတိသျှထုတ် အနက်ရောင် ဝူစလေ မော်တော်ကားကို ငွေကျပ် တစ်သောင်း၊ ဖိလစ်ရေဒီယိုကို ငွေကျပ် ၇၀၀ ဖြင့် လည်းကောင်း၊ မီးဖိုချောင်သုံးများကို ငွေကျပ် ၂၁၀၇ ကျပ်ဖြင့် လည်းကောင်း ဝယ်ယူပြသထားခြင်းဖြစ်ကြောင်း ဗိုလ်ချုပ်အောင်ဆန်းပြတိုက် ထိန်းသိမ်းသူများထံမှ သိရသည်။

နှစ်ထပ် အဆောက်အအုံမှာ အောက်ထပ်တွင် ကြမ်းခင်း၊ အပေါ်ထပ်တွင် ကျွန်းလျှာထိုးများ ခင်းကျင်းထားကာ အောက်ခံအတွင်းအပြင်တို့မှာ အုတ်ရိုးခံဖြစ်သည်။ အောက်ထပ်တွင် ဧည့်ခန်း၊ ထမင်းစားခန်းတို့ရှိပြီး ဧည့်ခန်းဆောင်အခြေတွင် အပေါ်ထပ်သို့ တက်ရောက်ရသည့် သစ်သားလှေကားကြီးမှာ ခမ်းနားလှ သည်။

အပေါ်ထပ်တွင် ဗိုလ်ချုပ်အောင်ဆန်းတို့ ဇနီးမောင်နှံ အိပ်ခန်းနှင့် စာဖတ်ခန်းတို့ပါဝင်ပြီး အိမ်၏ အရှေ့တောင် မျှော်စင်ဆောင်တွင် ဘုရားခန်းကို ထားရှိသည်။ အနောက်ဘက်တွင် ခန်းမကြီးနှင့် ကလေးများအတွက် အိပ်ခန်းများကို ပြင်ဆင်ထားသည်။

"တကယ့် ဒီမိုကရေစီဆိုတာ နိုင်ငံရေးသဘောတရားအရ ပြည်သူတွေအကျိုးအတွက် ပြည်သူတွေကတင်မြှောက်တဲ့ ပြည်သူတွေရဲ့ အစိုးရဖြစ်ရုံနဲ့ မပြီးသေးပါဘူး။ အဲဒီအစိုးရဟာ ပြည်သူတွေရဲ့ စီးပွားရေးအဆင့်အတန်းကို အခွင့်အရေးတန်းတူရနိုင်တဲ့အထိ မြှင့်တင်နိုင်အောင် ဆောင်ရွက်ပေးမှ တကယ့် ဒီမိုကရေစီအထိ တက်လှမ်းနိုင်မယ်။ ဒါဖြင့် အဲဒီ ဒီမိုကရေစီအဆင့်အတန်းရောက်အောင် ဘယ်လိုအခြေခံတွေချမှတ်မလဲ-- "စသည့် ၁၉၄၇ ခုနှစ် မေလ ၁၉ ရက်နေ့က ပြောကြားခဲ့သည့် မိန့်ခွန်းပါစကားအပြင် အခြားသော မိန့်ခွန်းကောက်နုတ်ချက်များကိုလည်း ဗိုလ်ချုပ်ပြတိုက်တွင် မြင်တွေ့ရသည်။

**အဆောက်အအုံသည် ရှေးဟောင်း အမွေအနှစ် အဆောက်အအုံဟူသည့် ဂုဏ်ပုဒ်ထက်ပင် ပိုမိုကြီးကျယ်ခမ်းနားပြီး မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံမခံရမီ သူ၏ မိသားစုနှင့်အတူ နေထိုင်ခဲ့**

ဗိုလ်ချုပ်မှ သူ့ဇနီးထံသို့ ရေးသားထားသည့် ကြည်. . ပဲပြုတ်နဲ့နံပြားရရင် စားချင်တယ် ဟူသည့် လက်ရေးမူသည် ဗိုလ်ချုပ်ပြတိုက်တွင် ပြည်သူတို့စိတ်အလှုပ်ရှားရဆုံး အခန်းကဏ္ဍဖြစ်ပြီး ဗိုလ်ချုပ်လေ့လာခဲ့သည့် စာအုပ်ပေါင်း ၂၄၀ နှင့်အတူ ဗိုလ်ချုပ်သုံးစွဲခဲ့သည့် အသုံးအဆောင်များသည် ယနေ့တိုင်ပြည်သူတို့အတွက် အမှတ်တရများပင်ဖြစ်သည်။

"တောင်ကုန်းပေါ်မှာဖြစ်တဲ့အတွက် မြေထိန်းနံရံတွေကို အထူးဂရုပြုပြီး ခိုင်ခံ့အောင် ပြုပြင်ထိန်းသိမ်းပါတယ်။ အထူးသဖြင့် သစ်သားနဲ့ ဆောက်လုပ်ထားတာတွေများလို့ ပြတိုက်ကို သစ်လွင်နေအောင် ရှေးမူမပျက် ထိန်းသိမ်းတယ်။ ခြံအတွင်းမှာလည်း အစဉ်သစ်လွင်နေအောင် ထိန်းသိမ်းပါတယ်။ မူလအဆောက်အအုံက သစ်သားထည်အုတ်ရိုးစီဖြစ်ပြီး မူလပုံသဏ္ဌာန်မပျက်စေဘဲ ကြံ့ခိုင်မှုအတွက် သံကူကွန်ကရစ်တွေနဲ့ ထိန်းသိမ်းထားရပါတယ်။ သက်တမ်းကလည်း နှစ်ပေါင်းကိုးဆယ် ကျော်လာပြီဆိုတော့ ပိုပြီးထိန်းသိမ်းနေရတယ်" ဟု ဗိုလ်ချုပ်အောင်ဆန်းပြတိုက်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်ကို ၁၉၆၂ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ နေ့စဉ်ဖွင့်လှစ်ခဲ့ပြီး ၁၉၉၇ ခုနှစ်မှစတင်ကာ ဝင်ကြေး သုံးကျပ်၊ နိုင်ငံခြားသားတစ်ဦးလျှင် နှစ်ဒေါ်လာနှုန်းဖြင့် သတ်မှတ်ကောက်ခံပြီး ၁၉၉၉ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ အကြီးစားပြုပြင်ထိန်းသိမ်းမှုများကို နိုင်ငံတော်မှ ငွေကျပ်သိန်း ၃၀၀ ကျခံကာ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြောင်း သိရသည်။

*စာမျက်နှာ ၁၇ သို့*



ခ ရီး သွ ား ဆော င် း ပါ း



# အေးမြလန်းဆန်းမှု အပြည့်အဝပေးမည့် ငပလီကမ်းခြေ

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

*ပင်လယ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့် အေးမြလတ်ဆတ်သော လေ၊ သဘာဝအတိုင်းတည်ရှိနေသော ဖြူဖွေးသည့် သဲသောင်ပြင်၊ စိမ်းညို့အုပ်ဆိုင်းကာ ကမ်းခြေတစ်လျှောက် ပေါက်ရောက်နေသည့် အုန်းပင်တန်းများ၊ ပိတ်ဆို့ဟန့်တားမှုအလျင်းမရှိသော ပင်လယ်ပြင်မြင်ကွင်းတို့ကြောင့် ပေ့ါပါးလန်းဆန်းသော စိတ်ခံစားမှုကို အပြည့်အဝ နက်ရှိုင်းစွာရရှိစေသည်က ငပလီကမ်းခြေ သို့မဟုတ် အာရှ၏ အပျိုစင်ကမ်းခြေ။*

မြန်မာနိုင်ငံ အနောက်တောင်ဘက် ရခိုင်ပြည်နယ် သံတွဲမြို့နယ်တွင် တည်ရှိသော ငပလီကမ်းခြေကကမ်းခြေ အရှည် ၅ မိုင်ရှိသည်။ သဘာဝအတိုင်း ပျက်စီးခြင်းမရှိသေးသည့် ကမ်းခြေအနေအထား ကောင်းမွန်မှု၊ ကြည်လင်သန့်ရှင်းကာ ဖြူလွလွသဲသောင်ပြင် တည်ရှိနေမှုနှင့် အပန်းဖြေရေကူးသူများအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရခြင်းတို့ကြောင့် ကမ္ဘာ့လှည့်ခရီးသွားများ နှစ်သက်ကြခြင်းဖြစ်သည်။

"ငပလီကမ်းခြေသာယာလှပရေးနဲ့ သဘာဝပတ်ဝန်းကျင် မပျက်စီးအောင် ဒေသတာဝန်ရှိသူတွေ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ကမ်းခြေသဲတွေ အလွန်အကျွံ ထုတ်ယူသုံးစွဲမှုတွေ၊ ကမ်းခြေအနီး ကျောက်ဆောင် ကျောက်တန်းဖြိုချမှုတွေနဲ့ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်တာတွေကို မပြုလုပ်ကြဖို့ ကြိုးစားဆောင်ရွက်နေပါတယ်" ဟု ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ငပလီကမ်းခြေသို့ ရန်ကုန်မှ လေယာဉ်ဖြင့် လာရောက်နိုင်သလို မော်တော်ယာဉ်ဖြင့်လည်း လာရောက်နိုင်သည်။ လေယာဉ်ခရီးဖြင့် လာရောက်သူများမှာ သံတွဲမြို့ လေဆိပ်တွင်ဆင်းပြီး ငပလီကမ်းခြေသို့ လေးမိုင်ခန့် မော်တော်ယာဉ်စီးကာ ရောက်ရှိနိုင်သည်။ မော်တော်ယာဉ်ဖြင့် လာရောက်သူများအတွက် ၁၆ နာရီမျှ ရန်ကုန်မှ သံတွဲသို့စီးနင်းလိုက်ပါ ရောက်ရှိနိုင်သည်။

ငပလီကမ်းခြေသို့ ကမ္ဘာလှည့် ခရီးသွားဧည့်သည်များ အများဆုံး လာရောက်မှုတွင် ဥရောပနိုင်ငံများမှ အများဆုံးဖြစ်ကြသည်။ အထူးသဖြင့် ဆွစ်ဇာလန်၊ ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံများမှ ခရီးသွားများ လာရောက်လေ့လာအပန်းဖြေကြသည်။ အရှေ့တောင်အာရှတွင်သာမက အာရှတွင် အလှပဆုံးကမ်းခြေတစ်ခုဖြစ်သည့် ငပလီကမ်းခြေ သာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိသည်။

ငပလီကမ်းခြေတွင် လမ်းလျှောက်လာသည့် သန့်ရှင်းလတ်ဆတ်သော ပင်လယ်လေကို တစ်ဝရှူရှိုက်ရင်း သဘာဝပတ်ဝန်းကျင်၏ ငြိမ်းချမ်းအေးမြ ငြိမ်သက်မှုကို ပြည့်ဝစွာ ခံစားနိုင်သည်။ ငပလီကမ်းခြေအနီး ဝန်းကျင်တွင်ရှိသော ပုလဲကျွန်း၊ သဲဖြူကျွန်းသို့ လှေဖြင့် ငှားရမ်းသွားရောက်လေ့လာနိုင်သလို ရေအောက်ရှိ ပင်လယ်ငါး၊ သန္တာကျောက်တန်းများနှင့် ခရုများကိုလည်း ရေငုပ်ပြီး လေ့လာနိုင်သည်။

ငပလီကမ်းခြေအနီး တံငါရွာများကိုလည်း သွားရောက်ကာ ရခိုင်ဒေသခံ တံငါလုပ်သားတို့၏ ဓလေ့စရိုက်နှင့် ရေလုပ်ငန်းလုပ်ကိုင်နေကြပုံကိုလည်း မျက်ဝါးထင်ထင် မြင်တွေ့နိုင်သည်။

ကမ်းခြေအနီး မဒေးတောင်ပေါ်ရှိ ရုပ်တော်မူဘုရားကြီးကို တက်ရောက်ဖူးမြော်ပြီး ကုသိုလ်ပွားများနိုင်သည့် အခွင့်အရေးလည်းရှိနေသည်။

ငပလီကမ်းခြေတွင် ဟိုတယ်နှင့် တည်းခိုရိပ်သာများ တိုးတက်ဖွံ့ဖြိုးရန် စနစ်တကျ စိစစ်ခွင့်ပြုပေးနေသလို သဘာဝပတ်ဝန်းကျင်လည်း ထိခိုက်မှုမရှိစေရန်နှင့် ဂေဟစနစ်များမပျက်စီးစေရန်လည်း ထိန်းသိမ်းစောင့်ရှောက်မှုများ ရှိနေသည်။

ငပလီကမ်းခြေရှိ အဓိကလမ်းမကြီးဖြစ်သော မဇင်-ငပလီ-လုံးသာလမ်းမှာ အရှည် ၅ မိုင်ရှိရာ ကတ္တရာကွန်ကရစ်လမ်းခင်းမှုများ ပြုလုပ်ခဲ့ရာ သွားလာရေး အဆင်ပြေလျက်ရှိသည်။ ငပလီကမ်းခြေကို သဘာဝအတိုင်း ထိခိုက်မှုမရှိစေရန် ငပလီကမ်းခြေ ရှောင်ကွင်းလမ်းအဖြစ် အရှည် ငါးမိုင် ငါးဖာလုံ လမ်းအသစ်ဖောက်လုပ်ပေးထားပြီးဖြစ်သည်။

ငပလီကမ်းခြေရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာများ ရေရရှိစေရန် ဇီးဖြူကုန်း ဆည်တည်ဆောက်ပြီး ပိုက်လိုင်းများ သွယ်တန်းကာ ဒေသခံပြည်သူများနှင့် ဟိုတယ်များအား ရေချိုများ ဖြန့်ဖြူးပေးထားပြီး ဖြစ်သည်။ လျှပ်စစ်မီးရရှိရေးနှင့် အင်တာနက်လိုင်းများ ကောင်းမွန်ရေးကိုလည်း ဆောင်ရွက်ပေးထားရာ သံတွဲမြို့၌ ၆၆ ကေဗွီ ဓာတ်အားခွဲရုံကို သံတွဲမြို့၌ တည်ဆောက်ပေးထားပြီးဖြစ်သလို ငပလီ (ရွှေဝါချိုင်) အော်တိုအိတ်ချိန်းတွင်လည်း ADSL စနစ် တပ်ဆင်ခြင်းများကို ဆောင်ရွက်ပေးထားသည်။

မြန်မာနိုင်ငံရှိ အပန်းဖြေကမ်းခြေများတွင် အလှပဆုံးကမ်းခြေဖြစ်သည့် ငပလီကမ်းခြေ၊ ဆွဲဆောင်မှုအရှိဆုံး ငပလီကမ်းခြေသို့ လေကြောင်းခရီးစဉ်များလည်း တိုးချဲ့ပျံသန်းနေပြီ။ သဘာဝပတ်ဝန်းကျင် မထိခိုက်စေသည့် ဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်ထားသည်ဖြစ်ရာ ကမ္ဘာလှည့်ခရီးသွားများအတွက် စိတ်ချမ်းမြေ့စရာခရီးစဉ်ပင် ဖြစ်သည်။

**(မြန်မာ့အလင်း)**

**ငပလီကမ်းခြေအနီး ဝန်းကျင်တွင်ရှိသော ပုလဲကျွန်း၊ သဲဖြူကျွန်းသို့ လှေဖြင့် ငှားရမ်းသွားရောက်လေ့လာနိုင်သလို ရေအောက်ရှိ ပင်လယ်ငါး၊ သန္တာကျောက်တန်းများနှင့် ခရုများကိုလည်း ရေငုပ်ပြီးလေ့လာနိုင်**



# အဆိပ်အတောက်ကင်းစင် နေအိမ်ဝန်းကျင်

ကလျာမိုးမြင့်(မြန်မာ့အလင်း)

လူတိုင်းသက်ရှည်ကျန်းမာတဲ့ဘဝကို အလိုရှိကြပါတယ်။ ဒါကြောင့် ကျန်းမာစေဖို့ အာဟာရဖြစ်စေမယ့် အစားအစာတွေ စားသုံးကြတယ်။ ဆေးဝါးတွေ မှီဝဲသုံးဆောင်ကြတယ်။ ထိုက်သင့်တဲ့ ကိုယ်လက်လှုပ်ရှားမှုတွေ ပြုလုပ်ကြတယ်။ ဒါပေမယ့် သတိမမူဂူ မမြင်ဆိုတဲ့အတိုင်း ကျွန်မတို့ရဲ့ နေအိမ်ပတ်ဝန်းကျင်မှာ သက်ရှည်ကျန်းမာမှုကို အနှောင့်အယှက်ပေးနေတဲ့ အဆိပ်သင့်ပစ္စည်းတွေရှိနေတယ်ဆိုတာကို သတိမထားမိကြပါဘူး။ အဆိပ်သင့်ပစ္စည်းတွေရဲ့ အန္တရာယ်ကိုသိရှိပြီး စနစ်တကျကာကွယ်ရှောင်ရှားနိုင်ဖို့ လေ့လာမှတ်သားမိသမျှ တင်ပြလိုက်ရပါတယ်။

အိမ်တွေမှာ ပုရွက်ဆိတ်တွေ၊ ပိုးဟပ်တွေနဲ့ တခြားပိုးကောင်တွေကို သတ်ဖို့ ပိုးသတ်ဆေး၊ မှုတ်ဆေးတွေ သုံးပါတယ်။ ဒီပိုးသတ်ဆေးတွေဟာ အန္တရာယ်ရှိတဲ့ ဓာတုပစ္စည်းတွေ ပါဝင်နေတာဖြစ်လို့ လူ့အသက်ကို တိုစေပါတယ်။ ပိုးသတ်ဆေးသုံးတဲ့အိမ်တွေမှာ နေရတဲ့ကလေးတွေမှာ ကလေးသွေးကင်ဆာဖြစ်နိုင်တဲ့ အခွင့်အလမ်းပိုများတယ်လို့ သုတေသီတွေက လေ့လာတွေ့ရှိထားကြတယ်။ ဒါ့အပြင် ဈေးကွက်မှာတင်ထားတဲ့ အင်းဆက်ပိုးသတ်ဆေးနဲ့ ခြင်နိုင်ဆေးများဟာ ခြင်ကိုက်မခံရအောင် ကာကွယ်ပေးနိုင်ပေမယ့် အန္တရာယ်ရှိတဲ့ ဓာတုပစ္စည်းတွေ ပါဝင်နေပါတယ်။ သုတေသနပြုချက်တွေအရ အဲဒီဓာတုပစ္စည်းတွေဟာ လူ့ခန္ဓာကိုယ်ထဲက ဓာတုပစ္စည်းတွေနဲ့ရောတခြားဓာတုပစ္စည်းတွေနဲ့ပါ ပေါင်းစပ်မိသွားနိုင်တယ်။ အဲဒီအခါမှာ ဦးနှောက်ဆဲလ်တွေ သေတာဖြစ်နိုင်သလို တခြားအာရုံကြောအဆိပ်သင့်တဲ့ တုံ့ပြန်မှုတွေ ဖြစ်တတ်တာကြောင့် သဘာဝပစ္စည်းတစ်ခုဖြစ်တဲ့ စပါးလင်ဆီကို အင်းဆက်ပိုးတွေနှင်တဲ့နေရာမှာ အသုံးပြုနိုင်ရင် ပိုကောင်းပါမယ်။ အိပ်စက်တဲ့အခါမှာလည်း ခြင်နိုင်ဆေးအသုံးပြုခြင်းထက် ခြင်ထောင်ထောင်၍ အိပ်စက်ခြင်းက အန္တရာယ်အကင်းဆုံး နည်းလမ်းပါပဲ။



လူကိုအန္တရာယ်ပေးနိုင်တဲ့ နောက်ထပ်အိမ်တွင်းသုံး ပစ္စည်းတစ်ခုကတော့ ထင်းရှူးဆီပါ။ ထင်းရှူးနံ့ဟာ အင်မတန်ကောင်းမွန်တာကြောင့် ထင်းရှူးဆီကို အဆီအနှစ်ဖြစ်အောင်လုပ်ပြီး ဆံပင်သန်ဆေး၊ ရေချိုးဆီ၊ ပိုးသတ်ဆေး၊ အနံ့ပျောက်ဆေးနဲ့ တခြားအမွှေးရနံ့ထည့်ရတဲ့ ပစ္စည်းတွေမှာ ထည့်သုံးကြပါတယ်။ ဒါပေမယ့် ထင်းရှူးဆီပါတဲ့ အရည်တစ်မျိုးမျိုး ခန္ဓာကိုယ်ထဲဝင်သွားရင် မူးဝေမယ်၊ ရင်ဘတ်အောင့်မယ်၊ ဝမ်းလျှောမယ်၊ ခေါင်းကိုက်မယ်၊ လွန်ကဲလာရင် အသက်ရှူစနစ်ရပ်သွားတာ၊ ကျောက်ကပ်အလုပ်မလုပ်တော့တာတွေအထိ ဖြစ်လာနိုင်တဲ့အတွက် ထင်းရှူးဆီကို ခန္ဓာကိုယ်ထဲမရောက်အောင် ဂရုတစိုက်အသုံးပြုသင့်ပါတယ်။

ပရိဘောဂပစ္စည်းသစ်တွေဟာ အဆိပ်သင့်စေနိုင်တယ်ဆိုတာကို တော်တော်များများက သတိမထားမိကြပါဘူး။ အထူးသဖြင့် ကြိတ်သားပြား၊ သစ်ပါးလွှာတွေနဲ့လုပ်ထားတဲ့ ပစ္စည်းတွေရဲ့အနံ့ဟာ အဲဒီပစ္စည်းတွေကို ပေါင်းစပ်တတ်တဲ့နေရာမှာ သုံးတဲ့ကော်မှာပါတဲ့ ဖော်မယ်ဒီဟိုက် (Formaldehyde)ကြောင့် ဖြစ်ပါတယ်။ ဖော်မယ်ဒီဟိုက်ကြောင့် ပြင်းထန်တဲ့ ဓာတ်မတည့် တုံ့ပြန်မှုတွေဖြစ်တတ်ပြီး ရေရှည်ထိတွေ့မယ်ဆိုရင် အဆိပ်သင့်နိုင်ပါတယ်။ အနည်းငယ်အသုံးပြုထားပြီးဖြစ်တဲ့ ပရိဘောဂပစ္စည်းတွေဟာ လေသလပ်ခံပြီးဖြစ်လို့ အနံ့နဲ့ အဆိပ်အတောက်ပြယ်ပြီးသားဖြစ်တဲ့အတွက် ရှာဝယ်နိုင်ရင် အကောင်းဆုံးပါပဲ။ ကြိတ်သားတို့၊ သစ်ပါးလွှာတို့နဲ့ လုပ်တာမဟုတ်ဘဲ သဘာဝသစ်သားနဲ့လုပ်တဲ့ ပရိဘောဂတွေ ဝယ်သုံးရင်လည်း ဓာတုပစ္စည်းတွေရဲ့ အန္တရာယ်ကို ရှောင်ရှားပြီးဖြစ်ပါလိမ့်မယ်။

နောက်အဆိပ် တစ်မျိုးကတော့ လက်ဝတ်ရတနာတွေ ဆေးကြောအရောင်တင်တဲ့ သန့်စင်ပစ္စည်းတွေမှာပါလေ့ရှိတဲ့ ဆိုင်ယာနိုက်(cyanide)ပါပဲ။ ဆိုင်ယာနိုက်ဟာ အားပြင်းတဲ့ အဆိပ်တစ်မျိုးဖြစ်ပြီး အငွေ့ကြောင့်ဖြစ်ဖြစ်၊ အရေပြားကိုထိမိရင်ပဲဖြစ်ဖြစ် ဒုက္ခပေးနိုင်တဲ့အဆိပ်မျိုးပါ။ ဒီအဆိပ်ကို ထိတွေ့ဖန်များရာက နှစ်ပေါင်းကြာလာတဲ့အခါ အားအင်ချည့်နဲ့လာစေပြီး အရွယ်မတိုင်ခင် အိုမင်းလာစေပါတယ်။ ဒါကြောင့် အဆိပ်အတောက်မပါတဲ့ အိမ်တွင်းကရတဲ့ သဘာဝပစ္စည်းတွေနဲ့ လက်ဝတ်ရတနာတွေကို အရောင်တင်သန့်စင်နိုင်ပါတယ်။ ရွှေထည်ပစ္စည်းတွေ သန့်စင်ပွတ်တိုက်ချင်ရင် သွားတိုက်ဆေး သို့မဟုတ် မုန့်ဖုတ်ဆော်ဒါကို အသုံးပြုနိုင်ပါတယ်။



သတိထားပြီး အသုံးပြုသင့်တဲ့ နောက်ထပ်ပစ္စည်းတစ်မျိုးကတော့ ဆဲလ်ဖုန်းတွေဖြစ်ပါတယ်။ ဆဲလ်ဖုန်းတွေ အကြီးအကျယ်သုံးရင် ကျန်းမာရေးကို ထိခိုက်နိုင်ကြောင်း စာစောင်တွေတော်တော်များများမှာ ဖော်ပြနေတာကြပါပြီ။ အသက်ရှစ်နှစ်အောက် ကလေးငယ်တွေဆိုရင် ဆဲလ်ဖုန်းကို လုံးဝမသုံးသင့်ပါဘူး။ မိုဘိုင်းဖုန်းသုံးတဲ့သူတွေဟာ နားနဲ့ ဦးနှောက်ထဲမှာ မြင်းဖု(Tumors) တွေ ပေါက်နိုင်တဲ့ အလားအလာများတယ်လို့ လေ့လာသိရှိရပါတယ်။ ဆဲလ်ဖုန်းကြောင့် ဒီအင်အေ(DNA)တွေပြောင်းလဲကုန်ပြီး အာရုံသိမြင်လုပ်ဆောင်မှုအပိုင်းမှာလည်း ပြောင်းကုန်တယ်လို့ ဆိုပါတယ်။ အထိရောက်ဆုံး အကာအကွယ်ကတော့ ဖုန်းအသုံးပြုသူရဲ့ ခေါင်းနားမှာ ရေဒီယိုဖရီကွင်စီလိုင်းတွေ လျော့သွားစေမယ့် နည်းလမ်းဖြစ်တဲ့ headset နားကြပ်အသုံးပြုပေးခြင်းပါပဲ။

ဒါကြောင့် “အသက်ကိုညာဏ်စောင့်”ဆိုတဲ့ စကားအတိုင်း မိမိအိမ်တွင်းမှာ ရှိနေတဲ့ အဆိပ်သင့်ပစ္စည်းတွေရဲ့ အန္တရာယ်ကိုသိရှိပြီး သတိထားကိုင်တွယ်အသုံးပြုမယ်ဆိုရင် သက်ရှည်ကျန်းမာစွာနေထိုင်ရေးကို များစွာအထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။

**ပရိဘောဂပစ္စည်းသစ်တွေဟာ အဆိပ်သင့်စေနိုင်တယ်ဆိုတာကို တော်တော်များများက သတိမထားမိကြပါဘူး။ အထူးသဖြင့် ကြိတ်သားပြား၊ သစ်ပါးလွှာတွေနဲ့လုပ်ထားတဲ့ ပစ္စည်းတွေရဲ့ အနံ့ဟာ အဲဒီပစ္စည်းတွေကို ပေါင်းစပ်တတ်တဲ့နေရာမှာသုံးတဲ့ ကော်မှာပါတဲ့ ဖော်မယ်ဒီဟိုက် (Formaldehyde) ကြောင့်ဖြစ်**

# ကြက်သွန်ဖြူ အသုံးဝင်ပုံ

ကိုကျော်(မင်းဘူး) တိုင်းရင်းဆေး

ရှေးအခါက ရသေ့၊ ရဟန်းအပေါင်းတို့သည် ကြက်သွန်ဖြူကို အမြတ်ဆုံးသောရသာရန ဆေးအဖြစ်နည်းအမျိုးမျိုးဖြင့် သုံးစွဲခဲ့ကြ၏။ အာယုဗ္ဗေဒဆေးအဖြစ်နည်းအမျိုးမျိုးနှင့် ရှေးဆရာကြီးတို့သည် ကြက်သွန်ဖြူ၏ ဂုဏ်သတ္တိကို အမျိုးမျိုးရေးသားခဲ့ကြပါသည်။ အချို့ဆရာတို့သည် ကြက်သွန်နီထက် ကြက်သွန်ဖြူက ဂုဏ်သတ္တိသာလွန်သည်ဟု ဆိုကြသည်။

ကြက်သွန်ဖြူသည် သွေးကိုသန့်စေ၏။ ပိုးသေ၏။ လေသက်၏။ ဖျားနာ၊ အရေပြားရောဂါကို ပျောက်စေ၏။ ချွေးထွက်ခြင်း၊ သုက်ပွားခြင်းဖြစ်စေ၏။ ဆီးဝမ်းကို ရှင်စေ၏။ ကာမကိုအားပေး၏။ မျက်စိကိုအကျိုးပြု၏။ အသက်ရှည်၏။

သွေးတိုးရောဂါကို အိန္ဒိယနိုင်ငံ၏ သူရဲကောင်းကြီး မဟတ္တမဂန္ဒီကြီးက မိမိ၏သွေးတိုးရောဂါသည် ကြက်သွန်ဖြူကို နေ့စဉ်စားခြင်းဖြင့်ပျောက်ကင်းရသည်ဟု ဆိုထား၏။ ချောင်းဆိုးရောဂါသည် ကြက်သွန်ဖြူကို နာတာရှည်ရောဂါ၊ ချောင်းဆိုးရောဂါအတွက် အရည်ပြုလုပ်၍တိုက်ပါ။ ကျွေးပါ။ အလွန်ထင်ရှားသော အိမ်သုံးဆေးဖြစ်သည်။ လေရောဂါသည် ကြက်သွန်ဖြူကို နှမ်းဆီနှင့် စိမ်၍ဆားအနည်းငယ်ထည့်ပြီး ထမင်းမစားမီစားပါ။ နာတာရှည်ရောဂါပျောက်၏။



ကလေးလေဆန်နာရောဂါကို ကလေးများ၏ လေဆန်ရောဂါအတွက် ကြက်သွန်ဖြူတစ်လုံးကို မီးဖုတ်၍ကျွေးရ၏။ ကြက်ညှာချောင်းဆိုးကို ကြက်သွန်ဖြူအား ထုထောင်း၍ နှမ်းဆီနှင့် ကြေအောင်နယ်ပြီး ရင်ဘတ်နှင့်ကျောကို လိမ်းကျံပေးပါ။ ခြေဖဝါးကို ယင်းအတိုင်း ကြက်သွန်ဖြူကို ထောင်း၍ နှမ်းဆီနှင့်နယ်ပြီး ပတ်တီးစည်းပေးထားပါ။ နံနက်မှခွာပါ။ သို့မဟုတ်ကြက်သွန်ဖြူကို အရည်ညှစ်ကာ ရေအနည်းငယ်နှင့် သကြားရောပြီး လက်ဖက်ရည်ဇွန်း တစ်ဇွန်း ခန့်တိုက်ပေးပါ။ လည်ပင်းကြီးရောဂါသည် ကြက်သွန်ဖြူဆီကို တစ်ကြိမ်လျှင် နှစ်စက်မျှ တစ်နေ့သုံးကြိမ်တိုက်ကျွေးပါ။ လည်ပင်းတွင်လိမ်းပေးပါ။

ခေါင်းကိုက်ရောဂါသည် ကြက်သွန်ဖြူကို ဆားနှင့်ရောပြီးသောက်ပါ။ ကြက်သွန်ဖြူကိုကြိတ်ပြီး နားထင်တွင် လိမ်းပေးပါ။ ကလေးချောင်းဆိုးရောဂါသည် ကြက်သွန်ဖြူကို အပ်နှင့်ထိုး၍ ပြာကျအောင် မီးဖုတ်၊ ပြာကိုအမှုန့်ပြု၍ ကလေးများချောင်းဆိုးရောဂါဖြစ်သောအခါ တိုက်ကြရသည်။ ပွေး၊ ဝဲ၊ ယားနာတို့သည် ကြက်သွန်ဖြူတစ်လုံးကို ဖင်မှလှီး၍ ထွက်လာသော အစေးနှင့် အနာကို မကြာခဏပွတ်ပေးပါ။ မုချပျောက်ကင်းပါ၏။

အဆုတ် ရောဂါသည် ကြက်သွန်ဖြူတစ်လုံး တစ်နေ့တစ်ကြိမ် အရည်ညှစ်တိုက်ပါ။ စားပါ။ ကြက်သွန်ဖြူကို ကြိတ်၍ထွက်လာသော အဆီဖြင့် ရင်ဘတ်ကိုလိမ်းပေးပြီး အဝတ်နှင့် ရင်ဘတ်ကို ပတ်ထားပါ။ အရေပြားကွာခြင်း မရှိတော့ပါ။ ယင်းအဆီ(အရည်) သည်အရေပြားမှအတွင်းသို့စိမ့်ဝင်ပြီး ပိုးများကို သတ်နိုင်သော အစွမ်းသတ္တိရှိကြောင်း ရှေးဆရာကြီးက အဆိုရှိထားပါသည်။ အနာများသည် အရိုးထိအောင်စားတတ်သော အနာများပင်ဖြစ်ပါသည်။ အနာကို ရေနွေး(ဖန်ရည်)ဖြင့် ဆေးကြောပြီး ကြက်သွန်ဖြူကို ထုထောင်းအုံ၍ ပတ်တီးစည်းပေးထားပါ။ ၂၄ နာရီကြာသောအခါ ပတ်တီးကိုဖြေ၍ အသစ်ထပ်မံလိမ်းပေးပါ။ အနာတွင်ရှိသော ပိုးများကိုသတ်နိုင်သော သတ္တိရှိပါသည်။

အကြောကိုက်ရောဂါကို ကြက်သွန်ဖြူသည် အကြော၊ အခြင်ကိုက်ခဲခြင်းကို အရည်ထုတ်၍ ပွတ်လိမ်းခြင်းဖြင့် ပျောက်ကင်း၏။ နားပြည်ယိုကို နှမ်းဆီ ငါးကျပ်သားတွင် ကြက်သွန်ဖြူ အနည်းငယ်၊ လေးညှင်းနှစ်ပွင့်ခန့်ထည့်ပြုတ်၍ နားအတွင်း ပူနွေးနွေးထည့်ပေးပါ။ နားပြည်ယို၊ နားကိုက် နားထိုင်းပျောက်ကင်း၏။ ရာသီမြို့၍ ဒုက္ခရောက်သော် ကြက်သွန်ဖြူစမုန်နက်၊ ဆား၊ မန်ကျည်းသီးမှည့်၊ ထန်းလျက်ငါးကျပ်သားစီ၊ မိဿလင် သုံးကျပ်သားပေါင်းစပ်၍ကြိတ် (ရာသီဆိတ်သော်၊ ကြောက်ထိန့်မလန့်၊ ဆီးသီးခန့်လောက် စားသုံးမြောက်က ပျောက်ရကေန်မလွဲမှန်၏)။ အနာဝင်သော် ကြက်သွန်ဖြူဥတစ်လုံးနှင့် ငရုတ်ကောင်းခုနစ်စေ့ကို ကြိတ်၍အုံပါ၊ ဒူလာ၊ မီးယပ်ပျောက်ဆေး ကြက်သွန်ဖြူဥတစ်လုံးကို ဓားနှင့်အဖျားဘက်က လှီးပြီးအခေါင်းလုပ်၊ ဘိန်းခြောက်ရွေးသားထည့်၊ မီးကင်၊ မြေသင်းခဲကို အရည်ဖျော် အရည်ကြည်ရအောင် ခေတ္တထား၊ ယင်းအရည်ကြည်ဖြင့် ကြက်သွန်ဖြူမီးကင်ကို ကြိတ်၍ ပဲနောက်စေ့ခန့်လုံး၍ထား၊ ရောဂါရှင်ကို ချင့်ချိန်တိုက်ပါ။ တိုက်သည့်အခါတွင် မြေသင်းခဲအရည်နှင့် ပင်တိုက်ရမည်။ (မြေကြီးကို မီးရဲအောင်ဖုတ်ထားသော မြေကို မြေးသင်းခဲဟုခေါ်သည်။)ဝဲဆေးကို ကြက်သွန်ဖြူကို ထောင်းပြီး အုန်းဆီနှင့်လိမ်းပေးပါ။

## *ပြည်သူတို့ရင်ထဲဝယ် ထာဝရရှင်သန်နေတဲ့ဂေဟာ သို့မဟုတ် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်မှ*

၂၀၀၀ ပြည့်နှစ် ဇူလိုင် ၁၉ ရက် ၅၃ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားမှစတင်ကာ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး တနင်္လာနေ့နှင့် အများပြည်သူရုံးပိတ်ရက်များမှအပ ကျန်ရက်များတွင် နေ့စဉ် ဖွင့်လှစ်ထားခဲ့သည်။ အဆောက်အအုံ၏ ကြံ့ခိုင်မှုအားနည်းသော အနေအထားအရ ပြတိုက်ကို ၂၀၀၇ ခုနှစ် ဇန်နဝါရီမှစတင်ကာ အာဇာနည်နေ့ တစ်ရက်တည်းသာ ဖွင့်လှစ်တော့ပြီး ကျန်ရက်များတွင် ပိတ်ထားခဲ့သည်။ ၂၀၀၈ ခုနှစ်က နာဂစ်မုန်တိုင်းကြောင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ရှိ အဆောက်အအုံအမိုးများနှင့် နေရာအများအပြားတွင် ပျက်စီးထိခိုက်မှုများ ဖြစ်ပွားခဲ့သဖြင့် ပြုပြင်ထိန်းသိမ်းထားခဲ့ပြီး အစိုးရသစ်လက်ထက် ၂၀၁၂ ခုနှစ် မတ်လ ၅ ရက်နေ့မှ စတင်ကာ တနင်္လာ၊ အင်္ဂါနှင့် အများပြည်သူရုံးပိတ်ရက်များမှအပ ကျန်ရက်များတွင် နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ပေးလျက်ရှိသည်။

ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်ခဲ့သည်မှာ ၆၈ နှစ်ရှိခဲ့ပြီဖြစ်သည်။ ယနေ့တိုင် ပြည်သူတို့၏စိတ်အစဉ်ဝယ် ဗိုလ်ချုပ်၏ အနစ်နာခံ၊ စွန့်လွှတ်စွန့်စားဝံ့သည့် စွမ်းရည်သတ္တိများ၊ တိုင်းပြည်အတွက် အနာဂတ်အလင်းရောင်ဖော်ဆောင်ပေးခဲ့မှုများသည် စွဲထင်ကျန်ရှိဆဲပင်။ အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ အငွေ့အသက်များ ခြုံလွှမ်းဆဲပင်ဖြစ်သော ရှေးဟောင်းအမွေအနှစ် လက်ရာတစ်ခုအဖြစ် ထည့်သွင်းခြင်းခံရသော ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ သွားရောက်လေ့လာရင်း မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်များ မွေးမြူကြပါစို့ဟု တိုက်တွန်းလိုက်ရပါတော့သည်။

## မြန်မာ့ရိုးရာအားကစား

***ရိုးရာအားကစားများထဲမှ ယနေ့အချိန်တွင် အထိုက်အလျောက်အချိန်ရလာပြီဖြစ်သည့် ရိုးရာလက်ဝှေ့နယ်ပယ်သို့ ကလပ်အသင်းသစ်တစ်သင်းဖြစ်သည့် ပဲခူးနယ်မှ ဟံသာဝတီသား ရိုးရာကလပ် အသင်းတစ်သင်း စတင်ခြေချ ဝင်ရောက်ပြီဖြစ်သည်။ ပဲခူးနယ်အတွင်း ရံဖန်ရံခါ ရိုးရာလက်ဝှေ့ပွဲများ စီစဉ်ကျင်းပခဲ့သော်လည်း ပဲခူးနယ်ဖွား ဟံသာဝတီသားများအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မှုမရှိခဲ့သည်မှာ ၁၀ စုနှစ်ကျော်ခဲ့ပြီဖြစ်သည်။ ထိုအစဉ်အလာကို ဖျောက်ဖျက်နိုင်ရန်နှင့် မျိုးဆက်သစ်တန်းများ စတင်ပေါ်ပေါက်လာစေရန် ပဲခူးနယ်ဖွား ဟံသာဝတီသားများ ရိုးရာကလပ်ကို များမကြာမီက စတင်ဖွဲ့စည်းတည်ထောင်ကာ မျိုးဆက်သစ်ပွဲများကိုပင် ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်နေပြီဖြစ်သည်။***

သတင်းဆောင်းပါး
မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မင်းထက်

# ရိုးရာလက်ဝှေ့နယ်ပယ်အတွင်းစတင်ခြေချလာသည့် ဟံသာဝတီသားကလပ်





ဦးကိုကိုအောင်(အုပ်ချုပ်သူ)
ဟံသာဝတီသားကလပ်

"ကျွန်တော်တို့အနေနဲ့ ဒီဟံသာဝတီသား ရိုးရာလက်ဝှေ့အသင်းလေးကိုတည်ထောင်ဖြစ်တဲ့ ရည်ရွယ်ချက်ကတော့ အဓိက ဟံသာဝတီနယ်ဖွား ရိုးရာမျိုးဆက်သစ် ဖော်ထုတ်ချင်တာပါပဲ။ ကျွန်တော်တို့ ဝါသနာရှင်တွေ စုစည်းပြီး ပြီးခဲ့တဲ့ ဇူလိုင် ၁၅ ရက်မှ စတင်တည်ထောင်ခဲ့တာဖြစ်လို့ မျိုးဆက်သစ်လေးတွေကို ရသလောက် စတင်စုစည်းနေပါတယ်" ဟု အသင်းအုပ်ချုပ်သူ ဦးကိုကိုအောင်က ဟံသာဝတီသား ရိုးရာလက်ဝှေ့ကလပ် စတင်တည်ထောင်ဖြစ်ခဲ့သည့် ရည်ရွယ်ချက်ကို ပြောသည်။

ဟံသာဝတီသား ရိုးရာကလပ်ကို ပြီးခဲ့သည့် ဇူလိုင် ၁၅ ရက်က ဝါသနာရှင်များစုဖွဲ့ကာ ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး ရိုးရာလက်ဝှေ့အဖွဲ့ချုပ်သို့ ခွင့်ပြုချက် တောင်းခံတင်ပြခဲ့ပြီးဖြစ်သည်။ ယခုအချိန်တွင် အသက် ၁၃ နှစ်မှ ၂၅ နှစ်အတွင်းရှိ မျိုးဆက်သစ် ၁၀ ယောက်ဖြင့် စတင်လေ့ကျင့်မှုများကို နေ့စဉ် ညနေ ၄ နာရီမှ ၆ နာရီခွဲအထိ လေ့ကျင့်လျက်ရှိပြီး ယှဉ်ပြိုင် ထိုးသတ်မည့်ပွဲများရှိလျှင် နေ့စဉ် နံနက်ပိုင်းနှင့် ညနေပိုင်းပါ လေ့ကျင့်လျက်ရှိကြောင်းသိရသည်။ ဟံသာဝတီသား ကလပ်အသင်းအနေဖြင့် စတင်တည်ထောင်ကာလ တစ်လကျော်သာရှိသေးသော်လည်း ပြီးခဲ့သည့် ဩဂုတ် ၂၃ ရက်က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ရိုးရာလက်ဝှေ့ အားကစားရုံတွင် ကျင်းပသည့် မျိုးဆက်သစ် မြန်မာဖိုက် လေးကြိမ်မြောက်တွင် သုံးချီပွဲလေးပွဲ ယှဉ်ပြိုင်ထိုးသတ်ရာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနှင့် နှစ်ပွဲသရေရလဒ် ရရှိခဲ့သည်။

"ကျွန်တော်တို့ ဟံသာဝတီသား ကလပ် အနေနဲ့ကတော့ ခုစုဖွဲ့ထားတာက တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာနည်းပြအနေနဲ့ရော၊ အုပ်ချုပ်သူတွေ အနေနဲ့ပါ သွားရောက်လုပ်ကိုင်နေတဲ့ အတွေ့အကြုံရှိ ဝါသနာရှင်တွေကို စုဖွဲ့ထားတာပါ။ အခြားကလပ်တွေလို ကစားသမားတွေဆီက ရာခိုင်နှုန်းနဲ့ ထိုးကြေးဖြတ်တာတော့ မလုပ်ပါဘူး။ တတ်နိုင်သလောက် ကျွန်တော်တို့ဘက်ပဲ အရင်းအနှီးထုတ် အကုန်အကျခံ လုပ်ဆောင်ပေးနေပါတယ်။ ကျွန်တော်တို့ ဟံသာဝတီသားကလပ်အနေနဲ့ အတတ်နိုင်ဆုံး ပထမတန်း လက်ဝှေ့ကျော်တွေ ပေါ်ထွက်လာတဲ့အထိ ကြိုးစားလုပ်ဆောင်သွားမှာပါ။ အဖွဲ့ချုပ်အနေနဲ့ကတော့ လိုအပ်တဲ့ လမ်းညွှန်မှုတွေ ပေးပါတယ်။ ကူညီထောက်ပံ့ပေးတာတော့ မရှိသေးပါဘူး" ဟု ဦးကိုကိုအောင်က ထပ်မံရှင်းပြသည်။

ပဲခူးနယ်တွင် ရိုးရာဘုရားပွဲများနှင့် ပျော်ပွဲရွှင်ပွဲများတွင် လက်ဝှေ့ပွဲများ ရံဖန်ရံခါ ထည့်သွင်းကျင်းပခဲ့သော် နယ်ခံရိုးရာလက်ဝှေ့သမားတွေ ယှဉ်ပြိုင်ထိုးသတ်မှု မရှိခဲ့သည်မှာ ကြာပြီဖြစ်သည်။ ယခင်က ရိုးရာလက်ဝှေ့ ကလပ်အသင်းများအနေဖြင့် တည်ထောင်မှု ရှိခဲ့သော်လည်း ကြိုကြားကြိုကြား ပေါ်ထွက်လာပြီး ပျောက်ကွယ်သွားခဲ့သည်။ သို့မို့ကြောင့်လည်း နယ်ခံမျိုးဆက်သစ် လက်ဝှေ့လေးများ အဆက်ပြတ်ကာ ကွယ်ပျောက်သွားသည့်အပြင် ရိုးရာလက်ဝှေ့ပွဲများစီစဉ်ရာတွင် အခက်အခဲများ ကြုံတွေ့ရလျက်ရှိကြောင်း သိရသည်။

ဟံသာဝတီသား ရိုးရာလက်ဝှေ့ကလပ်မှ နည်းပြ ဦးကျော်ကျော်စိုးကလည်း "ကျွန်တော်ဒီကလပ်မှာ နည်းပြလုပ်ဖြစ်တဲ့ ရည်ရွယ်ချက်ကတော့ ဒီပဲခူးနယ်မှာ မျိုးဆက်သစ် လက်ဝှေ့သမားလေးတွေ ဖော်ထုတ်ပေးဖို့ပါ။ ကျွန်တော်တိုယ်တိုင်လည်း ကစားသမားဘဝက တက်လာတာဆိုတော့ အခုလို အခွင့်အရေးပေးတဲ့ အချိန်ခါမှာ နယ်ခံမျိုးဆက်သစ်လေးတွေ ပေါ်ထွန်းလာစေချင်တယ်" ဟုဆိုသည်။

ဟံသာဝတီသား ရိုးရာလက်ဝှေ့ကလပ်တွင် လောလောဆယ် မျိုးဆက်သစ်ကစားသမား ၁၀ ဦးဖြင့် စုဖွဲ့လေ့ကျင့်နေပြီး ကစားသမားများ၏ ကီလိုတန်းအလိုက်ပါဝင်မှုမှာ ၄၁ ကီလိုတန်း၊ ၅၁ ကီလိုတန်း၊ ၅၇ ကီလိုတန်း၊ ၆၀ ကီလိုတန်း၊ ၆၃ ဒသမ ၅ ကီလိုတန်းနှင့် ၇၀ ကီလိုတန်း ဖြစ်ကြသည်။ ကစားသမားအများစုသည် ဝါသနာပြင်းထန်ကြသော်လည်း အခြေခံမှ စတင် သင်ကြားပေးရတာကြောင့် အချိန်ယူ လေ့ကျင့်ရမည်ဖြစ်ပြီး အရည်အချင်း တက်လာပါက ပြည်တွင်းပွဲများကို တစ်ဆင့်ချင်း ထည့်သွင်းယှဉ်ပြိုင်ထိုးသတ်သွားရန် စီစဉ်လျက်ရှိသည်။ ယခုလက်ရှိတွင် ဟံသာဝတီသား ရိုးရာလက်ဝှေ့ကလပ်ကို ပဲခူးတိုင်းဒေသကြီး ဇိုင်းဂနိုင်း (မြောက်ပိုင်း)တွင် အခြေစိုက်ပြီး ကစားသမားများ၏ လေ့ကျင့်မှုများကို ကလျာဏီ-၂ လမ်းတွင် လေ့ကျင့်ပေးလျက်ကြောင်း သိရသည်။

"ကျွန်တော် ဒီပွဲထိုးတာ ပထမဦးဆုံးပါ။ အတွေ့အကြုံလည်းမရှိ ကြိုးဝိုင်းကအစ အစိမ်းသက်သက်ဖြစ်နေတော့ တော်တော်စိတ်လှုပ်ရှားမှုဖြစ်မိတယ်။ ဒါပေမယ့် ဆရာတွေရဲ့ သွန်သင်ဆုံးမမှုကြောင့် အခုလို ပထမဆုံးပွဲမှာတောင် အလဲထိုးနဲ့ အနိုင်ရခဲ့တယ်။ လက်ဝှေ့သမားကောင်းတစ်ဦးဖြစ်ဖို့ရာ သတ္တိရှိရမယ်၊ ဖွဲ့ရှိရမယ်၊ သက်လုံကောင်းပြီး ခံနိုင်ရည်လည်း ရှိရမယ်လို့ ကျွန်တော်မြင်ပါတယ်။ နောက်ပွဲတွေမှာလည်း ကြိုးစားလေ့ကျင့်ပြီး ယှဉ်ပြိုင်ထိုးသတ်သွားမှာပါ။ ကျွန်တော် ရိုးရာလက်ဝှေ့ထဲမှာ အားအကျဆုံးကတော့ ကိုစောငမန်း၊ ကိုထွန်းထွန်းမင်းနဲ့ ကိုတူးတူးတို့ကို အားကျမိပါတယ်။ သူတို့လိုလည်း လက်ဝှေ့ကျော်တစ်ဦးဖြစ်အောင် ကြိုးစားသွားမှာပါ" ဟု ဟံသာဝတီသား ရိုးရာလက်ဝှေ့ကလပ်မှ မျိုးဆက်သစ် အေးထွန်းက ဩဂုတ် ၂၃ ရက်က ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် မျိုးဆက်သစ်ပွဲတွင် ရင်ဖွင့်ခဲ့သည်။

ဟံသာဝတီသား ရိုးရာလက်ဝှေ့ကလပ်သည် စတင်ဖွဲ့စည်းပြီး မျိုးဆက်သစ် ကစားသမားများကို နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် နေ့စဉ်လေ့ကျင့်မှုများ ပြုလုပ်ကာ တစ်လကျော် အကြာမှာပင် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ လက်အောက်ရှိ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ဦးဆောင်၍ မျိုးဆက်သစ်ရိုးရာလက်ဝှေ့သမားများ ပေါ်ထွန်းရေးရည်ရွယ်ချက်ဖြင့် ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့ အားကစားရုံ၌ စဉ်ဆက်မပြတ် ကျင်းပပေးနေသော မျိုးဆက်သစ် ရိုးရာလက်ဝှေ့ပြိုင်ပွဲသို့ ပြီးခဲ့သည့် ဩဂုတ် ၂၃ ရက်က ပထမဦးဆုံး ဝင်ရောက်ယှဉ်ပြိုင် ထိုးသတ်ခဲ့သည်။ လတ်တလောအနေဖြင့် လေ့ကျင့်ရေး ပစ္စည်းများဝယ်ယူကာ လေ့ကျင့်လျက်ရှိပြီး နောက်ပိုင်းတွင် ရိုးရာလက်ဝှေ့ ကိုယ်ပိုင်စင်တစ်ခုကိုလည်း ဝယ်ယူတည်ဆောက်သွားမည်ဖြစ်ကြောင်း အသင်းအုပ်ချုပ်သူထံမှ သိရသည်။

လတ်တလော ကလပ်အသင်းသစ်များ ဝင်ရောက်လာမှုနှင့် ပတ်သက်၍ မြန်မာ့ရိုးရာ လက်ဝှေ့အဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးစန်းမြင့်က "ခုတလော ရိုးရာလက်ဝှေ့အနေနဲ့ အရှိန်မြင့်လာတယ်လို့ ပြောရမယ်။ အသင်းသစ် ဝင်ရောက်လာတာတွေရော၊ အသင်းပြောင်းတာတွေလည်း ရှိတယ်။ ရိုးရာလက်ဝှေ့စည်းမျဉ်း ဥပဒေကလည်း ခွင့်ပြုလိုက်ပြီဆိုတော့ စည်းကမ်းတကျ ပြန်ပြီးတော့ လုပ်ဖို့လိုလာပြီ။ ကစားသမားတွေကလည်း အရင်နဲ့စာရင် ဝိတ်ချိန်တာကအစ စည်းကမ်းလိုက်နာလာတာကို တွေ့ရတယ်။ ဖြည်းဖြည်းချင်းတော့ စည်းကမ်းဘောင်ထဲ ဝင်လာအောင် လုပ်ယူရမယ်" ဟု လတ်တလော ရိုးရာလက်ဝှေ့လောက ပြုပြင်ပြောင်းလဲလာမှုအပေါ် သုံးသပ်ပြောကြားသည်။

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ အိုလံပစ်ကော်မတီလက်အောက်ရှိ မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်တွင် ယခုလက်ရှိ ရိုးရာလက်ဝှေ့ကလပ်အသင်းပေါင်း ၂၃ သင်းရှိပြီး အဆိုပါကလပ်များထဲတွင် ကလပ်ပိုင်ရှင်နှင့် နာမည်ပြောင်းမှာ ယခင် ရွှေကုက္ကိုလ်မှ နဂါးနီ၊ မုဒ္ဒံသားကလပ်မှ ထွန်းသွင်ကလပ်အမည်သို့ ပြောင်းလဲခဲ့သလို အသင်းပိုင်ရှင်များမှာလည်း အပြောင်းအလဲများရှိခဲ့သည်။ ထို့အပြင် မျိုးဆက်သစ် ကလပ်အသင်းများပေါ်ထွက်လာရာ ပဲခူးတိုင်းဒေသကြီးမှ ဟံသာဝတီသား၊ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့မှ မင်းသီဟနှင့် စစ်ကိုင်းမြို့ပေါ်မှ မိဘရိပ် မျိုးဆက်သစ်ရိုးရာ လက်ဝှေ့ကလပ်များဖြစ်သည်။ သို့မို့ကြောင့် မေးမှိန်လုနီးပါးဖြစ်ခဲ့သည့် မြန်မာ့ရိုးရာလက်ဝှေ့လောကသည် အချိန်တိုအတွင်း ပြန်လည်ဦးမော့လာကာ နောင်အနာဂတ်တွင် မွေထိုင်းကဲ့သို့ ကမ္ဘာ့အလယ်တွင် စိမ့်ဝင်ပျံ့နှံ့တော့မည်ဖြစ်၍ ရိုးရာလက်ဝှေ့ချစ်မျိုးဆက်သစ်များအနေဖြင့် လက်တစ်ကမ်းတွင် ရောက်ရှိနေသည့် အခွင့်ကောင်းတစ်ရပ်ကို မလွတ်တမ်းဆုပ်ကိုင်ထားရန်လိုအပ်မည် ဖြစ်ပေသည်။ ■

**လတ်တလောအနေဖြင့် လေ့ကျင့်ရေး ပစ္စည်းများဝယ်ယူကာ လေ့ကျင့်လျက်ရှိပြီး နောက်ပိုင်းတွင် ရိုးရာလက်ဝှေ့ ကိုယ်ပိုင်စင်တစ်ခုကိုလည်း ဝယ်ယူတည်ဆောက်သွားမည်ဖြစ်ကြောင်း**



ဟံသာဝတီသား ရိုးရာကလပ်အဖွဲ့သားများကို တွေ့ရစဉ်။

# ရွေးကောက်ပွဲကာလ မီဒီယာများ၏အခန်းကဏ္ဍ



ချစ်နိုင်(စိတ်ပညာ)

### လာတော့မည်

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက် (တနင်္ဂနွေနေ့)၊ မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် သီတင်းကျွတ်လဆုတ် ၁၁ ရက် နံနက် ၆ နာရီတိတိတွင် မြန်မာတစ်နိုင်ငံလုံးရှိ ရွေးကောက်ပွဲမဲရုံများဖွင့်ကြပေလိမ့်မည်။ ၁၆း၀၀ နာရီ (ညနေ ၄ နာရီတိတိ)၌ မဲရုံပရဝုဏ်အတွင်းရောက်နေပြီးဖြစ်သော မဲဆန္ဒရှင်မှအပ မဲရုံပိတ်သိမ်းလိုက်ပေလိမ့်မည်။ တစ်နိုင်ငံလုံးရှိရပ်ကွက်နှင့် ကျေးရွာအလိုက် မဲရုံပေါင်း အထောင်အသောင်းတို့သည် ပါတီကိုယ်စားလှယ်လောင်းများ၊ ရပ်မိရပ်ဖများ၊ စိတ်ဝင်စားသူပြည်သူများ၊ တရားဝင်လေ့လာစောင့်ကြည့်သူအဖွဲ့ဝင်များဖြင့် ပြည့်နေပေလိမ့်မည်။ မဲရုံမှူး၊ ဒုမဲရုံမှူးတို့က အတည်ပြုမဲ၊ ပယ်မဲတို့ကို အများမြင်သာအောင် ပြသပြီး ရေတွက်ကြပေလိမ့်မည်။

နိုင်ငံတစ်ဝန်းရှိ မဲဆန္ဒပေးပိုင်ခွင့်ရှိကြသော လူပုဂ္ဂိုလ် ၃၂ သန်းကျော်သည် မိမိတို့ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအတွင်းရှိ မဲရုံများတွင် မိမိအမည်ပါဝင်ကြောင်း စက်တင်ဘာလအတွင်းက ကြိုတင်ကြည့်ရှုထားပြီးဖြစ်သည်နှင့်အညီ ဘယ်မဲရုံအမှတ်၊ ဘယ်နေရာသွား၍ မဲပေးရမည်ကို သိပြီးသား။

ခရီးဝေးသွားသူ၊ သင်တန်းတက်သူ၊ ဆေးရုံတက်သူ၊ ရှေ့တန်းထွက်သူ စသည်တို့၏ ကြိုတင်မဲများကိုလည်း မြို့နယ်အဆင့်နှင့် ရပ်/ကျေးအဆင့် ရွေးကောက်ပွဲကော်မရှင်တို့က ကြိုတင်ကြေညာကပ်ပေးထားပြီးသည့်အတိုင်း သက်ဆိုင်ရာမဲရုံမှူးများထံသို့ ၈-၁၁-၂၀၁၅ ရက်(တနင်္ဂနွေနေ့) ညနေ ၄ နာရီ မတိုင်မီ အရောက်ပို့ပေးပြီးသား။

### ခြားနားချက်

ယခင့်ယခင် ဒီမိုကရေစီရွေးကောက်ပွဲများနှင့် ကွဲပြားခြားနားသော အချက်များလည်းရှိလေသည်။ ဥပမာ သာဓကဖော်ပြရပါက မဲဆန္ဒပေးပိုင်ခွင့်ရှိသူ မဲပေးခွင့်မရဘဲ ကျန်ရစ်ခဲ့သည်ဟု မရှိရစေရန် ဇူလိုင်လ၊ ဩဂုတ်လများကပင် ကြိုကြိုတင်တင် အခြေခံမဲစာရင်းများကို ရပ်ကွက်နှင့် ကျေးရွာရွေးကောက်ပွဲကော်မရှင်ရုံးများ၌ ပွင့်လင်းမြင်သာစွာပြည်သူလူထုကြည့်ရှုနိုင်ရန် ကပ်ပေးထားခဲ့၏။ ထို့ကြောင့် လိုလျှင်ဖြည့်ခွင့်ရ၏။ စက်တင်ဘာမှာ လာဦးမည်။ လွဲမှားလျှင် ပြင်ခွင့်ရခဲ့၏။

ပိုနေလျှင် ဖျက်ခွင့်ရခဲ့ပြီးပြီ။ ကွယ်လွန်ခဲ့ပြီးသူကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနအထိ တရားဝင် သွားရောက်သတင်းမပို့ခဲ့သဖြင့် အိမ်ထောင်စုစာရင်းမှာ ဆက်ပါနေသေးခြင်းပါ။ ရပ်/ကျေးဥက္ကဋ္ဌ၊ အုပ်ချုပ်ရေးမှူး၊ ရပ်/ကျေးစာရေးတို့ချည်းတာဝန်လည်းမဟုတ်။ ကာယကံရှင်က မွေးခြင်း၊ သေခြင်းသည် ကျန်းမာရေးဦးစီးဌာနနှင့်သာ သက်ဆိုင်သည်ဟု သိ၏။ သေဆုံးလက်မှတ်မူရင်းကိုလည်း သင်္ချိုင်းက ယူထားလိုက်၏။ မိတ္တူပြရုံနှင့် သင်္ဂြိုဟ်၍မရ။

ဤသို့ ကြိုကြိုတင်တင်ပြင်ဆင်ခွင့်ရပြီး အမှားကင်းစင်အောင်တင်ပြသည်ကိုပင် မည်သည့်မြို့နယ်မှ မဲဆန္ဒရှင်ဦးရေ ၈၀ ရာခိုင်နှုန်း ပြည့်အောင်လာမကြည့်ခဲ့သည့် မှတ်တမ်းရှိပါ၏။ အများဆုံးလာကြည့်ကြသော မြို့နယ်ပင် ၄၀ ရာခိုင်နှုန်းမရှိ။ အချို့မီဒီယာများက ၈၀ ရာခိုင်နှုန်းမှားနေသည်။ ၉၀ ရာခိုင်နှုန်းလောက် ကျွမ်းထိုးမှောက်ခုံ မှားယွင်းနေသည်ဟု ဘာမှအခြေအမြစ်အထောက်အထားမရှိ ပြောဆိုရေးသားခြင်းမျိုးလည်းရှိ၏။ အမှားတွေ့မြင်အမှန်ပြင်ရုံပဲဥစ္စာ။ ကြိုဆိုအားပေးရမည့်အစား မဟုတ်မမှန်သားပုပ်လေလွင့်။

မည်သို့ပင်ဖြစ်စေ၊ အမှားနည်းပါး အမှန်များစေခဲ့ပြီးပြီ။ စက်တင်ဘာလမှာကပ်မည့် မဲစာရင်းများကို လာကြည့်လိုက်လျှင် ထင်ရှားပါလိမ့်မည်။ ဒါလည်း သတ်ပုံ၊ စာလုံးပေါင်းမှားတုန်းပဲဆိုလျှင်လည်း စိတ်မပျက်ပါနှင့်။ မဲပေးခွင့်မဆုံးရှုံးစေရပါ။ ရပ်ကွက်လူကြီး၊ရပ်မိရပ်ဖများက ပြောပြ၍ မဲပေးခွင့်ရှိသူအမှန်ဖြစ်ပါက အသေးအဖွဲ မကိုက်ညီတာနှင့် မဲရုံမှမငြင်းပယ်ပါ။ မဲလာပေးတာကိုကြိုဆိုပါ၏။

### အချိန်ယူပြင်ဆင်ခဲ့၏

အခြေခံမဲစာရင်းကို ဤကဲ့သို့ လေးငါးခြောက်လ အချိန်ယူကြိုတင်ပြင်ဆင်ခြင်း၊ ကောက်ယူခြင်း၊ အမှားကင်းစင်အောင်ပြင်နိုင်ခြင်း၊ ကွန်ပျူတာ ဖြင့်စာစီခြင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ကွန်ပျူတာမိန်းဆာဗာ၌ ပြည့်စုံစွာ ထည့်သွင်းနိုင်ခြင်းကြောင့် သဘာဝဘေးအန္တရာယ်တို့ကို ကာကွယ်ပြီးသားဖြစ်သွား၏။

ဇူလိုင်လအတွင်း ထူးကဲသည်းထန်သောမိုးကြောင့် မြေပြိုခြင်း၊ ရေလွှမ်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။ ပြည်သူတစ်သန်းခွဲလောက် အတိဒုက္ခရောက်ကြရသည်။ အဆိုးထဲမှအကောင်းကား အခြေခံမဲစာရင်းများ ကွန်ပျူတာမိန်းဆာဗာထဲ ပြည့်စုံစွာရှိထားခဲ့ပြီးသားမို့ အပျက်အစီးမရှိ။ ရေစုန်မမျောဘဲ ကျန်ရှိ၏။

ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများ ပြုစုနိုင်စေရန် ကွန်ပျူတာများ ကူညီပေးခဲ့ကြသော IFES (International Foundation For Electoral Systems) နိုင်ငံတကာရွေးကောက်ပွဲစနစ်များ ဖောင်ဒေးရှင်းကိုလည်း ကျေးဇူးတင်စရာကောင်း၏။ ရွေးကောက်ပွဲကော်မရှင်၏ ကြိုကြိုတင်တင်ပြင်ဆင်မှု၊ အပင်ပန်းခံကာ ပြုစုမှုနှင့်ပြည်သူလူထု၏ ပူးပေါင်းပါဝင်ကူညီမှုကြောင့် အောင်မြင်ပါ၏။ မဲဆန္ဒရှင် စာရင်းပြုစုခြင်းကား သဘာဝဘေးအန္တရာယ်ကြီးမှ လွတ်မြောက်ခဲ့၏။

### ကြိုးစားမှုရှိ၏

မဲပေးခွင့်ရှိသူအားလုံး အမည်မကျန်စေရန် ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်သည် အထူးအလေးထား၍ ကြိုးစားခဲ့သည်မှာ ထင်ရှားပါ၏။ ဘယ်ပါတီတွေ ပြိုင်လာမှာမှန်းမသိ၊ အချို့ပါတီက ရွေးကောက်ပွဲဝင်မှာလိုလို၊ မဝင်ဘူးလိုလိုလည်းရှိခဲ့၏။ ဘယ်ပုဂ္ဂိုလ်တွေ ဝင်ပြိုင်မှာလဲ မသိရသေးသည့်အချိန်မှာပင် လုပ်စရာဆောင်ရွက်စရာရှိသမျှ မလစ်လပ်ရအောင် ကြိုးစားထမ်းဆောင်ခဲ့ကြ၏။ မွေးရက်၊ မွေးလ၊ မွေးခုနှစ်လွဲလျှင် ပြင်ပေးမည်။ အသက် ၁၈ နှစ်ပြည့်ပြီးကြောင်း သဲကွဲလျှင်လုံလောက်၏။ ဇွန်လ ၁၅ ရက် မွေးသူဦးရေများ အတော်အတန်များနေခြင်းကား မွေးနေ့မွေးလ မသိပါ။ မမှတ်မိပါဟု ဖြေကြားသူများကို (ကွန်ပျူတာပရိုဂရမ်ဒီဇိုင်းအရ ကွက်လပ်ချန်ထား၍မရ) မသိဟု ထည့်လို့မရသဖြင့် နိုင်ငံတကာရွေးကောက်ပွဲများမှာ ကျင့်သုံးကြသည့် ထုံးစံအတိုင်း ၁၂ လမှာ အလယ်လ၊ ရက် ၃၀ မှာ အလယ်ရက်၊ (၁၈ နှစ်ပြည့်လျှင်ပြီးပါသည်။ ဘာနေ့သားလဲ၊ ဘယ်လဖွားလဲက ဘာမျှအရေးမကြီးပါ) ကို ထည့်ပေးရခြင်းပါ။ မသမာခြင်းလည်းမဟုတ်။ ဘယ်သူ့ကိုမှလည်း မထိခိုက်၊ သဘာဝမကျဘူးဟု အပြစ်ပြောသူလည်းရှိ၏။

ဘာမျှမသိဘဲ ဟာသလုပ်ကာ နောက်ပြောင်သူများ၊ ဟားသူများကိုလည်း ခွင့်လွှတ်ပါ၏။ မွေးဇာတာလည်းမရှိ။ မွေးရက်မွေးလ မှတ်သားထားခဲ့ခြင်းလည်း မရှိ။ အိမ်မှာ ပြက္ခဒိန်လည်းမရှိကြသော မိသားစုမျိုး ဤမျှများပြားလှသည်ကို တွေ့ရှိရသောအခါတွင်မူ သက်ပြင်းကိုသာ အခါခါချမိပါ၏။ အဘအမည်၊ အမိအမည် ဦးဖြူနှင့်ဦးမြူ ဒေါ်ခွေးနှင့် ဒေါ်အေး လွဲရုံမျှနှင့်လည်း မဲပေးပိုင်ခွင့်ကို မဆုံးရှုံးစေရ။ ရပ်ရွာလူကြီးတွေက ကောင်းစွာသိပြီး နေကြသည်မဟုတ်လား။ မပူနှင့်။ မဲပေးပိုင်ခွင့်ရစေရပါမည်။

### ကူညီကြ၏

မကျန်အောင် အသေးစိတ်ကြိုးပမ်းသကဲ့သို့ မထပ်အောင်လည်း ၂၀၁၅ ရွေးကောက်ပွဲ၌ စီမံထား၏။

မဲပေးပြီးသူ၏ လက်သန်းကို မင်တို့ပေးလိုက်ပါရစေ။ စိတ်မရှိပါနှင့်၊ ညနေ ၄ နာရီအထိ ဖျက်လို့မရပါ။ ဤမဲရုံသို့ နောက်တစ်ခေါက်မဲလာပေး၍မရ။ အခြားမဲရုံသို့လည်း မဲသွားပေး၍မရ။ ယခင်က ဤကဲ့သို့ မလုပ်ခဲ့ဖူးပါ။ လူတစ်ယောက်တည်းက နှစ်ကြိမ်မဲပေးခွင့်မရှိစေရ၊ လူတစ်ယောက်တည်းက မဲရုံနှစ်နေရာ ပေးခွင့်မရစေရ။ ၂၀၁၅ နိုဝင်ဘာအထွေထွေရွေးကောက်ပွဲ မဲရုံပေါင်း သောင်းသိန်းအတွက် နိုင်ငံတကာ ဒီမိုကရေစီရွေးကောက်ပွဲများ၌ ကျင့်သုံးသောစနစ်အတိုင်း IFES က မင်ဘူးများ ထောက်ပံ့ကူညီထား၏။

### ထူးခြားမှုရှိ၏

၂၀၁၅ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲက ယခင်နှင့်မတူ၊ စေ့စပ်လှချည်လား။ တိကျလှချည်လား။ ရွေးကောက်ပွဲကော်မရှင် အဆင့်ဆင့်တို့သည် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအတိုင်း သမာသမတ်ကျစွာ မိမိတို့ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ထမ်းဆောင်ကြလိမ့်မည်။ သန့်ရှင်း၍ တရားမျှတမှန်ကန်သော ရွေးကောက်ပွဲဖြစ်ကြောင်းကို ကမ္ဘာအဝန်းက သိရှိအောင်ပွင့်လင်းမြင်သာမှုရှိစွာ စွမ်းဆောင်မည်ဖြစ်၏။ ပြည်သူတွေ ပါဝင်ကူညီကြပါ။

၂၀၁၅ ဒီမိုကရေစီရွေးကောက်ပွဲ၏ နောက်ထပ်ထူးခြားသည့်လက္ခဏာတစ်ရပ်မှာ ပြည်သူများအားလုံးလည်း ကြိုတင်သိမြင်ထားသင့်၏။ ယနေ့ခေတ်မှာ ဘာမျှ ဖုံးကွယ်ထိန်ဝှက်ထားချင်၍မရ။ ပွင့်လင်းမြင်သာကြရမည်။ ပြည်တွင်းပြည်ပ လေ့လာသူ၊ စောင့်ကြည့်သူများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တရားဝင်ခွင့်ပြုမည်ဖြစ်၏။ ယခင်က ဤကဲ့သို့မရှိခဲ့ဖူးပါ။

### ကျင့်ဝတ်လိုက်နာ

လေ့လာသူများနှင့် စောင့်ကြည့်သူများက မတူဘူးလား။ မတူကြပါ။ ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ လေ့လာသူများကို လနှင့်ချီပြီး လေ့လာခွင့်ပြုထားမည်ဖြစ်၏။ ကော်မရှင်၊ အစိုးရဌာနများ၊ မဲရုံမှူး၊ မဲရုံဝန်ထမ်းများ၊ ဒေသအာဏာပိုင်များ၊ မီဒီယာများ၊ မဲဆန္ဒရှင်များ၊ ရဟန်းရှင်လူ ပြည်သူအများကို တရားဝင်မေးမြန်းလေ့လာခွင့်ပြုထား၏။

စောင့်ကြည့်သူအဖြစ် တရားဝင်ခွင့်ပြုသော ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်များကမူ ရွေးကောက်ပွဲသို့ ကာလတိုရက်ပိုင်းမျှသာ ဆောင်ရွက်ကြမည်ဖြစ်၏။ သူတို့က ရွေးကောက်ပွဲကော်မရှင်သို့ တွေ့ရှိချက်များတင်ပြကြမည်ဖြစ်၏။ နှစ်သက်ရာ မြို့နယ်၊ ကြိုက်ရာမဲရုံများသို့ သွားရောက်လေ့လာခွင့်၊ စောင့်ကြည့်ခွင့် ပေးပါလိမ့်မည်။ လေ့လာစောင့်ကြည့်သူများ၏ ကျင့်ဝတ်တော့ရှိပါ၏။ ကျင့်ဝတ်နှင့်အညီသာ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်၏။ မဲရုံမှူးနှင့် ရွေးကောက်ပွဲလုပ်ငန်းများအပေါ် လွှမ်းမိုးခြင်း၊ စွက်ဖက်ခြင်းပြုခွင့်မရှိပါ။

ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများက ညီညွတ်စွာတိုင်ပင်ဆွေးနွေးပြီး နိုင်ငံရေးပါတီများ၏ ကျင့်ဝတ်ကိုလည်း ရေးဆွဲပြဋ္ဌာန်းထား၏။ ၂၀၁၅ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၏ ဆင့်ကဲဖွံ့ဖြိုးတိုးတက်မှုတစ်ရပ်လည်းဖြစ်၏။ ယခင်ကမရှိခဲ့ဖူးပေ။ ယှဉ်ပြိုင်မည့်ပါတီပေါင်းကလည်း ၉၀ ကျော်၏။ တစ်သီးပုဂ္ဂလယှဉ်ပြိုင်သူများ အရေအတွက်ကလည်း ၃၂၃ ဦး မှတ်ပုံတင်ထားကြ၏။

### စံချိန်တင်ဦးရေ

**တစ်သီးပုဂ္ဂလဝင်ရောက်ယှဉ်ပြိုင်သူဦးရေ**

၁။ ၁၉၉၀ အထွေထွေရွေးကောက်ပွဲ ၈၇ ဦး
၂။ ၂၀၁၀ အထွေထွေရွေးကောက်ပွဲ ၈၂ ဦး
၃။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲ ၃၂၃ ဦး

၂၀၁၅ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အပေါ် ယုံကြည်ကိုးစားထိုက်သည်ဟု ယုံကြည်မှုရှိသူ၊ လွတ်လပ်စွာဖြင့် နိုင်ငံကောင်းကျိုးကို ပါတီစွဲမပါဘဲ ဆောင်ရွက်လိုသူဦးရေ သုံးဆလေးဆ တိုးတက်လာခြင်းဖြစ်ပါ၏။

၂၀၁၅ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းတင်သွင်းသူ ဦးရေလည်း နှစ်ဆသုံးဆတိုးတက် များပြားခဲ့ပါ၏။

| | | |
|---|---|---|
| ၁။ | ၁၉၉၀ ရွေးကောက်ပွဲ | ၂၂၉၆ ဦး |
| ၂။ | ၂၀၁၀ ရွေးကောက်ပွဲ | ၃၀၆၉ ဦး |
| ၃။ | ၂၀၁၅ ရွေးကောက်ပွဲ | ၆၁၈၉ ဦး |

ယှဉ်ပြိုင်သူ လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ လွှတ်တော်မဲပုံးအလိုက် ရွေးချယ်စရာ ပိုမိုများပြားလာခြင်းသည် မဲဆန္ဒရှင်ပြည်သူများအတွက် အခွင့်အရေးကောင်းဖြစ်၏။ စစ်မှန်သောခေါင်းဆောင်ကောင်းကို သေချာစွာနှိုင်းယှဉ်စိစစ်ရွေးချယ်စရာ အခွင့်အလမ်းပိုများလာခြင်းမဟုတ်ပါလား။ မိမိမြို့ရွာ၊ မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် တိုင်းပြည်၏ ကောင်းကျိုးကိုအမှန်တကယ်စွမ်းဆောင်နိုင်လောက်သည့် ပုဂ္ဂိုလ်မျိုးကို ရွေးချယ်ခွင့်မိမိတို့မှာရှိ၏။

### အခွင့်အရေးကြီး

ဤအခွင့်အရေးကြီးသည် ငါးနှစ်ကြာမှ တစ်ကြိမ်သာ ရနိုင်ခြင်းဖြစ်သဖြင့် သေချာစွာ နှိုင်းယှဉ်စဉ်းစားပြီး ဆန္ဒမဲပေးသင့်ပါ၏။ မိမိအရွေးမှန်လျှင် နိုင်ငံလူမျိုး အကျိုးရှိမည်ဖြစ်၏။ မိမိဘဝလည်း တိုးတက်သာယာမည်ဖြစ်၏။ ဘာမျှမစဉ်းစားဘဲ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲနှင့် မျက်စိမှိတ်ပြီး ရွေးလိုက်မိလျှင်

*စာမျက်နှာ ၂၁ သို့*

# ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းများအား ထောက်ပံ့ရန် ထိုင်းကူးသန်းရောင်းဝယ်ရေးဘဏ်က စိတ်ဝင်စား

အီတလီ-ထိုင်း ဖွံ့ဖြိုးရေးလုပ်ငန်း၏ ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းတို့တွင် ငွေကြေးအထောက်အပံ့ပေးရန် ထိုင်းကူးသန်းရောင်းဝယ်ရေးဘဏ်က အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စီမံကိန်းကြီးများအား ရှေ့ဆောင်စီစဉ်သူအဖြစ် ဆောင်ရွက်ရန် ထိုင်းနိုင်ငံ၏ တတိယအကြီးဆုံး ငွေကြေးချေးငှားသူဖြစ်သော ထိုင်းကူးသန်းရောင်းဝယ်ရေးဘဏ်က ဆောင်ရွက်လျက်ရှိသည်ဟု ယင်းဘဏ်၏ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် အာသစ်နန်းသာဝီသာရာက ပြောကြားသည်။

"ကျွန်တော်တို့ ဘဏ်အနေနဲ့ ထားဝယ်စီမံကိန်းလုပ်ငန်းတွေ အရှိန်ရပြီဆိုတာနဲ့ ငွေကြေးအထောက်အပံ့တွေကို ပြန်လည်ပေးအပ်ဖို့ရှိပါတယ်။ ကျွန်တော်တို့ဘဏ်အနေနဲ့ စီးပွားရေးအရ အလားအလာရှိတဲ့ ရေနဲ့ဆက်စပ်တဲ့ စွမ်းအင်အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွေနဲ့ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွေမှာ အဓိက ပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားသည်။

အဆိုပါ စီမံကိန်းကြီးများကို ဆောင်ရွက်ရန် လိုအပ်သောချေးငွေ၏ ၇၀ ရာခိုင်နှုန်းကို အီတလီ-ထိုင်း ဖွံ့ဖြိုးရေးလုပ်ငန်းက ထုတ်ချေးမည်ဖြစ်သည်။

အဆိုပါ စီမံကိန်းကြီးများ၏ ကနဦးလုပ်ငန်းများ ဆောင်ရွက်ရန် မြန်မာအစိုးရနှင့် အီတလီ-ထိုင်း ဖွံ့ဖြိုးရေးလုပ်ငန်းတို့ သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့သည်။

အီတလီ-ထိုင်း ဖွံ့ဖြိုးရေးလုပ်ငန်းအနေဖြင့် အဆိုပါ စီမံကိန်းကြီးများအတွက် စုစုပေါင်း ဘတ်ဂျက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံသုံးစွဲရန် လျာထားပြီး ယင်းအထဲတွင် ဒေါ်လာသန်း ၅၀၀ တန် လျှပ်စစ်ဓာတ်အား ၄၅၀ မီဂါဝပ် ထုတ်လုပ်နိုင်သော ဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန်လည်း ပါဝင်သည်။ ဗန်ကောက်ဘဏ်ကလည်း အဆိုပါ စီမံကိန်းကြီးများအား ငွေကြေးအထောက်အပံ့ပေးရန် စိတ်ဝင်စားလျက်ရှိသည်။

**စိန်ရင်**

■



နိုင်ငံတကာရေးရာသုံးသပ်ချက်

သုဓန

# သမိုင်းထဲက အမေရိကန်၏ ပစိဖိတ်ဗျူဟာ

လွန်ခဲ့သည့် ၁၉၄၅ခုနှစ် ယခုလို ဩဂုတ်လတွင် ဂျပန်နိုင်ငံက လက်နက်ချအရှုံးပေးပြီး ဒုတိယကမ္ဘာစစ် ပြီးဆုံးသွားချိန်တွင် အမေရိကန်သည် ပစိဖိတ်သမုဒ္ဒရာတွင် ပြိုင်ဘက်မရှိ အင်အားအကြီးဆုံးဖြင့် ရပ်တည်နေခဲ့သည်။ ဗြိတိန်တော်ဝင်ရေတပ်နှင့် ဩစတြေးလျတော်ဝင်ရေတပ်တို့သာ အိန္ဒိယသမုဒ္ဒရာမှသည် အရှေ့တရုတ်ပင်လယ်အထိ ခြေဦးတည့်ရာ လွတ်လပ်စွာ သွားလာလှုပ်ရှားနိုင်စွမ်းရှိသလို အမေရိကန်၏ အပြာရောင် ရေတပ်သင်္ဘောအုပ်စုတို့က အင်အားကြီးမားစွာဖြင့် ရပ်တည်မင်းမူနေခဲ့သည်။ ထိုင်ဝမ်မှလွဲ၍ ဒတ်ချ်အရှေ့အိန္ဒိယနယ်ပယ်၊ ဂျပန် ကျွန်းစု၊ တောင်ပစိဖိတ်သမုဒ္ဒရာရှိ ကျွန်းစုများနှင့် အနောက်ပစိဖိတ်တွင်ရှိသည့် ကျွန်းငယ်များအားလုံးကို အမေရိကန်နှင့် ၎င်း၏ မဟာမိတ်များက ထိန်းချုပ်ထားခဲ့ကြသည်။

ထို့ပြင် အာရှတိုက်ကုန်းတွင်းပိုင်းတွင် အခြားသော အခြေအနေတစ်ခုရှိနေသည်။ အမေရိကန်နှင့် ခနသဟာယတပ်ဖွဲ့များက မြန်မာနိုင်ငံတစ်ဝန်း ချီတက်တိုက်ခိုက်ခဲ့သော်လည်း မန်ချူးရီးယားနှင့် ကိုရီးယားကျွန်းဆွယ်မြောက်ပိုင်းသည် ဆိုဗီယက်တို့၏ ထိန်းချုပ်မှုအောက်သို့ ကျရောက်သွားသည်။ အမေရိကန်အစိုးရက အိုကီနာဝါကျွန်းရှိ တိုက်ရည်ခိုက်ရည်ရှိသော ဝါရင့်စစ်မှုထမ်းများအား ကိုရီးယားကျွန်းဆွယ်တောင်ပိုင်းကို အလျင်အမြန်တိုက်ခိုက်သိမ်းပိုက်စေပြီး မန္တလေးမြို့မှ ဟန္ခိုင်းမြို့ထိ ကျယ်ပြန့်လှသည့် ဧရာမကုန်းမြေကြီးအား အရှေ့တောင်အာရှကို ကွပ်ကဲအုပ်ချုပ်သည့် လော့ဒ်လူးဝစ်မောင့်ဘက်တန်၏ အုပ်ချုပ်မှုအောက်သို့ထားရှိခဲ့သည်။ နောက်ဆယ်စုနှစ်နှစ်ခုအကြာတွင် ကိုရီးယားနှင့် ဗီယက်နမ်တွင် ဖြစ်ပွားသည့် စစ်ပွဲများကြောင့် အမေရိကန်စစ်သားတစ်သိန်းကျော် အသက်ဆုံးရှုံးခဲ့သည့်အတွက် အာရှတိုက်ကုန်းတွင်းပိုင်းတွင် အမေရိကန်တို့ အင်အားလျော့နည်းလာခဲ့သည်။ အမေရိကန်မူဝါဒရေးဆွဲချမှတ်သူများအနေဖြင့် အာရှတိုက်လုံခြုံရေးအတွက် မည်သို့ ကြိုးပမ်းအကောင်အထည်ဖော်ရမည်ကို ငြင်းခုံဆွေးနွေးခဲ့ကြရသည်။ သို့သော် အာရှရေကြောင်းသွားလာရေးနှင့်ပတ်သက်၍ အနည်းငယ်မျှသာ ဆွေးနွေးခဲ့ကြသည်။ "စစ်ပွဲပြီးသွားတာနဲ့ ကျွန်တော်တို့ဟာ နယ်ချဲ့ဝါဒအတွက် ဝေဖန်ပြစ်တင်မှုတွေရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကျွန်တော်တို့အနေနဲ့ ကျွန်းစုတွေနဲ့ပတ်သက်လို့ စည်းမျဉ်းစည်းကမ်းတွေ၊ ပိုင်ဆိုင်ခွင့်တွေ ပြုလုပ်သွားကြရမှာဖြစ်ပါတယ်။ ဆော်လမွန်ကျွန်းတောင် ဒီလိုစည်းမျဉ်းစည်းကမ်းတွေနဲ့ လုပ်သွားရဖို့ရှိသလို ပစိဖိတ်သမုဒ္ဒရာကို လွှမ်းမိုးထားနိုင်ဖို့လည်း စွမ်းဆောင်ကြရမှာပါ" ဟု ရေတပ်စစ်ဆင်ရေးမှူး အားနတ်စ်ကင်းက ၁၉၄၃ ခုနှစ် ဇူလိုင် ၂၃ရက် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

> ရုစပဲ့က ကမ်းလွန်ကျွန်းစုများသည် ဂျပန်နိုင်ငံကို ပုံးကြဲတိုက်ခိုက်နိုင်ရေးအတွက် ပုံးကြဲလေယာဉ်များ ရပ်နားစခန်းချရာအဖြစ် အသုံးပြုနိုင်သလို တိုက်ခိုက်မှုများ ပြီးဆုံးပြီးနောက် တည်ငြိမ်ရေးကိုလည်း ထိန်းသိမ်းထားနိုင်သည်ဟု စစ်ပွဲကာလတစ်လျှောက်လုံး စဉ်းစားသုံးသပ်မိခဲ့သည်



အားနတ်စ်ကင်းက အင်အားတောင့်တင်းသည့် ရေတပ် ဖွဲ့စည်းထူထောင်ရန်နှင့် အဓိကအားဖြင့် သမ္မတဖရန့်ကလင်ဒယ်လ်နိုရုစဗဲ့၏ ထိပ်တန်းအကြံပေးအရာရှိများကို ပြောကြားခြင်းဖြစ်သည်။ သွေးစွန်းသည့် ကျွန်းစုစစ်ပွဲတစ်ပွဲဆင်နွှဲတိုက်ခိုက်ပြီးနောက် ပစိဖိတ်အလယ်ပိုင်းနှင့် အနောက်တောင်ပိုင်းတစ်လျှောက်ကို ဆက်လက်တိုက်ခိုက်သွားရန် မျှော်လင့်နေခဲ့ကြသည်။ အမေရိကန်၏စစ်ပြီးခေတ် ကာကွယ်ရေးစစ်မျက်နှာသည် ကမ်းလွန်ကျွန်းစုများတွင်တည်ရှိနေပြီး ဟာဝိုင်ယီ သို့မဟုတ် အနောက်ဘက်ကမ်းခြေတွင် မရှိဟူသော သဘောတရားအမေရိကန်လူထုအကြား ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်ခဲ့သည်။ ၁၉၄၃ ခုနှစ်အစောပိုင်းတွင် ရေတပ်စစ်ဦးစီးချုပ် ဖရန့်နော့ခ်က ဒုတိယကမ္ဘာစစ်ပြီးနောက် ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းတွင် အမေရိကန်လေတပ်နှင့် ရေတပ်အခြေစိုက်စခန်းများ လိုအပ်လာနိုင်မှုကို ပြန်လည်သုံးသပ်ရန် အမိန့်ထုတ်ခဲ့သည်။ ကမ်းလွန်ကျွန်းများကို အသုံးပြုပြီး ဂျပန်နိုင်ငံကိုပြာပုံဖြစ်အောင် ထိထိရောက်ရောက်တိုက်ခိုက်နိုင်ခဲ့သည့် အမေရိကန်လေတပ်က ပစိဖိတ်သမုဒ္ဒရာတွင် အမေရိကန်အကျိုးစီးပွားအတွက် အင်အားကြီးမားသည့် ရေတပ်တစ်ခု မလိုအပ်ကြောင်းနှင့် ကျွန်းစုများတွင် လေတပ်အခြေစိုက်စခန်းများရှိလျှင်ဖြစ်သည်ဟု မှတ်ယူခဲ့သည်။ ရုစဗဲ့၏ ရင်းနှီးသည့် ထိပ်တန်းအကြံပေးအရာရှိ ဟယ်ရီဟော့ကင်းက ဗိုလ်ချုပ်ဂျီးစတီးဝဲလ်၏ စစ်ပြီးခေတ်နောက်ပိုင်း အမေရိကန်နိုင်ငံအနေဖြင့် ဖော်မိုဆာ၊ ဖိလစ်ပိုင် မည်သည့်နေရာတွင်ဖြစ်စေ အင်အားတောင့်တင်းသည့် အခြေစိုက်စခန်းများရှိနေရမည်ဟူသော သဘောထားကို လက်ခံယုံကြည်ခဲ့သည်။ သမ္မတရုစဗဲ့၏ ဆက်ဆံရေးအရာရှိနှင့် အမေရိကန်စစ်ဦးစီးချုပ်များအဖွဲ့ဥက္ကဋ္ဌ ရေတပ်ဗိုလ်ချုပ်ကြီး ဝီလျံလီဟိုင်က အမေရိကန်နိုင်ငံအနေဖြင့် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းစုများအားလုံးကို အမြဲတမ်းအခြေစိုက်စခန်းများအဖြစ် ထိန်းသိမ်းချုပ်ကိုင်သွားရန်မှာ အလွန်ခက်ခဲသော အခြေအနေဖြစ်သလို ကုလသမဂ္ဂသို့ လွှဲပြောင်းပေးရန်လည်း မဖြစ်နိုင်ကြောင်း သမ္မတကို ပြောကြားသည်။ ၁၉၄၅ ခုနှစ် ဇူလိုင်လတွင် ဖရန့်နော့ခ်၏ ရာထူးနေရာကို ဆက်ခံသည့် ဂျိန်းစ်ဖော်ရက်စ်တယ်က အထက်လွှတ်တော်နှင့် အောက်လွှတ်တော်ရှိ ရေတပ်ရေးရာကော်မတီများ၏ ပူးပေါင်းဆောင်ရွက်မှုအပိုင်းများ မပြုလုပ်မီဖြစ်ရပ်များကို ရှင်းလင်းတင်ပြခဲ့ပြီး အမေရိကန်နိုင်ငံအနေဖြင့် ဂျပန်နှင့် ဖိလစ်ပိုင်ရေပိုင်နက်တို့ဖြင့် ထိကပ်နေသောနေရာများအပါအဝင် မဟာဗျူဟာအရ အချက်အချာကျ အရေးပါသည့်နေရာများတွင် အင်အားတောင့်တင်းသည့် အဆင့်မြင့်ရေတပ်ဖွဲ့တည်ဆောက်ထားရမည်ဟု ပြောကြားသည်။

ရုစဗဲ့သည် ရေတပ်ကောလိပ်မှ ရေတပ်ဗိုလ်ချုပ်ကြီး အယ်ဖရက်ဒ်သာရာမဟန်၏ ထက်မြက်သည့်ကျောင်းသားတစ်ဦးဖြစ်သကဲ့သို့ လက်ထောက်ရေတပ်စစ်ဦးစီးချုပ်တာဝန်များကိုလည်း ထမ်းဆောင်ခဲ့ဖူးသူဖြစ်သည့်အတွက် လက်ရှိဖြစ်ပေါ်နေသော ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကမ်းလွန်ကျွန်းစုများ၏ လုံခြုံရေးအရ အရေးပါမှုနှင့် အမေရိကန်၏လုံခြုံရေးကို နားလည်သဘောပေါက်ခဲ့သည်။ သို့သော် ရုစဗဲ့သည် နယ်ချဲ့ဝါဒကို ဆန့်ကျင်သူတစ်ဦးဖြစ်သလို "ကမ္ဘာ့ပုလိပ်ကြီးလေးယောက်" ဟု ရည်ညွှန်းထားသည့် ဗြိတိန်၊ တရုတ်၊ ရုရှားနှင့် အမေရိကန်တို့၏ စုပေါင်းထားသောလုံခြုံရေးအင်အားသစ်ကိုလည်း စိတ်အားထက်သန်စွာ ယုံကြည်ခဲ့သူဖြစ်သည်။ ရုစဗဲ့က ကမ်းလွန်ကျွန်းစုများသည် ဂျပန်နိုင်ငံကို ဗုံးကြဲတိုက်ခိုက်နိုင်ရေးအတွက် ဗုံးကြဲလေယာဉ်များ ရပ်နားစခန်းချရာအဖြစ်အသုံးပြုနိုင်သလို တိုက်ခိုက်မှုများပြီးဆုံးပြီးနောက် တည်ငြိမ်ရေးကိုလည်း ထိန်းသိမ်းထားနိုင်သည်ဟု စစ်ပွဲကာလတစ်လျှောက်လုံး စဉ်းစားသုံးသပ်မိခဲ့သည်။ စုပေါင်းထားသည့် လုံခြုံရေးအင်အားသစ်နှင့်ပတ်သက်၍ ကမ်းလွန်ကျွန်းစုများသည် သေရေးရှင်ရေးတမျှအရေးပါသည်ကို ရုစဗဲ့က နားလည်သဘောပေါက်ခဲ့သည်။ စိုးရိမ်လွန်းသည့် ထိပ်တန်းအကြံပေးများကြောင့် ရုစဗဲ့သည် ခရိုင်းမီးယားကျွန်းဆွယ်တောင်ပိုင်းကမ်းခြေ ရော်လ်တာမြို့တွင် ဆိုဗီယက်ဝန်ကြီးချုပ် ဂျိုးဆက်စတာလင်နှင့်တွေ့ဆုံစဉ် ကူရီလီစ်ကျွန်းစုကို စတာလင်ထံလွှဲပြောင်းပေးပြီး တောင်ပစိဖိတ်သမုဒ္ဒရာရှိ ဂျာမန်ကိုလိုနီနယ်မြေဟောင်းများကို ကုလသမဂ္ဂက အပ်နှင်းသည့် နယ်မြေစောင့်ရေးတာဝန်ဖြင့် ထိန်းသိမ်းထားရန် သဘောတူခဲ့သည်။ ပြင်သစ်နှင့်ဗြိတိန်နိုင်ငံတို့သည်လည်း ၎င်းတို့၏ ကိုလိုနီနယ်မြေဟောင်းများကို အလားတူနည်းလမ်းဖြင့် ထိန်းသိမ်းထားခဲ့ကြသည်။ အမေရိကန်ပူးတွဲစစ်ဦးစီးချုပ်များက ဂျပန်နိုင်ငံကို ဗုံးကြဲရန် ကူရီလီစ်ကျွန်းအား လေ့လာမှုပြုခဲ့ရာတွင် ဒုတိယကမ္ဘာစစ်ပြီးနောက် ဆိုဗီယက်တို့က အမေရိကန်ကို အဆိုပါကျွန်းမှ တိုက်ခိုက်နိုင်ဖွယ်ရှိကြောင်း သတိပေးခဲ့သည်။ သို့သော်လည်း ၎င်းတို့သည် ရုစဗဲ့၏အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် သမ္မတဟယ်ရီထရူးမင်းကို ၁၉၄၅ ခုနှစ် ဇူလိုင် ၁၈ ရက် ပို့စဒမ်မြို့တွင် ကျင်းပသည့် မဟာမိတ်အုပ်စု၏ နောက်ဆုံးထိပ်သီးအစည်းအဝေးထိ ယိမ်းယိုင်သွားအောင် မစွမ်းဆောင်နိုင်ခဲ့ကြပေ။

ဒုတိယကမ္ဘာစစ်ပြီးဆုံးပြီးနောက်ပိုင်း စစ်မှုထမ်းအဖြစ်မှထွက်ခွင့်ပြုမှုများကြောင့် အမေရိကန်ရေတပ်သည် နိုင်ငံရေးအရှိန်အဝါ ကျဆင်းသွားခဲ့ရသည်။ ၁၉၅၀ ပြည့်နှစ်တွင် အင်အားတောင့်တင်းသည့် အပြာရောင်ရေတပ်သင်္ဘောအုပ်စုကို အသေးစားရေတပ်အဖွဲ့အဖြစ်လျှော့ချခဲ့ပြီး သယ်ယူပို့ဆောင်ရေးသင်္ဘောတစ်စင်း၊ ဖျက်သင်္ဘောနှစ်စင်း၊ ရေငုပ်သင်္ဘောသုံးစင်းနှင့် အရန်သင်္ဘောနှစ်စင်းအထိလျှော့ချခဲ့သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဒီအက်ချ်ဆန်က ၁၉၅၀ ပြည့်နှစ် ဇန်နဝါရီလတွင် ကိုရီးယားကို အမေရိကန်၏ ကာကွယ်ရေးနယ်နိမိတ်မှ ထုတ်ပယ်ခဲ့သည်။ ဇွန်လတွင် မြောက်ကိုရီးယားက တောင်ကိုရီးယားကို တိုက်ခိုက်ခဲ့သည်။ ယင်းတိုက်ခိုက်မှုသတင်းကို ကြားသိခဲ့သည့် ဟယ်ရီထရူးမင်း၏ ပထမဆုံးတုံ့ပြန်ချက်မှာ ဂျပန်နှင့်ကမ်းလွန်ကျွန်းစုများ၏ လုံခြုံရေးနှင့်ခြိမ်းခြောက်မှုများနှင့်ပတ်သက်၍ မေးမြန်းခဲ့ခြင်းဖြစ်သည်။ ကမ်းလွန်ကျွန်းစုများထိန်းချုပ်ရေး အနာဂတ်အမြင်များနှင့်ပတ်သက်၍ အားနတ်စ်ကင်း၊ ဖရန့်နော့ခ်၊ ဂျိန်းစ်ဖော်ရက်စ်တယ်၊ ဟယ်ရီဟော့ကင်းနှင့် ဝီလျံလီဟိုင်တို့သည် အမေရိကန်၏ ပစိဖိတ်မဟာဗျူဟာတွင် အဓိကအရေးပါသူများ ဖြစ်လာခဲ့ကြသည်။ ယနေ့မျက်မှောက်ကာလတွင်လည်း ပစိဖိတ်မဟာဗျူဟာသည် အမေရိကန်အတွက် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေဆဲဖြစ်သည်။



## ဝတ်မှုန်ကူးပျားများ သေဆုံးမှုနှုန်းကို အီလက်ထရွန်နစ် အချက်ပြကိရိယာဖြင့်စောင့်ကြည့်

**ကန်ဘာရာ ဩဂုတ် ၂၅**

အင်းဆက်ပိုးမွှားများ၏ သေဆုံးမှုနှုန်းကို လေ့လာရန်အတွက် ဩစတြေးလျဦးဆောင်သည့် လေ့လာရေးအဖွဲ့တစ်ဖွဲ့သည် ကမ္ဘာ့နေရာအနှံ့အပြားရှိပျားများတွင် အီလက်ထရွန်နစ်အချက်ပြကိရိယာကို မကြာမီ တပ်ဆင်နိုင်တော့မည်ဖြစ်သည်။

ဩစတြေးလျနိုင်ငံမှ သိပ္ပံပညာရှင်များသည် ပျားများ၏ကျန်းမာရေးအတွက် စတင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မကြာသေးမီနှစ်များအတွင်း ပျားမျိုးစိတ်များ သေနှုန်းမြင့်မားလာမှုကို အဖြေရှာရန် ကြိုးပမ်းလျက်ရှိသည်။

ပျားများသည် လူသားတို့ စားသောက်သည့် အစားအစာ ၃၀ ရာခိုင်နှုန်းကျော်ကို ဝတ်မှုန်ကူးပေးသည့်အတွက် အလွန်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည်။

မကြာသေးမီက စူးစမ်းလေ့လာမှုများအရ ပျားများ၏ ကျန်းမာရေးအခြေအနေသည် ပို၍ဆိုးရွားလာပြီး ကောက်ပဲသီးနှံများအပေါ် ၎င်းတို့၏ ဝတ်မှုန်ကူးနိုင်သည့် စွမ်းရည်ကို ထိခိုက်လာကြောင်း CSIRO မှ ပါမောက္ခ Paolo de Souza က ပြောသည်။ ထို့ကြောင့် ပျားများ၏ ကျန်းမာရေးကို ခြိမ်းခြောက်နေသည့် အန္တရာယ်ကို တစ်ကမ္ဘာလုံးက ဝိုင်းဝန်းပူးပေါင်း အဖြေရှာကြရန်လည်းလိုအပ်ကြောင်း ၎င်းကပြောသည်။

သေးငယ်သည့်စမ်းသပ်တိုင်းတာသည့် ကိရိယာပါဝင်သော ရေဒီယိုကြိမ်နှုန်းပြ စစ်ဆေးသည့်ကိရိယာ၏ အကူအညီဖြင့် ပျားများ၏ကျန်းမာရေးအခြေအနေကို သိပ္ပံပညာရှင်များက နေ့စဉ်နေထိုင် စောင့်ကြည့်လေ့လာနိုင်မည်ဖြစ်သည်။ **(စန္ဒီ)**

# မှန်သောစကား

|မြင့်မောင်စိုး|

လူတစ်ဦးနှင့်တစ်ဦး ဆက်ဆံပြောဆိုကြရာတွင် အချို့က မြှောက်ပင့်ပြောဆိုမှု ကြိုက်ကြ၏။ တစ်နည်းအားဖြင့် အလိုလိုက် အကြိုက်ဆောင်ပြောဆိုခြင်းကို နှစ်သက်ကြ၏။ ဤသည်ကိုပင် ခေတ်စကားအရဆိုလျှင် "ဖား" ၍ ပြောဆိုခြင်းဟု ဆိုနိုင်၏။ ထိုသို့ ဖား၍ ပြောဆိုခြင်း၊ ဖား၍လုပ်ကိုင်ပေးခြင်းကို နှစ်သက်ကြကုန်၏။ အထူးသဖြင့် လူကြီးအချို့သည် ဤသို့ပြောဆိုခြင်းကို နှစ်သက်ကြ၏။

သို့သော် လူအချို့သည်ကား ထိုသို့မဟုတ်ချေ။ မြှောက်ပင့်ပြောဆိုခြင်း၊ မြှောက်ပင့်၍ လုပ်ကိုင်ပေးခြင်းတို့ကို လိုလားနှစ်သက်ခြင်းမရှိပေ။ အရှိကို အရှိအတိုင်း၊ အမှန်ကိုအမှန်အတိုင်း ဆက်ဆံပြောဆိုသည့် ဆက်ဆံရေးကိုသာ အလိုရှိကြ၏။ သို့သော် ဤကဲ့သို့ အမှန်တရားကို ချစ်မြတ်နိုးသော၊ အမှန်တရားကို လက်ခံတတ် သော ပုဂ္ဂိုလ်တို့သည်ကား လွန်စွာမှရှား၏။ အများစုမှာ မြှောက်ပင့်ပြောဆိုခြင်း၊ ဖား၍ပြောဆိုခြင်းကိုသာ နှစ်သက်လိုလားကြကုန်၏။

အမှန်စင်စစ် ပုံမှန်ဆက်ဆံရေးမဟုတ်ဘဲ မြှောက်ပင့်ပြောဆိုခြင်း၊ ဖား၍လုပ် ကိုင်ပေးခြင်းသည် အကြောင်းတစ်ခုခုတော့ ရှိလိမ့်မည်။ ထိုအကြောင်းသည်ကား အခြားမဟုတ်ပေ။ တစ်စုံတစ်ခု အလိုရှိနေခြင်းကြောင့်သာ ဖြစ်ပေလိမ့်မည်။

လောက၌ မြှောက်ပင့်ပြောဆိုခြင်းဖြင့် အကျိုးရှိခြင်း၊ မရှိခြင်းကို ငါးရာ့ငါးဆယ်ဇာတ်တော်ဖြစ်သည့် ပဒုမဇာတ်တော်၌ ဤသို့ ညွှန်းဆိုထား၏။

ရှေးလွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးမင်းပြုသည်ရှိသော် မြို့အတွင်း၌ သူဌေးသားတစ်ဦးရှိလေ၏။ ထိုအခါ မြို့တွင်း၌ ရေကန်ကြီး တစ်ကန်ရှိလေရာ ကန်အတွင်း၌ ပဒုမ္မာကြာပန်းတို့ ပွင့်ကုန်၏။ ထိုရေကန်ကြီးကို စောင့်သော အစောင့်မှာ နှာခေါင်းပြတ်နေသူဖြစ်လေ၏။

တစ်နေ့သ၌ ဗာရာဏသီပြည်တွင် ပွဲလမ်းသဘင်ကျင်းပလေ၏။ ထိုပွဲလမ်းသဘင်၌ ကြာပန်းတို့ကို ပန်ဆင်၍ဆင်နွှဲလိုသော သူဌေးသားသုံးယောက်တို့သည် နှာခေါင်းပြတ်နေသော အစောင့်ယောကျ်ားအား မဟုတ်မမှန် မြှောက်ပင့်ချီးမွမ်းပြီး ကြာပန်းတို့ကိုတောင်းယူမည်ဟု ကြံစည်လျက် ကြာပန်းတို့ခူးနေသော နှာခေါင်းပြတ်အစောင့်ထံသွားလေ၏။ ထိုအခါ သူဌေး သားသုံးယောက်အနက်မှ တစ်ယောက်က "အဆွေမုတ်ဆိတ်၊ ဆံပင်တို့သည် ရိတ်လေတိုင်း ရိတ်လေတိုင်းတစ်ဖန်ပြန်၍ ပေါက်သကဲ့သို့ သင်၏ နှာခေါင်းသည်လည်း တစ်ဖန်ပြန်၍ ပေါက်ပါစေ၊ အဆွေငါ့အား ကြာပန်တို့ပေးပါလော့" ဟု ပြောဆိုတောင်းခံလေ၏။ ရေကန်စောင့် နှာခေါင်းပြတ်လည်း ထိုသူဌေးသား၏ စကားကိုကြားသည်ရှိသော် အမျက်ဒေါသထွက်၍ ကြာပန်းတို့ကို မပေးချေ။ ဤတွင် နှစ်ယောက်မြောက်သော သူဌေးသားက "အဆွေ တန်ဆောင်မုန်းအခါ၌ လယ်ကွင်းအတွင်းရှိ စိုက်ပျိုးထားသော မျိုးစေ့တို့သည် အပင် ကောင်းစွာ ပေါက်သကဲ့သို့ သင်၏ နှာခေါင်းသည်လည်း တစ်ဖန်ပြန်လည်ပေါက်ပါစေ၊ အဆွေငါ့အားကြာပန်းတို့ ပေးပါလော့" ဟု ပြောဆိုတောင်းခံလေ၏။ ရေကန်စောင့်လည်း ထိုသူဌေးသား၏ စကားကိုကြားသည်ရှိသော် အမျက်ဒေါသထွက်၍ ကြာပန်းတို့ကိုမပေးချေ။ ဤတွင် နောက်ဆုံးသုံးယောက်မြောက်သူဌေးသားက "အဆွေ ဤနှစ်ယောက်သော သူဌေးသားတို့သည် အဆွေမှကြာပန်း တို့ကို ပေးစေရန် အကြံအစည်ပြုကာ တောင်းခံကြကုန်၏။ ထိုသူတို့ ဆုတောင်းသည်ဖြစ်စေ၊ ဆုမတောင်းသည်ဖြစ်စေ အဆွေ၏ ပြတ်လေခဲ့ပြီးသော နှာခေါင်းသည် တစ်ဖန်ပြန်၍ ပေါက်စရာအကြောင်းမရှိပါ။ သို့ဖြစ်၍ အဆွေသည် ငါ့အား ကြာပန်းတို့ကို ပေးပါလော့" ဟူ၍ တောင်းခံလေ၏။ ရေကန်စောင့် နှာခေါင်းပြတ်လည်း ထိုသူဌေးသား၏ စကားကို ကြားရလေသော်-

" ကနဦးသူဌေးသား နှစ်ယောက်အား ငါ့အားမဟုတ်မမှန်သော စကားတို့ပြောဆိုကာ ကြာပန်းတို့ တောင်းခံကြ၏။ သင်မူကား ဟုတ်တိုင်းမှန်ရာပြောဆို၍ တောင်းခံပေ၏။ သင့်အဖို့ ပဒုမ္မာကြာပန်းတို့သည် လျောက်ပတ်ပေ၏" ဟူ၍ ပြောဆိုချီးမွမ်းကာ ပဒုမ္မာကြာပန်းကို ပေးလိုက်လေတော့၏။

ဤဇာတ်တော်ကို ထောက်ရှုလျက် မှန်သော စကားပြောဆိုခြင်းကိုသာ အလေးထားသင့်ပေ၏။ ချီးမွမ်းမြှောက်ပင့်ပြောဆို၍ အခွင့်အရေးကို ရယူတတ်သူများအား ရှောင်ကြဉ်သင့်ပေ၏။ အချို့သော သူများသည် အခွင့်အရေး တစ်ခုရရှိစေရန် စကားအရာဖြင့်မြှောက်ပင့်၍ လည်းကောင်း၊ တန်ဖိုးလက်ဆောင်များပေးကမ်း၍ လည်းကောင်း ချဉ်းကပ်ကြကုန်၏။ ဤသို့ ချဉ်းကပ်မှုကို လက်ခံကြသူများအဖို့ အမှားများနှင့်ကြုံရတတ်၏။ ပြတ်လေသော နှာခေါင်းပြန်ပေါက်မည်ဟု မြှောက်ပင့်ပြောဆိုကာ ကြာပန်းတောင်းဆိုခြင်းသည် လိမ်ညာမှုတစ်ခုပင်ဖြစ်ပါသည်။ မမှန်ကန်သော ချဉ်းကပ်မှုကို လက်ခံတတ်သူများအဖို့ လိမ်လည်လှည့်ဖြားမှုကိုခံရဖို့ အလွန်နီးစပ်နေသည်။ ထို့ကြောင့် မည်သည့်အမှုကိစ္စတို့၌မဆို မကောင်းလျှင် မကောင်းဟု ဟုတ်တိုင်းမှန်ရာပြောဆိုခြင်းကို တန်ဖိုးထားအပ်၏။ အမှန်ကိုပြောဆိုပေးခြင်းသည် အမှန်ဖြစ်ရန် အကြောင်းပင်ဖြစ်၏။ တစ်နည်းအားဖြင့် အမှန်တရားကို ပြောဆိုပေးခြင်းသည် အမှန်ကို လမ်းညွှန်ပေးသူပင်ဖြစ်၏။ သို့ပါ၍ မှန်သောစကားပြောဆိုခြင်းကို အလေးအနက်ထား တန်ဖိုးထားအပ်ပေကြောင်း။

**အမှန်ကိုပြောဆိုပေးခြင်းသည် အမှန်ဖြစ်ရန် အကြောင်းပင်ဖြစ်၏။ တစ်နည်းအားဖြင့် အမှန်တရားကို ပြောဆိုပေးခြင်းသည် အမှန်ကို လမ်းညွှန်ပေးသူပင်ဖြစ်၏။**

## သူ့မျိုးရိုးကို သူပြောတယ်

တစ်နေ့သော ကျောင်းပိတ်ရက်တွင်
မူလတန်းအရွယ် သားငယ်ဖြစ်သူက ဖခင်အား
သား-"ဖေဖေ လူဆိုတာ ဘယ်ကဖြစ်လာတာလဲဟင်"
ဖခင်-"လူဆိုတာ အာဒမ်နဲ့ ဧဝ ကနေပြီး မွေးဖွားရာကတစ်ဆင့် လူမျိုးဆက်ဖြစ်လာတာ သားရဲ့"
ဖခင်ဆီမှ အဖြေရသော် မိခင်ဖြစ်သူထံသွားကာ
သား-"မေမေ လူဆိုတာ ဘယ်ကနေဖြစ်လာတာလဲဟင်"
မိခင်-"လူဆိုတာ မျောက်ကနေဆင်းသက်လာတာ သားရဲ့"
ဖခင်ဖြစ်သူဆီပြန်သွားကာ
သား-"ဖေဖေလိမ်တယ်။ မေမေပြောတော့ လူဆိုတာ မျောက်ကနေဖြစ်လာတာတဲ့"
ဖခင်-"ဒါကတော့ သားမေမေက သူ့မျိုးရိုးကို ပြောတာနေမှာကိုးကွ"

**ချမ်းမြတ်သော်ဇင်**

*စာမျက်နှာ (၁၉) မှ*

(သူတို့ ပါတီဝင်အချင်းချင်းမှာပင် မလိုလား၊ မကျေနပ်နိုင်ခဲ့သူများ)ကောင်းကျိုးရနိုင်ပါမည်လား။ တစ်သီးပုဂ္ဂလ အပါအဝင် မိမိ၏မဲရုံမှာ ရွေးချယ်ခွင့်ရှိသူကိုယ်စားလှယ်လောင်းအားလုံး၏ ကိုယ်ရေးအချက်အလက်၊ လမ်းစဉ်၊ မူဝါဒ၊ စွမ်းဆောင်နိုင်မှု၊ ကိုယ်ကျင့်တရား၊ ခေါင်းဆောင်ကောင်းအဖြစ် ယုံကြည် အားကိုးလောက်ပါ၏လား။ သေချာစွာစဉ်းစားဆုံး ဖြတ်သင့်ပါသည်။

လွတ်လပ်စွာ နိုင်းယှဉ်သုံးသပ်နိုင်ပါသည်။ **ဥပမာ-**

(၁) အမျိုးသားလွှတ်တော်အတွက် ၁ မဲထည့်ရန်မဲပုံး
(၂) ပြည်သူ့လွှတ်တော်အတွက် ၁ မဲထည့်ရန်မဲပုံး
(၃) တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်အတွက် ၁ မဲ
(၄) (ကရင်လူမျိုးဆိုလျှင်) တိုင်းဒေသကြီး/ပြည်နယ်ကရင်လူမျိုးကိုယ်စားလှယ်အတွက် ၁ မဲ
(၅) (ရခိုင်လူမျိုးဆိုလျှင်) အလားတူ ၁ မဲ

ရန်ကုန်တိုင်းဒေသကြီးအတွင်း မဲရုံများတွင် မဲပုံးက သုံးပုံး၊ လေးပုံး၊ ငါးပုံး ဟူ၍ မတူညီဘဲရှိကြပါလိမ့်မည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေအများဆုံးမြို့နယ်တစ်ခုတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းသူ ၁၀ ဦးပင်ရှိသည်ဟု ကြားရ၏။ (မဲလက်မှတ်က ရှည်ပေလိမ့်မည်)

မဲအများဆုံးရသူ တစ်ဦးသာလျှင် လွှတ်တော်အမတ်နေရာရလိမ့်မည်။ ကိုးဦးကသူ့ထက်တစ်မဲပဲလျော့လျော့ အရှုံးသမားများသာ ဖြစ်ပါလိမ့်မည်။ ရှုံးသူများလှပါတကား။

### ရွေးချယ်ခွင့်ပိုများလာ

၂၀၁၅ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကြိုတင်မြင်ယောင်ကြည့်ပါ။

| စဉ် | လွှတ်တော် | အမတ်နေရာ | ယှဉ်ပြိုင်သူဦးရေ |
|---|---|---|---|
| ၁။ | ပြည်သူ့လွှတ်တော် | ၃၃၀ | ၁၇၇၂ |
| ၂။ | အမျိုးသားလွှတ်တော် | ၁၆၈ | ၉၁၃ |
| ၃။ | တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော် | ၆၄၄ | ၃၃၄၁ |
| ၄။ | တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်အသီးသီးရှိ တိုင်းရင်းသားကိုယ်စားလှယ် | ၂၉ | ၁၆၃ |
| | **စုစုပေါင်း** | **၁၁၇၁ ဦး** | **၆၁၈၉ ဦး** |

ယှဉ်ပြိုင်သူ ၆၁၈၉ ဦးရှိ၏။ နိုင်သူ၊ နေရာ ၁၁၇၁ ဦးရှိ၏။ ထို့ကြောင့် ရှုံးမည့်သူက ၅၀ သာဖြစ်ပါလိမ့်မည်။ ထို့ကြောင့် တစ်ဦးနိုင်ပြီး ငါးဦးရှုံးမည့်ရွေးကောက်ပွဲတွင် မီဒီယာများသည် တရားမျှတရပါမည်။ ဘက်လိုက်ခဲ့လျှင် နောင်တတရားကို ရင်ဝယ်ပိုက်ကြရလိမ့်မည်။စာနယ်ဇင်းကျင့်ဝတ်၊ မီဒီယာကျင့်ဝတ်ကို မိမိတို့ကိုယ်တိုင် ညှိနှိုင်းရွေးချယ်ရေးဆွဲခဲ့ကြပြီး ပြီဖြစ်သည်။

### တရားမျှတလွတ်လပ်ရမည်

နိုင်ငံတကာမှာလည်း သတင်းစာဆရာများကျင့်သုံးလိုက်နာကြရသောကျင့်ဝတ်ငါးပါးရှိထားပြီးဖြစ်၏။

၁။ ပြည်သူလူထုကိုအကျိုးပြုရပါမည်။
၂။ မှန်ကန်ရမည်။
၃။ တရားမျှတရမည်။(ဘက်မလိုက်ရ)
၄။ လွတ်လပ်ရမည်။(အမှီအခိုကင်းရမည်)
၅။ ဟီရိဩတ္တပ္ပတရားကိုစောင့်ထိန်းရမည်။

(ဥပမာ အမျိုးသမီးများ၊ ကလေးသူငယ်များကို ငဲ့ညှာစာနာရမည်။ ယဉ်ကျေးရမည်)

မြန်မာပြည်မှာမှ ထူးခြားပြီး သတ်မှတ်ခြင်းကား မဟုတ်ခဲ့ပေ။ ထိုင်း၊ မလေးရှား၊ စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံများမှာပင် သတင်းစာဆရာများအပေါ် အစိုးရက ယခုတစ်လော ဖိနှိပ်ချုပ်ချယ်နေပါသည်ဟု အသံဗလံတွေဆူညံနေ၏။ မိမိကိုယ်တိုင်က မှန်ကန်မှု၊ တရားမျှတမှု၊ ဘက်မလိုက်မှု၊ အမှီအခိုကင်းမှုတို့ရှိဖို့တော့ လိုကြပေလိမ့်မည်။ ဤရွေးကောက်ပွဲကို အားပေးကူညီကြသူတွေက မြန်မာ့သမိုင်းစဉ်တွင် မကြုံစဖူးအောင် အားကောင်းနေပါသည်။

### အားကောင်းချက်

၁။ နိုင်ငံတကာ ဒီမိုကရေစီရွေးကောက်ပွဲစနစ်များဖောင်ဒေးရှင်း(ကွန်ပျူတာ၊ မင် စသည်ကူညီ၏) တရားမျှတအောင်အားပေးသည်။
၂။ ကုလသမဂ္ဂကလည်း မြန်မာပြည် ၂၀၁၅ ဒီမိုကရေစီရွေးကောက်ပွဲကိုအောင်မြင်စေချင်သည်။
၃။ အမေရိကန်၊ ဂျပန်၊ ယူကေ၊ နော်ဝေ၊ ဩစတြေးလျစသည့် မိတ်ဆွေနိုင်ငံများကလည်း ရွေးကောက်ပွဲကို အောင်မြင်စေချင်ကြသည်။
၄။ အာဆီယံနိုင်ငံမိတ်ဆွေရင်းချာများကလည်း အောင်မြင်စေချင်ကြသည်။
၅။ တရုတ်၊ အိန္ဒိယစသောအင်အားကြီးမား အိမ်နီးနားချင်းနိုင်ငံများကလည်း အောင်မြင်စေချင်၏။
၆။ နိုင်ငံတကာမှ စောင့်ကြည့်လေ့လာအဖွဲ့များစွာကိုလည်း (တရားမျှတကြောင်းစိန်ခေါ်ဘိသကဲ့သို့) တရားဝင်ခွင့်ပြုမည်ဖြစ်၏။ မှတ်ကျောက်တင်ခံမှာဖြစ်၏။ ပြည်သူအားလုံး ဤအချက်ကို မြင်ကြရမည်။
၇။ ကမ္ဘာကစောင့်ကြည့်နေကြမည့် ၂၀၁၅ မြန်မာနိုင်ငံပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဖြစ်၏။ မြန်မာနိုင်ငံ၏ ပုံရိပ်ကိုအရှိပကတိအတိုင်း (အကောင်းသော်လည်းကောင်း၊ အဆိုးသော်လည်းကောင်း) အထင်အရှားပြသကြရမည့် အခွင့်အလမ်းဖြစ်၏။

### သမိုင်းပေးတာဝန်

ဤကဲ့သို့သော ကာလသမ္ပတ္တိ အချိန်အခါကောင်း၊ အခွင့်အရေးကောင်းကြီးမှာ မီဒီယာအားလုံးကလည်း ယုံကြည်အားထားထိုက်သော စတုတ္ထမဏ္ဍိုင်ဖြစ်ကြသည့်အားလျော်စွာ ဆန္ဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ မစွက်ဘဲ တစ်ဦးချင်းက စိတ်အားထက်သန်စွာဖြင့် အောက်ပါရည်မှန်းချက်အတွက် ပူးပေါင်းပါဝင်ကြလိမ့်မည်ဟု စာရေးသူက အပြည့်အဝယုံကြည်နေပါသည်-

(၁) တရားမျှတအောင် (ဘယ်သူ့ဘက်မှမလိုက်)
(၂) မှန်ကန်အောင်
(၃) လွတ်လပ်အောင်
(၄) အေးချမ်းတည်ငြိမ်အောင်
(၅) တရားဥပဒေကို ရိုသေလေးစားကြအောင် အမြင်ကျယ်စွာဖြင့် ပါဝင်ကူညီကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

ဘယ်သူနိုင်နိုင်၊ ဘယ်သူရှုံးရှုံး၊ အရေးကိစ္စထက် မြန်မာနိုင်ငံ ၂၀၁၅ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲက ကမ္ဘာမှာစံပြ တရားမျှတစွာအောင်မြင်ခဲ့ပြီဟူသောအချက်က ပိုမိုပြီး အဓိကကျနေကြောင်း ထင်ရှားပါပြီ။ သို့မှသာ စီးပွားရေးကောင်းအောင် ပြောင်းလဲနိုင်ကြမည်။ ခေတ်သမိုင်းက ကျွန်တော်တို့ ပခုံးပေါ်သို့ တင်ပေးလိုက်သည့် သမိုင်းပေးတာဝန်ကို ကျွန်တော်တို့က မည်မျှတာဝန်ကျေပွန်စွာ ထမ်းဆောင်ကြပါသလဲဟု ဆိုသည့်အချက်က ကျွန်တော်တို့၏ တန်ဖိုးပင်ဖြစ်ပါသည်။ နိုင်ငံ့သားကောင်း သမီးကောင်း ပီသကြကြောင်း ပြသခွင့်ရခြင်းဖြစ်ပါသည်။ အမှန်တရားအတိုင်း စွမ်းဆောင်ပေးကြပါ။ ဤအရာက အလိုအပ်ဆုံးနိုင်ငံ့အနာဂတ်အတွက် အသက်တမျှ အရေးအကြီးဆုံး မဟုတ်ပါလား။

# လင်းပိုင်များနှင့် မိတ်ဆွေဖွဲ့ခြင်း



မောင်သာ
(ရှေးဟောင်းသုတေသန)

***တသွင်သွင် စီးဆင်းနေသော ဧရာဝတီမြစ်ရေပြင်ပေါ်တွင် ရေစုန်နှင့်အတူ ဖြည်းညင်းစွာ လှော်ခတ်နေသည့် လှေငယ်ထဲတွင် လိုက်ပါကာ ကျွန်တော် စိတ်လှုပ်ရှားနေမိပါသည်။ လှေဦးရှိ ရေလုပ်သားနှင့် လှေပဲ့တွင် လှေကို လှော်ခတ်နေသည့် ရေလုပ်သားအကြား၊ လှေဝမ်းအလယ်တွင် ထိုင်နေသည့် ကျွန်တော်သည် သူတို့လုပ်နေသမျှကို မည်သို့မျှ မမေးဘဲကြည့်နေမိပါ၏။***

လှေဦးတွင် ထိုင်နေသော ကိုသာချမ်းအမည်ရှိ ရေလုပ်သားက တုတ်တိုလေးတစ်ချောင်းဖြင့် လှေနံရံကို စည်းချက်ညီညီ ခေါက်နေသည်။ တစ်ပေခန့်ရှိမည့် ထိုတုတ်တိုလေးသည် တီးဝိုင်းများတွင် ဒရမ်တီးသည့် တုတ်တံနှင့်ပုံသဏ္ဌာန်တူကာ အရင်းတွင် ကျပ်လုံးခန့်တုတ်၍ အဖျားသို့ ရှူးနေသည်။

“ဒီနားမှာသူတို့ရှိနေရင် ကျွန်တော့်တုတ်သံကြောင့် ရောက် လာကြလိမ့်မယ်”ဟု ကိုသာချမ်းက ပြောနေသဖြင့် ကျွန်တော်သည် ရေပြင်ကို မျက်စိတစ်ဆုံးကြည့်နေသည့်တိုင် မည်သည့်အရာကိုမျှ မတွေ့ရသေးပါချေ။ ကျွန်တော်သည် မြန်မာနိုင်ငံအထက်ပိုင်း၊ မင်းကွန်းနှင့် ကျောက်မြောင်းအကြား ဧရာဝတီမြစ်အတွင်း၌ ကမ္ဘာကျော်ဧရာဝတီလင်းပိုင်များနှင့် ရေလုပ်သားများ အတူတကွ ငါးဖမ်းပုံကို ကိုယ်တွေ့ကြည့်ရှုနိုင်ရန် ဒေသခံရေလုပ်သားနှစ်ဦးနှင့်အတူ လှေတစ်စီးဖြင့် ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်တော်ရောက်ရှိနေသည့် မင်းကွန်းနှင့် ကျောက်မြောင်းအကြား ဧရာဝတီ မြစ်အပိုင်းအခြားသည် ကမ္ဘာကျော် ရေချိုလင်းပိုင်များ နေထိုင်သည့် နေရာတစ်ခုဖြစ်သည်။ ဤနေရာဝန်းကျင်တွင်ရှိသည့် လင်းပိုင်များသည် ရေလုပ်သားများနှင့်အတူ ငါးဖမ်းကြသဖြင့် ထိုထူးခြားသည့် ဓလေ့ကို ကြည့်ရှုရန် ကမ္ဘာအနှံ့မှ



လင်းပိုင်ချစ်သူများ လာရောက်လေ့ရှိကြသည်။

“သူတို့က ကျွန်တော့် တုတ်သံကို မှတ်မိတယ်ဗျ၊ တံငါတွေက တစ်ယောက်နဲ့တစ်ယောက် တုတ်ခေါက် ပုံချင်းမတူကြတော့ သူ့လင်းပိုင်၊ ကိုယ့်လင်းပိုင် မတူကြဘူးပေါ့ဗျာ၊ လင်းပိုင်တွေက သူတို့မှတ်မိတဲ့ အသံရှိတဲ့ဆီပဲ လာတတ်ကြတာ”

လှေလှော်နေသူ ကိုပန်စိန်၏ စကားက စိတ်ဝင်စားဖွယ်ကောင်းလှသည်။

မင်းကွန်းနှင့် ကျောက်မြောင်း အကြားတွင် ငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးကြသည့် ကျေးရွာ (၁၀) ရွာခန့်ရှိသည့်အနက် ဆင်ကျွန်း၊ အေးကျွန်း၊ စိန်ပန်းကုန်း၊ မြစ်ကမ်းကြီး၊ ဟသ်ာမ၊ ဆယ်သည်နှင့်မြေစွန်း ရွာများမှ ရေလုပ်သားများသည် လင်းပိုင်များနှင့် တွဲဖက်ကာ ကွန်ပစ် ငါးရှာလေ့ရှိကြသည်။ ကွန်ပစ်တံငါ လှေတစ်စီးတွင် ရေလုပ်သားနှစ်ဦးလိုက်ပါကာ တစ်ဦးက လှေကို လှော်ခတ်၍ ကျန်တစ်ဦးက ကွန်ပစ်လေ့ရှိသည်။ လှေလှော်ခတ်သူသည် လှော်တက် အတိုတစ်ချောင်းနှင့် အရှည်တစ်ချောင်းယူလာလေ့ရှိသည်။ လှော်တက်အတိုဖြင့် လှေကိုလှော်ခတ်ပြီး လှေကို လှော်ခတ်၍မရသည့် သောင်စပ်၊ ရေတိမ်ပိုင်းနှင့် မြစ်ကမ်းအနီးနေရာများတွင် လှော်တက် အရှည်ကို ထိုးဝါးသဖွယ် အသုံးပြုသည်။

“ငါးဖမ်းသမားတွေက အများကြီးရှိပေမယ့် လင်းပိုင်တွေက သူတို့နဲ့အတူ ငါးဖမ်းနေကျသူတွေကို မှတ်မိတယ်ဗျ။ လူကိုမှတ်မိတာတော့ မဟုတ်ဘူးပေါ့၊ လှေကို တုတ်နဲ့ ရိုက်တဲ့အသံကို မှတ်မိကြတာ၊ ကျွန်တော်တို့ကတော့ ကိုယ့်လင်းပိုင် ကိုယ်မှတ်မိတယ်။ သူတို့က တစ်ကောင်နဲ့ တစ်ကောင်ရုပ်ချင်းမတူဘူးဗျ”

သူတို့နှစ်ယောက်ပြောပြနေသမျှသည် ကျွန်တော့်အတွက် စိတ်ဝင်စားဖွယ် ချည်းသာ ဖြစ်နေတော့သည်။

ကျွန်တော်တို့အချိန် အတော်ကြာ လှော်ခတ်လာသည့်တိုင် မည်သည့် လင်းပိုင်ကိုမျှ မတွေ့ရသေးပါချေ။ ကိုသာချမ်းက တုတ်ကို မှန်မှန် ခေါက်နေသည့်တိုင် လင်းပိုင်က မလာသေး။

“သူတို့ရှိတဲ့နေရာကို ဒီလိုပဲ လိုက်ရှာရတယ်၊ မတွေ့ရင်လဲ ကမ်းပေါ်က လူတွေကို လှမ်းမေးရတာပေါ့ဗျာ။ သူတို့တွေက ရေအောက်မှာ အုပ်စုဖွဲ့သွားနေကြတာ ခဏခဏ ရေပေါ်ကို ခေါင်းဖော်ပြီး အသက်ရှူတတ်ကြတော့ ကမ်းပေါ်က လူတွေက မြင်ရတယ်ဗျ။ ခုကျွန်တော့်ကောင်တွေ ဒီနားမှာ မရှိသေးလို့ ဖြစ်မယ်။ မပူပါနဲ့ ဆရာကြီး၊ တွေ့မှာပါ-

လင်းပိုင်တို့သည် ရေနေ နို့တိုက် သွေးနွေးသတ္တဝါများဖြစ်ကြပြီး ရေအောက်တွင် အချိန်ကြာမြင့်စွာနေလေ့ မရှိကြဘဲ ရေပေါ်သို့ ခေါင်းဖော်ကာ လေရှူတတ်ကြသောကြောင့် လင်းပိုင်များ ရောက်ရှိနေသည့်နေရာကို မြင်နိုင်ကြသည်။ လင်းပိုင်များသည် အသက်ရှူပြီးလျှင် ရေပေါ်တွင် ရေများကို မှုတ်ထုတ်တတ်ကြသဖြင့် ရေလုပ်သားများသည် မိမိတို့၏ လုပ်ဖော်ကိုင်ဖက် လင်းပိုင်များကို အဝေးမှပင် တွေ့မြင်ကာ မှတ်မိကြသည်ဟု ဆိုပေသည်။ ဧရာဝတီလင်းပိုင်များသည် ပျမ်းမျှ အလျား ခြောက်ပေကျော်ရှိကြပြီး လုံးပတ်မှာ လေးပေကျော်ရှိကြသည်။

ကျွန်တော်တို့လှေက ရေစုန်တွင် တဖြည်းဖြည်း လှော်ခတ်လာရင်း ရေလယ်သောင်တစ်ခုအနီးသို့ ရောက်လာချိန်တွင် ခပ်လှမ်းလှမ်းရေပြင်၌ လင်းပိုင်နှစ်ကောင် ခေါင်းဖော်ကာ လေရှူနေသည်ကို မြင်လိုက်ရသည်။ ကိုသာချမ်းက “အဲဒါ ကျွန်တော့်အကောင်တွေပဲဗျ၊ ကျွန်တော့် တုတ်သံကြားလို့ ရောက်လာကြတာ”ဟု ပြောလိုက်သည်။

**နှုတ်ခမ်းသား အဖျားတွင် ခဲသီးများ တပ်ထားသည့် ပိုက်ကွန်သည် ရေထဲသို့ အဝိုင်းလိုက်ကျသွားရာ ပိုက်ကွန် နှုတ်ခမ်းအပြင်မှ ငါးများသည် လင်းပိုင်အတွက်၊ ကွန်အတွင်းမှငါးများသည် ရေလုပ်သားအတွက်ဟု သတ်မှတ်ကြောင်း လူနှင့်လင်းပိုင်တို့ သဘောတူညီထားသည့် အလား ထူးခြားလှပေသည်။ ။ ။**

လင်းပိုင်များသည် ရေလုပ်သားများက တုတ်တိုလေးဖြင့် လှေနံကို ရိုက်ခတ်သဖြင့် ထွက်ပေါ်လာသော တုန်ခါမှုကို သိရှိကြသည်။ တုန်ခါမှုက ရေပြင်ကို ဖြတ်သန်းသွားသဖြင့် ထိုတုန်ခါမှု လမ်းကြောင်းအတိုင်း ကိုသာချမ်း ပြောသည့် သူ့မိတ်ဆွေများသည် ကျွန်တော်တို့လှေနှင့် မနီးမဝေးသို့ ရောက်ရှိလာကြခြင်း ဖြစ်ပေသည်။

“ကျွန်တော့် အုပ်စုက သုံးကောင်ရှိတယ် ဆရာကြီးရ၊ ကြည့်နေ၊ ကြည့်နေ၊ ငါးတွေ့ရင် အချက်ပေးလိမ့်မယ်”ဟု ကိုသာချမ်းပြောပြီး မကြာမီမှာပင် လင်းပိုင်အမြီးတစ်ခုက ရေပေါ်သို့ ထောင်တက်လာသည်ကို မြင်ရသည်။ ယင်းအမြီးသည် လင်းပိုင်အုပ်စုခေါင်းဆောင်၏ အမြီးဖြစ်ပြီး ရေအောက်တွင် ငါးများတွေ့သဖြင့် အချက်ပြခြင်းဖြစ်ကြောင်း ကိုပန်စိန်က ရှင်းပြသည်။ ကျွန်တော်အထူးပင် စိတ်ဝင်စားမိပါသည်။

ခဏအကြာတွင် လင်းပိုင်က အမြီးကို ရေပေါ်တွင်မတ်နေအောင် ထောင်ထားရာမှ အထက်အောက်လှုပ်၍ အမြီးနှင့် ရေပြင်ကို ရိုက်ချလိုက်သည်။ သူ့နောက်လိုက်ခဲ့ရန် ခေါ်ခြင်းဖြစ်ကြောင်း ကိုသာချမ်းက ပြောပြကာ ဆူးတောင်ကိုဖော်လျက် ရှေ့မှကူးခတ်သွားသည့် လင်းပိုင်နောက်သို့ ကျွန်တော်တို့ လှေကို လှော်ခတ်လိုက်ပါသွားခဲ့သည်။

လင်းပိုင်တို့၏ အချက်ပြမှုများသည် ရေလုပ်သားများနှင့်လင်းပိုင်များအကြား နားလည်ကြသည့် ထူးခြားသော ဆက်သွယ်ရေး သင်္ကေတများဖြစ်သည်။ ခဏအကြာတွင် လင်းပိုင်က အမြီးကို ရေပြင်ပေါ်တွင်မတ်နေအောင် ထောင်လိုက်သည်။ ရေအောက်တွင် ငါးအုပ်ကို တွေ့နေသဖြင့် ကွန်ပစ်ရန် အချက်ပေးခြင်းဖြစ်ကြောင်း ကိုသာချမ်းကပြောကာ လှေဦးတွင် မတ်တတ်ရပ်လိုက်ပြီး ကွန်ကို ရေထဲသို့ ပစ်ရန် ပြင်နေသည်။

အမြီးကို ရေပေါ်တွင် ထောင်ပြထားသော လင်းပိုင်ခေါင်းဆောင်သည် စက်ဝိုင်းခြမ်းပုံသဏ္ဌာန် ရွေ့လျားကူးခတ်နေသည်ကို မြင်နေရသည်။ လင်းပိုင်များသည် စက်ဝိုင်းပုံ လှည့်ပတ်လျက် ငါးများကို တစ်နေရာတည်းတွင် စုမိစေရန် မောင်းသွင်းနေခြင်းဖြစ်သည်။ ကျန်သော လင်းပိုင်များက ငါးများ ပြန့်ထွက်မသွားစေရန် ပိတ်ဆို့ဝိုင်းပတ်ထားသည်။ ယင်းသို့ပြုလုပ်ခြင်းကို လင်းပိုင်များ ငါးခြောက်၊ ငါးစု၊ ကွန်ချက်ပြခြင်းဟု ဆိုကြသည်။ ဒေသအခေါ် “စီးခို”သည်ဟု ခေါ်ကြသည်။ လင်းပိုင်များသည် ရေလယ်ခေါင်တွင် ထွန်းနေသော သောင်များ၏ ရေလက်ကြား နေရာများ၊ ဧရာဝတီမြစ် ရေစီးကြောင်း ကွေ့ဝိုက်စီးဆင်းလေ့ရှိသည့် သောင်ကွေ့နေရာများနှင့် ရေတိမ်နေရာများတွင် စီးခိုလေ့ရှိကြသည်။

ရေအောက်တွင် ငါးများစုမိလျှင် လင်းပိုင်သည် အမြီးကို ရေပေါ်တွင် ဘယ်ညာ ယိမ်းပြသည်။ ထိုအချိန်တွင် ရေလုပ်သားက ကွန်ကိုပစ်ရသည်။ ဝိုင်းစက်ကာ ရေပေါ်သို့ ဝဲပျံကျသွားသည့် ကွန်အတွင်းမိသွားသည့် ငါးများကို လင်းပိုင်တို့ကစားလေ့မရှိဘဲ ပိုက်ကွန်အပြင်တွင် ပြေးလွှားနေကြသည့် ငါးများကို ဖမ်းယူစားသောက်ကြသည်။ နှုတ်ခမ်းသား အဖျားတွင် ခဲသီးများ တပ်ထားသည့် ပိုက်ကွန်သည် ရေထဲသို့ အဝိုင်းလိုက် ကျသွားရာ ပိုက်ကွန် နှုတ်ခမ်းအပြင်မှ ငါးများသည် လင်းပိုင်အတွက်၊ ကွန်အတွင်းမှငါးများသည် ရေလုပ်သားအတွက်ဟု သတ်မှတ်ကြောင်း လူနှင့်လင်းပိုင်တို့ သဘောတူညီထားသည့် အလားထူးခြားလှပေသည်။ ပိုက်ကိုဆွဲတင်လိုက်ချိန်တွင် ပိုက်အတွင်းပါမလာသည့် ငါးများနှင့် ကွန်၏အောက်ခြေမြစ်ကြမ်းပြင်တွင် ကျန်နေသည့် ငါးများကိုလည်း လင်းပိုင်များက ဖမ်းယူစားသောက်ကြသည်။

ရေလုပ်သားနှင့် အကျိုးတူ ငါးဖမ်းလုပ်ငန်းဆောင်ရွက်နေသည့် အတွက် လင်းပိုင်များသည် ကွန်အတွင်းသို့ ငါးအပါများသည့် ရေနက်ပိုင်းတွင် ကွန်ချက်ပြလေ့မရှိကြဘဲ ယင်းတို့အတွက် ဝေစုများများရနိုင်သည့် ရေတိမ်ပိုင်းနေရာများတွင်သာ ကွန်ချက်ပြလေ့ရှိသည်မှာ ဧရာဝတီလင်းပိုင်တို့၏ ထူးခြား ဆန်းကြယ်သည့် ဉာဏ်စွမ်းရည်ဟု ဆိုရပေမည်။

ကျွန်တော်သည် ကိုသာချမ်းနှင့် ကိုပန်စိန်ဟူသည့် ရေလုပ်သားနှစ်ဦး လုပ်ကိုင်နေသမျှကို ရင်သပ်ရှုမောစွာ ကြည့်ရှုရင်း ဧရာဝတီလင်းပိုင်များ အကြောင်း စဉ်းစားနေမိခဲ့သည်။

ကမ္ဘာပေါ်တွင် ရေနေသတ္တဝါများအနက် သွေးနွေးနို့တိုက်သတ္တဝါမျိုးစိတ်သည် လင်းပိုင်၊ ဝေလငါးနှင့် ရေဝက်ဟူ၍ သုံးမျိုးသာရှိသည်။ ယင်းတို့သည် အများအားဖြင့် ရေငန်ဒေသပင်လယ်သမုဒ္ဒရာများတွင် နေထိုင်ကျက်စားလေ့ရှိကြသည်။ ကမ္ဘာပေါ်တွင် လင်းပိုင်မျိုးစိတ် သုံးဆယ်ကျော်ရှိသည့် အနက် ရေချိုဒေသတွင် နေထိုင်ကျက်စားသော လင်းပိုင်မျိုးစိတ်သည် သတ္တဗေဒ အခေါ် Orcaella brevirostris ဟု အမည်တွင်သည့် ဧရာဝတီလင်းပိုင်တစ်မျိုးတည်းသာ ရှိပေသည်။

ကမ္ဘာပေါ်တွင် ပထမဆုံးသော ဧရာဝတီ လင်းပိုင်မျိုးစိတ်ကို ဆာရစ်ချတ်အိုဝင် ဆိုသူက ၁၈၅၂ ခုနှစ်တွင် အိန္ဒိယနိုင်ငံ အရှေ့ဘက်ကမ်းခြေရှိ ဝိစာခပတ်နမ်ဆိပ်ခံ (Harbour of Visakhapatnam) အနီးတွင်တွေ့ရှိခဲ့ကြောင်း ၁၈၆၆ ခုနှစ်တွင် အစောဆုံး မှတ်တမ်းတင်ခဲ့သည်။ ၁၈၇၁ ခုနှစ်မှ ၁၈၇၉ ခုနှစ်အတွင်း အင်္ဂလိပ်လူမျိုး သဘာဝသိပ္ပံ ပညာရှင် ဂျွန်အန်ဒါဆင်(Naturalist John Anderson)သည် ဧရာဝတီမြစ်ရိုး တစ်လျှောက် သုတေသနခရီးထွက်စဉ် နှုတ်သီးဝိုင်း၊ မီးခိုးရောင် လင်းပိုင်များကို ဧရာဝတီမြစ်အတွင်း ပထမဆုံး တွေ့ရှိခဲ့သည်။

*စာမျက်နှာ (၂၃) သို့*

*စာမျက်နှာ ၂၂ မှ*

ဂွန်အန်ဒါဆင်သည် လန်ဒန်မြို့သို့ ပြန်လည်ရောက်ရှိသောအခါ သူ၏ တွေ့ရှိခဲ့မှုများကို Description of a new cetacean from the Irrawaddy River, Burma အမည်ရှိ စာတမ်းကို လန်ဒန် သတ္တဗေဒအသင်းကြီးသို့ တင်သွင်းခဲ့သည်။ သူ၏ စာတမ်းတွင် သူတွေ့ခဲ့ရသော လင်းပိုင်များကို ဧရာဝတီ လင်းပိုင် (Irrawaddy Dolphin) ဟု ဖော်ပြခဲ့ရာမှ ယင်းရေချို လင်းပိုင်မျိုးစိတ်များသည် ဧရာဝတီလင်းပိုင်ဟု အမည်တွင်ခဲ့သည်။ နောက်ပိုင်းတွင် အခြားနိုင်ငံများ၌ တွေ့ရှိခဲ့သည့် မျိုးတူလင်းပိုင်များကိုလည်း ဧရာဝတီ လင်းပိုင်ဟုပင် ခေါ်ဆိုခဲ့ကြသည်။

ပါမောက္ခလုစ် (G.H Luce) သည် ၁၉၃၇ ခုနှစ်က ထုတ်ဝေခဲ့သည့် မြန်မာနိုင်ငံသုတေသနအသင်း ဂျာနယ်၌ Ancient Pyu ခေါင်းစဉ်ဖြင့် စာတမ်းတစ်စောင်ရေးသားခဲ့သည်။ တန်မင်းဆက်သမိုင်းသစ်တွင် ပျူလူမျိုးများနှင့်ပတ်သက်၍ ရေးသားထားသော စာပိုဒ်၌ ဧရာဝတီ လင်းပိုင်ကို မြစ်ဝက် (River Pig)ဟု ဖော်ပြထားကြောင်း ပါမောက္ခလုစ်က ထောက်ပြခဲ့သည်။ ယင်းအချက်ကို ထောက်ထား၍ ဧရာဝတီ လင်းပိုင်များသည် ပျူလူမျိုးများရှိခဲ့သည့် လွန်ခဲ့သော နှစ်တစ်ထောင်ကျော်ကပင် ဧရာဝတီမြစ်အတွင်းရှိနေကြောင်း သိနိုင်ခဲ့ကြသည်။

ဧရာဝတီ လင်းပိုင်များကို မြန်မာနိုင်ငံတွင်သာမက အိန္ဒိယနိုင်ငံ၊ ဩရိသပြည်နယ်ပင်လယ်ကမ်းအနီးရှိ ချီလ်ကာ ရေအိုင် (Chilka Lagoon)၊ အင်ဒိုနီးရှားနိုင်ငံ၊ ဘော်နီယိုကျွန်းရှိ မဟာကန်မြစ် (Mahakan River) နှင့်ထိုင်းနိုင်ငံရှိ ဆွန်ကလာကန် (Songkla Lake) နှင့် မဲခေါင်မြစ်အတွင်း၌လည်း တွေ့မြင်နိုင်ကြသည်။ ဧရာဝတီလင်းပိုင်များကို အန်ဒါဆင် တွေ့ခဲ့စဉ်က ရေနံချောင်းမြို့နှင့် ဗန်းမော်မြို့ အကြားတွင် တွေ့ရှိခဲ့ရကြောင်းမှတ်တမ်းတင်ခဲ့သော်လည်း ယခုအခါတွင်မူ မင်းကွန်းအထက်ပိုင်း ဧရာဝတီ မြစ်ကြောင်းတွင်သာ တွေ့ရှိနိုင်ပေသည်။

မင်းကွန်းမှ ဗန်းမော်အကြား (၂၇၅ )မိုင် ရှည်လျားသည့် ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ကို ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့က ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေး နယ်မြေအဖြစ် အပိုင်း (၆) ပိုင်းသတ်မှတ်ထားသည်။ (၁)ဗန်းမော်အထက်ရှိ မြစေတီရွာမှ စင်ခန်းအထိ၊ (၂) စင်ခန်းမှ ရွှေကူ မြို့အနီး ဒုတိယ မြစ်ကျဉ်းအထိ၊ (၃) ဒုတိယ မြစ်ကျဉ်းမှ တကောင်းအထိ၊ (၄) တကောင်းမှ စမ္ပာနကို အထိ၊ (၅) စမ္ပာနကိုမှ ကျောက်မြောင်း၊ တတိယ မြစ်ကျဉ်းအထိ၊ (၆) ကျောက်မြောင်း၊ တတိယမြစ်ကျဉ်းမှ မင်းကွန်းအထိ ဖြစ်သည်။

ယင်းအပိုင်း ခြောက်ခုအနက် ကျောက်မြောင်းနှင့် မင်းကွန်းအကြားတွင် ဧရာဝတီလင်းပိုင်များ အများဆုံးနေထိုင်လျက်ရှိပြီး ထိုနယ်မြေတွင် လင်းပိုင်အရေအတွက် အကောင် ၂၀ မှ ၂၃ ကောင်အထိ အမြဲနေထိုင်လျက်ရှိသည်။ ထို့ကြောင့် ၄၆ ဒသမ ၂၅ မိုင်ရှည်လျားသော ကျောက်မြောင်းနှင့် မင်းကွန်းအကြား နယ်မြေ အမှတ်(၆)ကို ဧရာဝတီ လင်းပိုင် ထိန်းသိမ်းရေး အဓိကဧရိယာ အဖြစ်သတ်မှတ်ကာ စောင့်ရှောက်မှုများကို ပြုလုပ်နေသည်။ တရားမဝင် ဖမ်းဆီးသတ်ဖြတ်မှုများ၊ ဘက်ထရီ ရှော့ခ်တိုက်မှုများ မရှိစေရန် ကြပ်မတ်ပေးလျက်ရှိသည်။ သို့တိုင်အောင်ပင် လွန်ခဲ့သော လအနည်းငယ်က သေဆုံးနေသော ဧရာဝတီလင်းပိုင်နှစ်ကောင်ကို တွေ့ခဲ့ရသည်။

ထူးခြားလှသည့် ဧရာဝတီ လင်းပိုင်တို့၏ ရေလုပ်သားများနှင့် ပူးပေါင်းငါးရှာကြပုံများကို ၂၀၀၇ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်များတွင် ဂျပန်နိုင်ငံမှ (NHK) သတင်းဌာနနှင့် ဂျာမနီနိုင်ငံရုပ်သံဌာနများက လာရောက်ရိုက်ကူးကာ ထုတ်လွှင့်ပြသခဲ့သဖြင့် ကမ္ဘာအနှံ့ထင်ရှားခဲ့သည်။

ဧရာဝတီမြစ်အတွင်း တစ်ချိန်က အကောင်ရေများစွာ ရှိနိုင်ခဲ့သည့် ဧရာဝတီလင်းပိုင်များသည် ၂၀၁၄ ခုနှစ် စစ်တမ်းများအရ ကောင်ရေ ၇၀ ဝန်းကျင်သာကျန်ရှိသည်။ ရေလုပ်သားများနှင့်အတူ ဆန်းကြယ်စွာ ငါးရှာငါးဖမ်းကြသည့် ဧရာဝတီလင်းပိုင်များ မျိုးသုဉ်းပျောက်ကွယ်သွားမှု မရှိစေရန် ဆောင်ရွက်နေချိန်တွင် ဒေသခံများ၏ ဧရာဝတီ လင်းပိုင်များအပေါ် တန်ဖိုးထား ချစ်မြတ်နိုးကြရန် အရေးကြီးလှကြောင်း စဉ်းစားရင်း လင်းပိုင်များနှင့် မိတ်ဆွေဖွဲ့ခဲ့သည့် ခရီးစဉ်ကို ကျွန်တော်အမှတ်ရနေဆဲဖြစ်ပါသည်။



**ကျောက်မြောင်းနှင့် မင်းကွန်းအကြားတွင် ဧရာဝတီလင်းပိုင်များ အများဆုံးနေထိုင်လျက်ရှိပြီး ထိုနယ်မြေတွင် လင်းပိုင်အရေအတွက် အကောင် ၂၀ မှ ၂၃ ကောင်အထိ အမြဲနေထိုင်လျက်ရှိ**



# ရှေ့နာမ် နောက်နာမ်

■ **မောင်ခင်မင် (ဓနုဖြူ)**

"ဘဘ နေကောင်းပါတယ်နော်"

"ဩော် ကောင်းပါတယ် သမီးရယ်။ သမီးကိုမတွေ့တာတောင်ကြာပြီ"

"ဟုတ်ကဲ့၊ သမီးလည်း မေးစရာရှိမှ ဘဘဆီရောက်သလိုဖြစ်နေပါတယ်"

"အခုရော၊ ဘာမေးစရာပါလာလို့လဲ"

"ဘဘကတော့ သမီးကို မြန်မာစာနဲ့ ဘွဲ့ရထားပြီးရှင်းမပြနိုင်ဘူးလားလို့ ဆူမလားမသိဘူး။ ဆယ်တန်းကျောင်းသူ၊ သမီး ညီမလေးကို မြန်မာသဒ္ဒါရှင်းပြရင်း မသဲကွဲတာကလေးတွေရှိနေလို့ပါဘဘ"

"ကဲ ပြောပါဦးကွယ်"

"သဒ္ဒါမှာ နာမ် နှစ်ခုတွဲပြီး တစ်ခုက တစ်ခုကို အထူးပြုရာမှာ ရှေ့နာမ်က နောက်နာမ်ကို အထူးပြုတာရယ်၊ နောက်နာမ်က ရှေ့နာမ်ကို အထူးပြုတာရယ် ဆိုပြီး နှစ်မျိုးရှိတယ် မဟုတ်လားဘဘ"

"ဟုတ်တယ်လေ။ ကလေးတွေသင်ရတဲ့ သဒ္ဒါစာအုပ်တွေမှာ အဲဒီလို ခွဲပြထားတာပဲ"

"ဟုတ်ကဲ့ပါ။ တစ်ခါတစ်ခါကြတော့ ဘယ်နာမ်က ဘယ်နာမ်ကို အထူးပြုတယ်ဆိုတာ မကွဲပြားဘဲ ဇဝေဇဝါဖြစ်နေလို့ပါ ဘဘ"

"သာဓကကလေးပြောပြပါလားကွဲ့"

"ဟုတ်ကဲ့၊ သာဓက တစ်ခုပြောရရင် 'ဝါးလက်ခုပ်' ပါဘဘ"

"အင်း၊ ဆိုပါဦး"

" 'ဝါးလက်ခုပ်' မှာ ဝါးက လက်ခုပ်ကို အထူးပြုတာလား၊ လက်ခုပ်က ဝါးကို အထူးပြုတာလား မသဲမကွဲဖြစ်နေလို့ပါ"

"ဟုတ်ပြီ ဟုတ်ပြီ။ သမီးရဲ့ပြဿနာကို ဘဘနားလည်ပြီ။ ဒီတော့ ဒီပြဿနာကို သမီး ရှင်းရှင်းလင်းလင်းသဘောပေါက်ဖို့ အထူးပြုပုံ သဘောကို ဘဘတို့ ကြည့်ရအောင်"

"ဟုတ်ကဲ့ပါ"

"ကဲ---ဘဘတစ်ခုမေးမယ်။ အဲဒီနာမ်နှစ်ခုမှာ တစ်ခုက အထူးပြုဆိုရင် နောက်တစ်ခုကို အထူးပြုခံလို့ ခေါ်နိုင်တာပေါ့"

"ဟုတ်ကဲ့ပါ"

"အဲဒီနာမ်နှစ်ခုမှာ ဘယ်နာမ်က အထူးပြုလဲ၊ ဘယ်နာမ်က အထူးပြုခံလဲဆိုတာ ခွဲခြားနိုင်ရင် သမီးပြဿနာပြေလည်မှာ မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

" ကဲ- ဒါဆိုဘယ်လို ခွဲမလဲ"

"အဲဒါ သမီးမကွဲပြားလို့ သိချင်နေတာပါဘဘ"

"ဒါဆိုရင် အဲဒီနာမ်နှစ်ခုဟာ 'ဘာလား' 'ဘာလား' ဆိုပြီး တစ်လှည့်စီ မေးကြည့်ရတဲ့ အဖြေက အထူးပြုခံပဲ။ ကျန်တဲ့တစ်ခုက အထူးပြုပဲ"

"ဘဘပြောတာ သမီးနားမလည်ပါဘူး ဘဘ"

"ကဲ. . . ကဲ၊ 'ဆီပုံး' ဆိုပါတော့။ ဒီတိုင်းမေးကြည့်လေ။ 'ဆီပုံးဆိုတာ ဆီလား ပုံးလား 'လို့။ အဲဒီလိုမေးရင် သမီးဘယ်လိုဖြေမလဲ"

"ဆီပုံးဆိုတာ ပုံးပါ ဘဘ"

"ဟုတ်တယ်လေ။ ဆီထည့်ထားတဲ့ပုံးမို့ ဆီပုံးခေါ်တာပေါ့"

"ဒီတော့ အဖြေက 'ပုံး'ဖြစ်တဲ့အတွက် 'ပုံး' က အထူးပြုခံပေါ့။ ကျန်တဲ့ 'ဆီ' က အထူးပြုပေါ့"

"ဟုတ်ကဲ့ပါ"

"ကဲ. . . 'စက်ဆီ'ဆိုတာရောဘာလဲ၊ 'စက်'လား 'ဆီ'လား"

" 'ဆီ' ပါဘဘ"

"ဒီလိုဆိုရင် 'ဆီ'က အထူးပြုခံ၊ 'စက်' က အထူးပြုပေါ့"

"ဟုတ်ကဲ့ပါ "

"နောက်တစ်ခါက အဲဒီစကားလုံးကို အဓိပ္ပာယ်ဖွင့်ကြည့်ရင် အထူးပြုနဲ့ အထူးပြုခံ ကွဲကွဲပြားပြား ပေါ်လာလိမ့်မယ်။ ကဲ 'ဆီပုံး'ကို ဘယ်လိုအဓိပ္ပာယ် ဖွင့်မလဲ"

" 'ဆီထည့်ထားသောပုံး' လို့ ဖွင့်ရမယ်ထင်ပါတယ်"

"ဟုတ်ပါတယ်။ 'ဆီထည့်ထားသောပုံး' ဆိုတာနဲ့ 'ဆီထည့်ထားသော' က အထူးပြု 'ပုံး'က အထူးပြုခံဆိုတာ ကွဲကွဲပြားပြားပေါ်လာတာပေါ့။ 'စက်ဆီ' ဆိုရင်လည်း 'စက်မှာ ထည့်သုံးရသောဆီ' လို့ ဖွင့်ရမှာပေါ့"

"နားလည်ပါပြီ ဘဘ"

" 'အထူးပြုနှင့် အထူးပြုခံ' က ဘယ်ဟာပဓာနကျသလဲ"

" 'အထူးပြုခံ' က ပဓာနကျမယ်ထင်ပါတယ်"

"ဟုတ်တယ်။ နာမ်နှစ်ခုမှာ ဘယ်ဟာ ပဓာနလဲလို့သိချင်ရင် အဲဒီနာမ်နှစ်ခုနေရာမှာ တစ်ခုကို ပြန်အစားထိုးကြည့်။ အဓိပ္ပာယ်ပျက်မသွားဘူး၊ သဒ္ဒါအနေအထားလည်း ပြောင်းမသွားဘူးဆိုရင် အဲဒါဟာ ပဓာနကျတဲ့နာမ်ပဲ။ အထူးပြုခံပေါ့။ ဆိုပါစို့ 'ဆီပုံးယူခဲ့ပါ' ဆိုတဲ့ စကားကို 'ပုံးယူခဲ့ပါ' လို့ အစားထိုးလို့ရတယ်။ အဓိပ္ပာယ်ကျယ်ပြန့်သွားရုံပဲ၊ သီးခြားပြောင်းမသွားဘူး မဟုတ်လား။ အဲ. . . 'ဆီယူခဲ့ပါ' လို့ အစားထိုးရင်တော့ ပုံးလို့ကျိန်းသေ မပြောနိုင်တော့ဘူးလေ။ ပုံးမဟုတ်ဘဲ ခွက်ထဲ၊ ပုလင်းထဲထည့်ယူတဲ့အဓိပ္ပာယ်တွေလည်း ဖြစ်နိုင်တာပဲ။ ဆိုလိုတာက 'ဆီပုံးယူခဲ့ပါ' ဆိုရင် 'ပုံး'ယူတဲ့ အဓိပ္ပာယ်မပြောင်းပေမယ့် 'ဆီယူခဲ့ပါ' ဆိုရင်တော့ အဓိပ္ပာယ်ပြောင်းသွားတယ်"

"ဒီလိုဆိုရင် ဘဘပြတဲ့သာဓကတွေမှာ 'ဆီပုံး'ရော၊ 'စက်ဆီ' ရော ရှေ့နာမ်က နောက်နာမ်ကို အထူးပြုတာပေါ့နော်"

"ဟုတ်တာပေါ့။ ကဲ နောက်သာဓကတစ်ခု ပြောရအောင်။ 'မုန့်လက်ကောက်' ဆိုပါတော့။ ဘဘပြောသလိုမေးကြည့်ရအောင်။ 'မုန့်လက်ကောက်ဆိုတာ မုန့်လား လက်ကောက်လား' "

"မုန့်ပါ ဘဘ။ လက်ကောက်မဟုတ်ပါဘူး"

"ဟုတ်ပြီ။ 'မုန့်လက်ကောက်'ကို အဓိပ္ပာယ်ဖွင့်ရင်တော့ 'လက်ကောက်နှင့်တူသောမုန့်'လို့ ဖွင့်ရပါမယ် ဘဘ"

"ဟုတ်ပြီ။ 'မုန့်လက်ကောက်စားမယ်'ဆိုတဲ့စကားမှာ မုန့်နဲ့လက်ကောက်ကို တစ်လှည့်စီ အစားထိုးကြည့်ဦး"

"ဟုတ်ကဲ့ပါ။ မုန့်ကိုအစားထိုးရင် 'မုန့်စားမယ်'ဖြစ်သွားတယ်။ မုန့်အမျိုးအစားမပါလို့ အဓိပ္ပာယ်ကျယ်သွားရုံပဲ ရှိပါတယ်ဘဘ။ အဓိပ္ပာယ်ပြောင်းမသွားပါဘူး။ 'လက်ကောက်စားမယ်' လို့ လက်ကောက်ကို အစားထိုးကြည့်ရင်တော့ အဓိပ္ပာယ်လုံးဝပျက်သွားပါပြီ။ လက်ကောက်ကို စားလို့မှ မရတာ"

"ဟုတ်ပါပြီ။ ဒီတော့. . . "

"ဒီတော့ 'မုန့်လက်ကောက်'မှာ 'မုန့်'က ပဓာနကျတဲ့အတွက် အထူးပြုခံ ဖြစ်ပါတယ်။ 'လက်ကောက်'က အထူးပြုပါ။ ဒါကြောင့် ရှေ့နာမ် 'မုန့်' ကို နောက်နာမ် လက်ကောက်က အထူးပြုတာပါ"

"နောက်တစ်ချက်စဉ်းစားရင် 'ဆီပုံး'ကို အထူးပြုတွေပြောင်းပြီး 'ရေပုံး၊ သံပုံး၊ ပလတ်စတစ်ပုံး'လို့ သုံးပေမယ့် အထူးပြုခံက 'ပုံး'ပဲ၊ ပြောင်းမသွားဘူး။ အဲဒီလိုပဲ'မုန့်လက်ကောက်'ကို 'မုန့်ကြာခွက်၊ မုန့်ကြာစေ့၊ မုန့်ကျွဲသည်း၊ မုန့်တီ'ဆိုပြီး တူတဲ့အရာဝတ္ထုတွေနဲ့ အမျိုးမျိုးအထူးပြုပေမယ့် အထူးပြုခံက 'မုန့်'ပဲ။ ပြောင်းမသွားဘူးလေ"

"နားလည်ပါပြီ ဘဘ"

"ဒါဆိုရင် သမီးပြောတဲ့ 'ဝါးလက်ခုပ်'ဆီ ပြန်သွားရအောင် ဝါးလက်ခုပ်ဆိုတာ 'ဝါး'လား၊ 'လက်ခုပ်' လား"

"လက်ခုပ်ပါဘဘ၊ ဝါးမဟုတ်ပါဘူး။ ပုံသဏ္ဌာန်က လက်ခုပ်ပုံပါ"

"ဝါးလက်ခုပ်ကို အဓိပ္ပာယ်ဘယ်လိုဖွင့်မလဲ"

"ဝါးဖြင့်ပြုလုပ်ထားသော လက်ခုပ်ပုံတူရိယာလို့ ဖွင့်ရင်ဖြစ်မယ်ထင်တယ်ဘဘ"

"ဟုတ်ပါတယ်။ ဒီလိုဆိုရင် ဘယ်နာမ်က ဘယ်နာမ်ကို အထူးပြုတာလဲ"

"ဝါးက လက်ခုပ်ကို အထူးပြုတာပါဘဘ"

"အစားထိုးကြည့်ပါဦး"

" 'ဝါးလက်ခုပ်တီးနေတယ်' ဆိုတာကို 'လက်ခုပ်တီးနေတယ်'လို့ အစားထိုးရင် သဒ္ဒါအနေအထားအတူတူပါပဲဘဘ။ တူရိယာကို တီးတဲ့အဓိပ္ပာယ်လည်း ပျက်မသွားပါဘူး။ 'ဝါးတီးနေတယ်'ဆိုရင်တော့ အဓိပ္ပာယ်ပျက်သွားပါလိမ့်မယ်"

"စဉ်းစားကြည့်လေ။ 'ဝါးလက်ခုပ်'ကိုပဲ'ရွှေလက်ခုပ်'၊ 'သစ်သားလက်ခုပ်'၊ 'ပလတ်စတစ်လက်ခုပ်'ဆိုတာမျိုး အထူးပြုတွေပြောင်းသုံးလည်း လက်ခုပ် အဓိပ္ပာယ်က ပျက်မသွားဘူးမဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"မြန်မာစကားမှာ ပုံမှန်ကတော့ ရှေ့နာမ်က နောက်နာမ်ကို အထူးပြုတဲ့ အသုံးတွေပဲ။ အသုံးလည်းကျယ်ပြန့်တယ်။ လွတ်လွတ်လပ်လပ်သုံးလို့ရတယ်။ သာဓက ပြရရင် 'ခွက်' ကို မူတည်ပြီး 'ရေခွက်၊ ဆီခွက်၊ ဟင်းခွက်၊ ရွှေခွက်၊ ငွေခွက်' စသည်ဖြင့် အမျိုးမျိုး အထူးပြုနိုင်တာပေါ့။ အဲဒါတွေအားလုံး ခွက်တွေချည်း မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"အဲ- နောက်နာမ်က ရှေ့နာမ်ကို အထူးပြုတဲ့ အသုံးတွေကတော့ ပထမအမျိုးအစားလောက် မများဘူးကွဲ့။ ပြီးတော့ အဓိပ္ပာယ်က တင်စားသုံးတဲ့ အဓိပ္ပာယ်ဖြစ်နေတယ်။ တကယ်မဟုတ်ဘူး"

"အဲဒါ ဘာပြောတာလဲ ဘဘ"

"ဩော်. . . 'မုန့်လက်ကောက်'ဆိုတာ လက်ကောက်နဲ့တူလို့ တင်စားခေါ်တာလေ၊ တကယ့်လက်ကောက်မှ မဟုတ်ဘဲ။ အဲဒီလိုပဲ 'တောင်ကလပ်' ဆိုတာလည်း တကယ့်ကလပ်မှမဟုတ်တာ။ 'ကြက်ဆင်'ဆိုတာလည်း တကယ့် ဆင်မှမဟုတ် တာ၊ 'ကြက်' ပဲဟာ"

"ဟုတ်ကဲ့ပါ"

"နှိုင်းယှဉ်ကြည့်ရင် ရှေ့နာမ်က နောက်နာမ်ကို အထူးပြုတာက တိုက်ရိုက် အဓိပ္ပာယ်ထွက်တဲ့ တကယ့်အရာဝတ္ထုပဲ။ နောက်နာမ်က ရှေ့နာမ်ကို အထူးပြုတာကတော့ တင်စားတဲ့အဓိပ္ပာယ်ထွက်တာမို့ တကယ်မဟုတ်ဘူး။ ဆိုလိုတာက ' စိန်လက်ကောက်'ဆိုတာ တကယ့်လက်ကောက်ပေမယ့် မုန့်လက်ကောက်က တကယ့် လက်ကောက်မဟုတ်ဘူး။ 'ရွှေကလပ်'ဆိုတာ တကယ့်ကလပ်ပေမယ့် ' တောင်ကလပ်' က တကယ့်ကလပ်မဟုတ်ဘူး။ အဲဒီလိုလည်း ယှဉ်ကြည့်နိုင်တာပေါ့"

"ဘဘက သမီးနားလည်အောင် နည်းအမျိုးမျိုးနဲ့ရှင်းပြတာ သမီး နားလည်သွားပါပြီ။ ဘဘကို သိပ်ကျေးဇူးတင်ပါတယ်"

# မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(ခ) ပုဒ်မခွဲ (က)ပါ စီရင်ပိုင်ခွင့်အာဏာရတရားရုံးသည် မှတ်ပုံတင်အရာရှိ၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်ဒေသရှိ မြို့နယ်တရားရုံးဖြစ်ရမည်။

၁၃။ (က) ပုဒ်မ ၆ အရ ထိမ်းမြားပေးရန် လျှောက်ထားသူတို့သည် ပုဒ်မ ၄ ပါ အချက်တစ်ရပ်ရပ်နှင့် ညီညွတ်ခြင်းမရှိဟူသော အကြောင်းပြချက်ဖြင့် စီရင်ပိုင်ခွင့်အာဏာရတရားရုံးသို့ ကန့်ကွက်သူက လျှောက်လွှာတင်သွင်းနိုင်သည်။

(ခ) တရားရုံးက ထိုလျှောက်လွှာရရှိကြောင်း သက်သေခံလက်မှတ်တစ်စောင်ကို ကန့်ကွက်သူအားပေးရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည်-

(၁) ပုဒ်မခွဲ(ခ)အရပေးသည့် သက်သေခံလက်မှတ်ကို သတ်မှတ်ထားသည့်အချိန်ကာလအတွင်း ကန့်ကွက်သူက တင်သွင်းလျှင် တရားရုံးမှထိမ်းမြားခွင့်ရှိသည့် အမိန့်ကိုမရရှိမီ ထိမ်းမြားရန်လျှောက်ထားသူတို့အား ထိမ်းမြားမပေးရ။

(၂) သတ်မှတ်ထားသည့် ကာလအတွင်း ကန့်ကွက်သူက သက်သေခံလက်မှတ်ကို မတင်သွင်းလျှင် ထိမ်းမြားရန်လျှောက်ထားသူတို့အား ထိမ်းမြားပေးရမည်။

(ဃ) တရားရုံးသည် လျှောက်လွှာနှင့်ကျမ်းကျိန်လွှာတို့တွင် ပါရှိသည့်အချက်များနှင့် နှစ်ဖက်အမှုသည်များ တင်ပြသည့် သက်သေခံချက်တို့ကို အကျဉ်းနည်းဖြင့် စစ်ဆေးကြားနာပြီးနောက် လျှောက်ထားသူတို့သည် ထိမ်းမြားနိုင်ခွင့်ရှိ မရှိ အမိန့်ချမှတ်ရမည်။

(င) ထိုအမိန့်ကို ကျေနပ်မှုမရှိပါက ဥပဒေနှင့်အညီအယူခံပိုင်ခွင့်ရှိသည်။

(စ) တရားရုံးသည် မိမိချမှတ်သောအမိန့်၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံ ချက်ချင်းပို့ရမည်။

(ဆ) (၁) ထိမ်းမြားနိုင်ခွင့်ရှိသည်ဟု တရားရုံးက အမိန့်ချမှတ်လျှင် မှတ်ပုံတင်အရာရှိသည် ထိမ်းမြားပေးရမည်။

(၂) ထိမ်းမြားနိုင်ခွင့်မရှိဟု တရားရုံးက အမိန့်ချမှတ်လျှင် မှတ်ပုံတင်အရာရှိသည် ထိမ်းမြားမပေးရ။

၁၄။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၃ အရ ထိမ်းမြားသောအခါ သက်သေနှစ်ဦးရှေ့တွင် လျှောက်ထားသူတို့ကို ထိမ်းမြားပေးရမည်။ ထိမ်းမြားမည့်သူများသည် မှတ်ပုံတင်အရာရှိနှင့် သက်သေများရှေ့တွင် "ကျွန်ုပ်တို့သည် တရားဝင်လင်မယားအဖြစ် ပေါင်းဖက်ပါမည်"ဟူ၍ မြွက်ဟကြေညာရမည်။

၁၅။ ပုဒ်မ ၁၄ အရ ထိမ်းမြားသည့်အခါ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်သော အကြောင်းအရာများကို ထိမ်းမြားမှု သက်သေခံမှတ်ပုံတင်စာအုပ်၌ ရေးသွင်းရမည်။ ထိုမှတ်ပုံတင်စာအုပ်တွင် ထိမ်းမြားသူများ၊ သက်သေများနှင့် မှတ်ပုံတင်အရာရှိတို့က လက်မှတ်ရေးထိုးရမည်။

၁၆။ မှတ်ပုံတင်အရာရှိသည် ထိမ်းမြားမှု သက်သေခံလက်မှတ် မူရင်းခွဲ ၄ စောင် ပြုလုပ်၍တစ်စောင်စီကို ထိမ်းမြားသူတို့အား ပေးအပ်ရမည်။ အကယ်၍ မိန်းမသည် အသက် ၂၀ နှစ် မပြည့်သေးလျှင် ၎င်း၏မိဘ သို့မဟုတ် အုပ်ထိန်းသူအား ပေးအပ်ရမည်။ တတိယတစ်စောင်ကို ခရိုင်အုပ်ချုပ်ရေးမှူးရုံးတွင် အမြဲထိန်းသိမ်းထားရန် ပေးပို့ရမည်။ စတုတ္ထတစ်စောင်နှင့် ထိမ်းမြားခြင်းဆိုင်ရာအမှတ်အသားများကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးရှိ ထိမ်းမြားမှုဆိုင်ရာ မှတ်ပုံတင်စာအုပ်နှင့်အတူ ပူးတွဲထိန်းသိမ်းထားရှိရမည်။

၁၇။ ထိမ်းမြားခြင်းဆိုင်ရာ စာတမ်းအမှတ်အသားများ၏ တာဝန်ခံမိတ္တူများကို ရလိုကြောင်းသတ်မှတ်ထားသည့် အခကြေးငွေကို သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ပေးသွင်းပြီးလျှောက်ထားပါက မှတ်ပုံတင်အရာရှိသည် လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၈။ ဤဥပဒေအရ ထိမ်းမြားခြင်းနှင့်ဆိုင်သည့် စာတမ်းအမှတ်အသားများ၏ တာဝန်ခံမိတ္တူများတွင်ပါရှိသည့် အကြောင်းအရာများသည် မှန်သည်ဟု သက်သေခံအဖြစ် လက်ခံရမည်။ နောက်ထပ်သက်သေထင်ရှားပြရန်မလို။

**အခန်း(၄)**

**ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောကျ်ား လိုက်နာရမည့်အချက်များ**

၁၉။ ဤဥပဒေအရ ထိမ်းမြားခဲ့သည့် သို့မဟုတ် ထိမ်းမြားခဲ့သည်ဟု မှတ်ယူခြင်းခံရသည့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားသည် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမ၏ ယုံကြည်ကိုးကွယ်မှုနှင့်စပ်လျဉ်း၍ -

(က) မြန်မာဗုဒ္ဓဘာသာဝင် မိန်းမအား ၎င်းသက်ဝင်ယုံကြည်သည့် ဘာသာကို လွတ်လပ်စွာကိုးကွယ်ခွင့်ပြုရမည်။

(ခ) မြန်မာဗုဒ္ဓဘာသာဝင် မိန်းမနှင့်ရရှိသည့်သားသမီးများအား ၎င်းတို့သဘောဆန္ဒအတိုင်း သက်ဝင်ယုံကြည်ရာဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုရမည်။

(ဂ) လင်နှင့်မယားတို့ နေထိုင်သည့်အိမ်တွင် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမက ဗုဒ္ဓရုပ်ပွားတော်များ၊ ဗုဒ္ဓပုံတော်များ၊ စေတီပုထိုးပုံတော်များ၊ ဗုဒ္ဓဘာသာ ရဟန်းသံဃာပုံတော်များ၊ ဗုဒ္ဓဘာသာနှင့်သက်ဆိုင်သော အသုံးအဆောင်ပစ္စည်းများကို ထားရှိခွင့်၊ ကိုးကွယ်ခွင့်ပြုရမည်။

(ဃ) မြန်မာဗုဒ္ဓဘာသာဝင်မိန်းမက အလှူဒါနပြုလုပ်ခြင်း၊ ဘုရားရှိခိုးခြင်း၊ တရားဓမ္မနှင့် ပရိတ်ရွတ်ခြင်း၊ ပုတီးစိပ်ခြင်း၊ တရားနာခြင်း၊ တရားထိုင်ခြင်း၊ ဘုရားကျောင်းကန်များသို့ သွားရောက်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ ဗုဒ္ဓစာပေများ၊ ကျမ်းဂန်များထားရှိ လေ့လာဖတ်ရှုခြင်း၊ ကြည့်ရှုခြင်း၊ နာကြားခြင်း၊ ဗုဒ္ဓဘာသာဆိုင်ရာ ဆောင်ရွက်မှုတို့ကို ခွင့်ပြုရမည်။

(င) မြန်မာဗုဒ္ဓဘာသာဝင်မိန်းမ၏ ဗုဒ္ဓဘာသာကိုးကွယ်ယုံကြည်မှုကို တစ်နည်းနည်းဖြင့် စွန့်လွှတ်စေပြီး မိမိကိုးကွယ်ရာဘာသာသို့ဖြစ်စေ၊ အခြားဘာသာတစ်မျိုးမျိုးသို့ဖြစ်စေ ကူးပြောင်းကိုးကွယ်စေမှုမပြုရ။

(စ) ဗုဒ္ဓဘာသာကိုစော်ကားရန်အကြံဖြင့် မိန်းမကိုးကွယ်ဝတ်ပြုသောနေရာကိုသော်လည်းကောင်း၊ အထွတ်အမြတ်ထားသော အရာဝတ္ထုကိုသော်လည်းကောင်း ဖျက်ဆီးရန် သို့မဟုတ် ပျက်စီးနစ်နာစေရန် သို့မဟုတ် ယုတ်ညံ့စေရန် မပြုရ။

(ဆ) မြန်မာဗုဒ္ဓဘာသာဝင်မိန်းမ၏ဘာသာရေး သက်ဝင်ယုံကြည်မှုကို စကားဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ အမူအရာဖြင့်ဖြစ်စေ စော်ကားခြင်းမပြုရ။

(ဇ) မြန်မာဗုဒ္ဓဘာသာဝင် မိန်းမကွယ်လွန်သည့်အခါ ၎င်းအား ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းစဉ်လာအရ ဆောင်ရွက်သင်္ဂြိုဟ်ခြင်းကို ခွင့်ပြုရမည်။

၂၀။ အခြားတည်ဆဲဥပဒေ သို့မဟုတ် ဓလေ့ထုံးတမ်းက မည်သို့ပင်ဆိုစေကာမူ ဤဥပဒေအရထိမ်းမြားခဲ့သည့် ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောကျ်ားသည် ပုဒ်မ ၁၉ တွင် ပြဋ္ဌာန်းထားသည့် အချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက မြန်မာဗုဒ္ဓဘာသာဝင်မိန်းမက ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားကို ကွာရှင်းနိုင်သည်။ ထိုအကြောင်းကြောင့် ထိုမိန်းမက ထိုယောကျ်ားကို ကွာရှင်းလျှင်-

(က) ထိုယောကျ်ားသည် လင်မယားနှစ်ဦးပိုင်ပစ္စည်းများမှ မိမိ၏ အစုကိုစွန့်လွှတ်ရမည့်အပြင် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမအား ဆုံးရှုံးနစ်နာမှုအတွက် လျော်ကြေးပေးရမည်။

(ခ) မြန်မာဗုဒ္ဓဘာသာဝင်မိန်းမသည် သားသမီးအားလုံးကို အုပ်ထိန်းခွင့်ရှိရမည်။

(ဂ) ထိုယောကျ်ားသည် အရွယ်မရောက်သေးသည့် သားသမီးများအတွက် ကလေးစရိတ်ပေးရမည်။

**အခန်း(၅)**

**ဤဥပဒေအရ ထိမ်းမြားခဲ့သည်ဟု မှတ်ယူရခြင်း**

၂၁။ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားက မြန်မာဗုဒ္ဓဘာသာဝင်မိန်းမကို ထိမ်းမြားရန် ကတိပြုလျှင် ထိုယောကျ်ားသည် ထိုမိန်းမကို ဤဥပဒေအရ ထိမ်းမြားရန် ကတိပြုသည်ဟု မှတ်ယူရမည်။

၂၂။ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတစ်ဦးနှင့် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမတစ်ဦးတို့ ပေါင်းဖက်နေထိုင်ပြုမူကြပုံသည် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ လင်မယားအရာမြောက်မည့် ပေါင်းဖက်နေထိုင်ပြုမူကြပုံမျိုးဖြစ်လျှင်-

(က) ထိုသူတို့သည် ထိုသို့ပေါင်းဖက်စကပင် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူရမည့်ပြင် ဤဥပဒေအရ ထိမ်းမြားခဲ့သည်ဟုလည်း မှတ်ယူရမည်။

(ခ) ထိုလင်မယားသည် စတင်ပေါင်းဖက်သည့်နေ့မှစ၍ မည်သည့်ကာလတွင်မဆိုဤဥပဒေအရတစ်ဦးဦးက ထိမ်းမြားမှုသက်သေခံလက်မှတ်ထုတ်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။ယင်းသို့ လျှောက်ထားလာပါက မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၁၄ အရ ထိုသူတို့ကို မိမိက ထိမ်းမြားပေးဘိသကဲ့သို့ ပုဒ်မ ၁၅ နှင့် ပုဒ်မ ၁၆ တွင် သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်ရမည်။

**အခန်း (၆)**

**မှတ်ပုံတင်အရာရှိက ထိမ်းမြားပေးခြင်း**

၂၃။ (က) မြန်မာဗုဒ္ဓဘာသာဝင် မိန်းမတစ်ဦးနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတစ်ဦးတို့သည် ဤဥပဒေအရ မှတ်ပုံမတင်ဘဲ ပေါင်းဖက်လျက်ရှိလျှင် မိန်းမနေထိုင်ရာဒေသရှိ မှတ်ပုံတင်အရာရှိထံ မိန်းမ သို့မဟုတ် ၎င်း၏မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုးတစ်ဦးဦးက ထိုအကြောင်းကို သတင်းပေးနိုင်သည်။ မှတ်ပုံတင်အရာရှိသည် သတင်းပေးချက်ကို ရေးမှတ်ထားပြီး သတင်းပေးသူကို လက်မှတ်ရေးထိုးစေရမည်။

(ခ) မှတ်ပုံတင်အရာရှိသည်-

(၁) ပုဒ်မခွဲ (က) အရ သတင်းပေးချက်ကို ရရှိသည့်အခါ သတင်းပေးချက်ကို ရေးမှတ်ပြီး သတင်းပေးသူအား လက်မှတ်ရေးထိုးစေခြင်း၊ မှတ်ပုံမတင်ဘဲ ပေါင်းဖက်လျက်ရှိသော မြန်မာဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတို့ကို သတ်မှတ်သည့် နေ့ရက်တွင် လာရောက်ရန် ဆင့်ခေါ်ရမည်။

(၂) ပုဒ်မခွဲငယ် (၁)အရ ဆင့်ခေါ်ခြင်းခံရသူနှစ်ဦးလုံးက ထိမ်းမြားခြင်းကို မှတ်ပုံတင်ရန်ဆန္ဒရှိပါက ပုဒ်မ ၁၄ ပါနည်းလမ်းအတိုင်း ထိမ်းမြားပေးပြီး ပုဒ်မ ၁၅ နှင့် ၁၆ တို့နှင့်အညီ ဆောင်ရွက်ရမည်။

(၃) ပုဒ်မခွဲငယ် (၁) အရ ဆင့်ခေါ်ခြင်းခံရသူတစ်ဦးကဖြစ်စေ၊ နှစ်ဦးလုံးကဖြစ်စေ ထိမ်းမြားခြင်းကို မှတ်ပုံတင်ရန် ဆန္ဒမရှိလျှင် သို့မဟုတ် လာရောက်ခြင်းမရှိလျှင် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ)အရ စီရင်ပိုင်ခွင့်အာဏာရ တရားရုံးသို့ သတင်းပေးချက်နှင့်အတူ အစီရင်ခံစာပေးပို့ရမည်။

(ဂ) အခြားတည်ဆဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ တရားရုံးသည် အစီရင်ခံစာကိုရရှိသောအခါ နည်းလမ်းတကျစွဲဆိုသည့် တရားမအထွေထွေမှု ဖြစ်ဘိသကဲ့သို့ နှစ်ဖက်အမှုသည်များကို လည်းကောင်း၊ ၎င်းတို့တင်ပြသည့် သက်သေခံချက်ကိုလည်းကောင်း စစ်ဆေးကြားနာပြီးနောက် ထိုသူတို့သည် ပုဒ်မ ၂၂၊ ပုဒ်မခွဲ(က)အရ ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း အမိန့်ချမှတ်ရမည်။ စရိတ်နှင့်စပ်လျဉ်း၍ တရားရုံးကသင့်သည် ထင်မြင်သည့် အမိန့်ကို ချမှတ်နိုင်သည်။

(ဃ) ပုဒ်မခွဲ (က) အရ ပေါင်းဖက်လျက်ရှိသူ-

(၁) တစ်ဦးဦးက ထိမ်းမြားခြင်းကို မှတ်ပုံမတင်လိုသည့် အမှုတွင် မှတ်ပုံတင်လိုသူအား တရားလိုဟူ၍လည်းကောင်း၊ မှတ်ပုံမတင်လိုသူအား တရားပြိုင်ဟူ၍ လည်းကောင်း မှတ်ယူရမည်။

(၂) နှစ်ဦးလုံးက ထိမ်းမြားခြင်းကို မှတ်ပုံမတင်လိုသည့် အမှုတွင် သတင်းပေးသူအားတရားလိုဟူ၍ လည်းကောင်း၊ မှတ်ပုံမတင်လိုသူနှစ်ဦးအား တရားပြိုင်များဟူ၍လည်းကောင်း မှတ်ယူရမည်။

(င) တရားရုံးသည် အမိန့်မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ ချက်ချင်းပေးပို့ရမည်။

(စ) တရားရုံးက ထိုယောကျ်ားနှင့် မိန်းမတို့သည် ပုဒ်မ ၂၂၊ ပုဒ်မခွဲ (က)အရ ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း အမိန့်ချမှတ်လျှင် မှတ်ပုံတင်အရာရှိသည် တရားရုံးအမိန့်အတိုင်း ထိမ်းမြားမှုသက်သေခံ မှတ်ပုံတင်စာအုပ်တွင် သက်ဆိုင်သည့် အကြောင်းအရာများကိုရေးသွင်း၍ လက်မှတ်ထိုးပြီးနောက် ပုဒ်မ ၁၆ တွင် သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်ရမည်။

(ဆ) မြို့နယ်တရားရုံးက ချမှတ်သောအမိန့်ကို ဥပဒေနှင့်အညီ အယူခံပိုင်ခွင့်ရှိသည်။

**အခန်း(၇)**

**ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် အိမ်ထောင်ရေးကိစ္စများကို မြန်မာဓလေ့ထုံးတမ်းဥပဒေအရဆုံးဖြတ်ခြင်း**

၂၄။ ဤဥပဒေအရ ထိမ်းမြားသူ သို့မဟုတ် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူခြင်းခံရသူတို့နှင့် ၎င်းတို့၏တရားဝင်လင်၊ တရားဝင်မယားနှင့် တရားဝင်သားသမီးအားလုံး၏ ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့် အခွင့်အရေးများနှင့် စပ်လျဉ်းသည့်ကိစ္စအားလုံးကို မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ဆုံးဖြတ်ရမည်။

၂၅။ လင်မယားကွာရှင်းမှု၊ ပစ္စည်းခွဲဝေမှုနှင့် သားသမီးထိန်းသိမ်းမှုတို့နှင့် သက်ဆိုင်သည့် မြန်မာဓလေ့ထုံးတမ်းဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဤဥပဒေအရ ထိမ်းမြားကြသူ သို့မဟုတ် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူခြင်းခံရသူတို့အပေါ် အာဏာသက်ရောက်ရမည်။

၂၆။ ဟိန္ဒူဘာသာ၊ ဆစ်(ခ်)ဘာသာ၊ ဂျိန္နဘာသာတစ်ရပ်ရပ်ကို ကိုးကွယ်သော ပစ္စည်းမခွဲဝေရသေးသည့် မိသားစုဝင်ယောကျ်ားသည် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဤဥပဒေအရ ထိမ်းမြားလျှင် သို့မဟုတ် ထိမ်းမြားခဲ့သည်ဟု မှတ်ယူခြင်းခံရလျှင် ထိုသူသည် ထိုမိသားစုမှ ခွဲခွာခဲ့ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။ ထို့ပြင် ပစ္စည်းခွဲဝေခြင်းမပြုမီ ထိုသူသေဆုံးလျှင် ၎င်းပိုင်သည့်ဆိုင်ရာဆိုင်ခွင့်သည် ထိုသူ၏ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမနှင့် သားသမီးများသို့ သက်ရောက်ရမည်။

၂၇ ။ဘာသာရေး ဓလေ့ထုံးတမ်းတစ်ခုခုကဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်ကဖြစ်စေ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတစ်ဦးအား မြန်မာဗုဒ္ဓ ဘာသာဝင် မိန်းမတစ်ဦးနှင့်လင်မယားအဖြစ် ပေါင်းဖက်နေခြင်းကို ခွင့်မပြုသည့်အကြောင်းကြောင့် ယောကျ်ားက မိန်းမကိုကွာရှင်းလျှင် သို့မဟုတ် စွန့်ခွာလျှင် သို့မဟုတ် ကိုယ်ထိလက်ရောက် ညှဉ်းပန်းနှိပ်စက်ရာ ရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ ရက်စက်သည့် အပြုအမူအားဖြင့် စိတ်ဆင်းရဲအောင်ပြုလျှင် သို့မဟုတ် အကြမ်းဖက်မှုပြုလျှင် အဆိုပါဘာသာရေး ဓလေ့ထုံးတမ်း သို့မဟုတ် ဥပဒေက မည်သို့ပင်ဆိုစေကာမူ-

(က) ယောကျ်ားသည် နှစ်ဦးပိုင်ပစ္စည်းများမှ မိမိရထိုက်သော အစုကို စွန့်လွှတ်ရမည့်အပြင် ဗုဒ္ဓဘာသာဝင်မိန်းမအား ဆုံးရှုံးနစ်နာမှုအတွက် လျော်ကြေးပေးရမည်။

(ခ) မြန်မာဗုဒ္ဓဘာသာဝင်မိန်းမသည် သားသမီးအားလုံး အုပ်ထိန်းခွင့်ကို ရရှိရမည်။

(ဂ) ယောကျ်ားသည် အရွယ်မရောက်သေးသည့် သားသမီးများအတွက် ကလေးစရိတ်ပေးရမည်။

၂၈။ ဗုဒ္ဓဘာသာဝင်မဟုတ်သော နိုင်ငံသားမိန်းမတစ်ဦးသည် ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောကျ်ားနှင့် လင်မယားအဖြစ် ပေါင်းဖက်နေစဉ် ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်လျှင် ၎င်းတို့သည် ဤဥပဒေအရ ထိမ်းမြားဘိသကဲ့သို့ ပုဒ်မ ၂၅ နှင့် ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များသည် ၎င်းတို့နှင့်သက်ဆိုင်ရမည်။

*စာမျက်နှာ ၂၅ သို့*

*စာမျက်နှာ ၂၄ မှ*

၂၉။ မိန်းမက ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်သည့်အခါ ယောကျ်ား၏ ဘာသာရေးဓလေ့ထုံးတမ်းတစ်ခုခုကဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်ကဖြစ်စေ ယောကျ်ားအား ထိုဗုဒ္ဓဘာသာဝင်မိန်းမနှင့် လင်မယားအဖြစ် ပေါင်းဖက်နေခြင်းကို ခွင့်မပြုသည့်အကြောင်းကြောင့် ယောကျ်ား သို့မဟုတ် မိန်းမကကွာရှင်းလိုလျှင် ဗုဒ္ဓဘာသာသို့ ထိုမိန်းမကူးပြောင်းကိုးကွယ်သည့် ကာလအပိုင်းအခြားအတွင်း ကွာရှင်းနိုင်သည်။ ထိုအကြောင်းကြောင့်-

(က) ယောကျ်ားက မိန်းမကို ကွာရှင်းလျှင်-

(၁) ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်ခြင်းမပြုမီက မိန်းမ နေထိုင်ရသည့်အတန်းအစား အခြေအနေအောက် မလျော့သော အခြေအနေတွင် ဆက်လက်နေထိုင်နိုင်သည့် လုံလောက်သောလစဉ်စရိတ်ကို မိန်းမက နောက်ထပ် ထိမ်းမြားခြင်းမပြုသမျှ ကာလပတ်လုံး ယောကျ်ားက မိန်းမအားပေးရမည်။

(၂) မိန်းမသည် ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်ခြင်း မပြုမီက မိန်းမတစ်ဦးတည်းပိုင်ဖြစ်သော ပစ္စည်းအားလုံးကို မိန်းမကရခွင့်ရှိရမည်။ သို့ရာတွင် ထိုသို့ ကူးပြောင်းကိုးကွယ်ခြင်းမပြုမီက ယောကျ်ားတစ်ဦးတည်းပိုင်ဖြစ်သော မည်သည့်ပစ္စည်းကိုမျှ မိန်းမက ရခွင့်မရှိစေရ။

(၃) မိန်းမသည် အရွယ်မရောက်သေးသည့် သားသမီးအားလုံးအုပ်ထိန်းခွင့်ကို ရရှိရမည်။

(၄) ယောကျ်ားသည် အရွယ်မရောက်သေးသည့် သားသမီးများအတွက် ကလေးစရိတ်ပေးရမည်။

(ခ) မိန်းမက ယောကျ်ားကို ကွာရှင်းလျှင်-

(၁) မိန်းမက ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်ခြင်း မပြုမီ မိန်းမတစ်ဦးတည်းပိုင်ဖြစ်သော ပစ္စည်းမှတစ်ပါး ယောကျ်ားတစ်ဦးတည်းပိုင်သော မည်သည့်ပစ္စည်းကိုမျှ မိန်းမက ရခွင့်မရှိစေရ။

(၂) မိန်းမသည် အရွယ်မရောက်သေးသည့် သားသမီးအားလုံး အုပ်ထိန်းခွင့်ကို ရရှိရမည်။

(၃) ယောကျ်ားသည် အရွယ်မရောက်သေးသည့် သားသမီးများအတွက် ကလေးစရိတ်ပေးရမည်။

၃၀။ ပုဒ်မ ၂၅ မှ ပုဒ်မ ၂၉ အထိ ပြဋ္ဌာန်းချက်များသည် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမနှင့် ၎င်း၏ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတို့ဖြစ်ပွားသော လင်မယားကွာရှင်းမှုကိစ္စ သို့မဟုတ် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားက မြန်မာဗုဒ္ဓဘာသာဝင်မိန်းမကို စွန့်ခွာသည့်ကိစ္စ သို့မဟုတ် ကိုယ်ထိလက်ရောက် ညှဉ်းပန်းနှိပ်စက်ရာရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ ရက်စက်သည့် အပြုအမူအားဖြင့် စိတ်ဆင်းရဲအောင်ပြုသည့်ကိစ္စ သို့မဟုတ် အကြမ်းဖက်မှုပြုသည့်ကိစ္စ အားလုံးတို့နှင့် သက်ဆိုင်ရမည်။

၃၁။ ဤဥပဒေအရ ထိမ်းမြားလျှင် သို့မဟုတ် ထိမ်းမြားသည်ဟု မှတ်ယူခြင်းခံရလျှင် ထိုသူနှစ်ဦးမှ မွေးဖွားသော သားသမီးများသည် တရားဝင် သားသမီးများဖြစ်သည်ဟု မှတ်ယူရမည်။

## အခန်း (၈)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၂။ မည်သူမဆို ပုဒ်မ ၁၁ သို့မဟုတ် ပုဒ်မ ၁၃ အရကန့်ကွက်ခြင်းကို သဘောရိုးဖြင့် ပြုလုပ်ခြင်းမဟုတ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၃၃။ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားသည် ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (ဃ)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်လည်း ချမှတ်ရမည်။

၃၄။ ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောကျ်ားသည် ပုဒ်မ ၁၉၊ ပုဒ်မခွဲ (င) ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့် အပြင် ကျပ်သိန်းနှစ်ဆယ်ထက်မပိုသော ငွေဒဏ်လည်းချမှတ်ရမည်။

၃၅။ ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောကျ်ားသည် ပုဒ်မ ၁၉၊ ပုဒ်မခွဲ(စ)၊ ပုဒ်မခွဲ(ဆ)နှင့် ပုဒ်မခွဲ(ဇ)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုနှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်တစ်ဆယ့်ငါးသိန်းထက်မပိုသော ငွေဒဏ်လည်း ချမှတ်ရမည်။

၃၆။ မည်သူမဆို ပုဒ်မ ၆ ပါ လျှောက်လွှာပုံစံတွင် မဟုတ်မမှန်သည်လည်းဖြစ်၍ မဟုတ်မမှန်ဟု မိမိသိသည်လည်းဖြစ်သော သို့မဟုတ် ယုံကြည်သည်လည်းဖြစ်သော ဖော်ပြချက်ကိုသော် လည်းကောင်း၊ ထိမ်းမြားမှုသက်သေခံလက်မှတ်ကို သော်လည်းကောင်း ပြုလုပ်ခြင်း သို့မဟုတ် လက်မှတ်ရေးထိုးခြင်း သို့မဟုတ် မှန်ကန်ကြောင်း သက်သေခံခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။

၃၇။ မည်သည့် မှတ်ပုံတင်အရာရှိမဆို ပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၁) နှင့် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မခွဲငယ် (၂)ပါ ပြဋ္ဌာန်းချက် တစ်ခုခုနှင့်ဆန့်ကျင်၍ ထိမ်းမြားပေးကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုအရာရှိကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

## အခန်း(၉)
## အထွေထွေ

၃၈။ ဤဥပဒေပါ ပုဒ်မ ၃၃ မှ ၃၇ အထိ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၉။ ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေအရ ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်သည်။

၄၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၁။ ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

---

ဇယား

### ပုံစံ- က (ယောကျ်ားအတွက်)

(ပုဒ်မ ၆ ကို ကြည့်။)

ထိမ်းမြားလိုကြောင်း လျှောက်ထားလွှာပုံစံ

**ခရိုင်။**
**မြို့နယ်။**

ထိမ်းမြားမှုမှတ်ပုံတင်အရာရှိထံ

ကျွန်ုပ်သည် ဤလျှောက်ထားလွှာတွင် အမည်မှစ၍ အကြောင်းအရာများ ဖော်ပြပါရှိသော တစ်ဘက်သူနှင့် မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများအထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေအရ ထိမ်းမြားရန် ကြံရွယ်ကြောင်း လျှောက်ထားအပ်ပါသည်။

**လျှောက်ထားလွှာပေးပို့သူ၏ ဖော်ပြချက်များ**

**အပိုင်း (၁)**

(က) အမည်၊
(ခ) အလုပ်အကိုင်၊
(ဂ) မည်သည့်နိုင်ငံသား၊
(ဃ) ကိုးကွယ်သည့်ဘာသာ၊
(င) အသက်၊
(စ) လျှောက်ထားလွှာပေးပို့သည့် နေ့ရက်မတိုင်မီနေထိုင်လျက်ရှိသည့် အရပ်၊
(ဆ) မိဘများ၏အမည် -
(၁)
(၂)
(ဇ) မိဘများ၏ အလုပ်အကိုင်၊
(ဈ) မိဘများ၏နေရပ်၊
(ည) (မိဘများ အသက်ရှင်လျက် မရှိလျှင်) အုပ်ထိန်းသူ၏အမည်၊
(ဋ) အုပ်ထိန်းသူ၏ အလုပ်အကိုင်နှင့်နေရပ်၊
(ဌ) မိမိမှာ ယခင်က ထိမ်းမြားဖူးသူ ဟုတ် မဟုတ်၊ ထိမ်းမြားဖူးသူဖြစ်လျှင် ထိုထိမ်းမြားမှုမှာ ယခုနေ့ရက်တွင် အတည်ဖြစ်လျက်ရှိ မရှိ၊
(ဍ) ယခင်မယား အသက်ရှင်လျက်ရှိသေးလျှင် ထိုမယား၏ အမည်နှင့်နေရပ်။

**အပိုင်း (၂)**

(က) (တစ်ဘက်သူ၏) အမည်၊
(ခ) အလုပ်အကိုင်၊
(ဂ) မည်သည့်နိုင်ငံသား၊
(ဃ) ကိုးကွယ်သည့်ဘာသာ၊
(င) အသက်၊
(စ) လျှောက်ထားလွှာပေးပို့သည့် နေ့ရက်မတိုင်မီ နေထိုင်လျက်ရှိသည့်အရပ်၊
(ဆ) မိဘများ၏အမည် -
(၁)
(၂)
(ဇ) မိဘများ၏ အလုပ်အကိုင်၊
(ဈ) မိဘများ၏နေရပ်၊
(ည) (မိဘများ အသက်ရှင်လျက် မရှိလျှင်) အုပ်ထိန်းသူ၏အမည်၊
(ဋ) အုပ်ထိန်းသူ၏ အလုပ်အကိုင်နှင့်နေရပ်၊
(ဌ) အသက် ၂၀ နှစ် မပြည့်သေးလျှင် မိဘများ၏ သို့မဟုတ် အုပ်ထိန်းသူ၏ သဘောတူချက်ရရှိပြီး ဟုတ် မဟုတ်၊
(ဍ) သဘောတူချက်ပေးသည့် မိဘများ၏ သို့မဟုတ် အုပ်ထိန်းသူ အမည်၊ အလုပ်အကိုင်နှင့် နေရပ်၊
(ဎ) ထိုသူမှာ ယခင်က ထိမ်းမြားဖူးသူ ဟုတ် မဟုတ်၊ ထိမ်းမြားဖူးသူဖြစ်လျှင် ထိုထိမ်းမြားမှုမှာ ယခုနေ့ရက်တွင် အတည်ဖြစ်လျက်ရှိ မရှိ။

**(လက်မှတ်)**
**လျှောက်ထားသူ**

### မှတ်ပုံတင်အရာရှိရှေ့တွင် ထွက်ဆိုချက်

အထက်ပါ လျှောက်ထားလွှာအပိုင်း(၁)တွင် ဖော်ပြပါရှိသောအကြောင်းအရာမှာ ကျွန်ုပ်ကိုယ်တိုင်သိရှိရသမျှ ဟုတ်မှန်ကြောင်းဖြင့်လည်းကောင်း၊ အပိုင်း (၂)တွင် ဖော်ပြပါရှိသော အကြောင်းအရာမှာ ကျွန်ုပ်ကြားသိ ယုံကြည် ရသမျှ ဟုတ်မှန်ကြောင်းဖြင့်လည်းကောင်း ကျွန်ုပ်က ထွက်ဆိုပါသည်။ အထက်ပါလျှောက်ထားလွှာတွင် ပါရှိသည့်ဖော်ပြချက်တစ်ခုခုမှာ ကျွန်ုပ်သိရှိသမျှ မဟုတ်မမှန်လျှင်၊ ထို့ပြင် ယင်းသို့သော ဖော်ပြချက်ကို ပြုလုပ်ရာတွင် ကျွန်ုပ်က ထိုဖော်ပြချက်သည် မဟုတ်မမှန်ကြောင်း သိရှိလျှင်သော်လည်းကောင်း သို့မဟုတ် ယုံကြည်လျှင်သော်လည်းကောင်း၊ ထိုဖော်ပြချက်သည် ဟုတ်မှန်သည်ဟု မယုံကြည်လျှင်သော် လည်းကောင်း ကျွန်ုပ်မှာ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေအရ တရားစွဲဆိုခံထိုက်သည်ဖြစ်ကြောင်း ကျွန်ုပ်သိရှိပါသည်။

**(လက်မှတ်)**
**လျှောက်ထားသူ**

**အောက်ပါသက်သေတို့ရှေ့တွင်**

(၁) (လက်မှတ်)
(အမည်၊ အလုပ်အကိုင်နှင့် နေရပ်)
(၂) (လက်မှတ်)
(အမည်၊ အလုပ်အကိုင်နှင့် နေရပ်)

အထက်ပါ ဖော်ပြချက်များကို ထွက်ဆိုသူအား ဖတ်ကြားရှင်းလင်းပြရာ ထိုဖော်ပြချက်များပါ အကြောင်းအရာများ မှန်ကန်ကြောင်း ထိုသူကဝန်ခံသည့်ပြင် ယင်းသို့ မှန်ကန်ကြောင်းဖြင့် ဤထွက်ဆိုချက်ကို ကျွန်ုပ်ရှေ့၌လည်းကောင်း၊ အထက်တွင် လက်မှတ်ရေးထိုးသည့် သက်သေ ၂ ဦးရှေ့၌လည်းကောင်း လက်မှတ်ရေးထိုးသည်။

**(လက်မှတ်)**
**ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ**

အထက်ပါ လျှောက်ထားလွှာမိတ္တူကို ရက်နေ့တွင် ကျွန်ုပ်၏ရုံးရှိ အများ မြင်သောနေရာ၌ ကပ်လျက်ကြော်ငြာပြီးဖြစ်သည့်ပြင် ထို လျှောက်ထားလွှာမိတ္တူများကို အောက်ပါနေ့ရက်များတွင်ထံ ပြီးလည်းဖြစ်ကြောင်း။ ချအပ် / ပို့

**(လက်မှတ်)**
**ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ**

### ပုံစံ - ခ (မိန်းမအတွက်)

( ပုဒ်မ ၆ ကို ကြည့်။)

ထိမ်းမြားလိုကြောင်း လျှောက်ထားလွှာပုံစံ

**ခရိုင်။**
**မြို့နယ်။**

**ထိမ်းမြားမှုမှတ်ပုံတင်အရာရှိထံ**

ကျွန်မသည် ဤလျှောက်ထားလွှာတွင် အမည်မှစ၍ အကြောင်းအရာများ ဖော်ပြပါရှိသော တစ်ဘက်သူနှင့် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေအရ ထိမ်းမြားရန် ကြံရွယ်ကြောင်း လျှောက်ထားအပ်ပါသည်။

လျှောက်ထားလွှာပေးပို့သူ၏ ဖော်ပြချက်များ

**အပိုင်း (၁)**

(က) အမည်၊
(ခ) အလုပ်အကိုင်၊
(ဂ) မည်သည့်နိုင်ငံသား၊
(ဃ) ကိုးကွယ်သည့်ဘာသာ၊
(င) အသက်၊
(စ) လျှောက်ထားလွှာပေးပို့သည့် နေ့ရက်မတိုင်မီ နေထိုင်လျက်ရှိသည့်အရပ်၊
(ဆ) မိဘများ၏အမည် -
(၁)
(၂)
(ဇ) မိဘများ၏ အလုပ်အကိုင်၊
(ဈ) မိဘများ၏နေရပ်၊
(ည) (မိဘများ အသက်ရှင်လျက် မရှိလျှင်) အုပ်ထိန်းသူ၏အမည်၊
(ဋ) အုပ်ထိန်းသူ၏ အလုပ်အကိုင်နှင့်နေရပ်၊
